http://www.dhammadownload.com

Dhamma Download မိသားစု

စင်ကာပူနိုင်ငံ

အဘိဓမ္မာသင်တန်းသား / သူများအား

ဓမ္မာစရိယတက္ကသိုလ်များ နာယကချုပ်ဆရာတော်

# ဘဒ္ဒန္တသုစိတ္တာဘိဝံသ

ပို့ချသင်ကြားအပ်သော

# လူတိုင်းအတွက်

# လက်တွေ့အသုံးချ ပဋ္ဌာန်း

## ( ၁ )
## "စာလုံးဆင့်ဖတ်နည်းလင်္ကာ"

၁။ နှစ်လုံးဆင့်မှာ၊ အထက်သာ၊ သတ်ပါ မြဲကေန်။
၂။ သဝေလည်းထိုး၊ တ–သတ်မျိုး၊ ဖတ်ရိုး စ–သတ်သံ။
၃။ သဝေလည်းထိုး၊ န–သတ်မျိုး၊ ဖတ်ရိုး င–သတ်သံ။
၄။ သဝေရေးချ၊ သတ်မြင်က၊ မှတ်ကြ ဝ–ဆွဲသံ။
၅။ ဟထိုး ဝဆွဲ၊ ရရစ် ယပင်း၊ တွေ့လျှင်းက၊ နှစ်ဝတာဝန်၊ ကျေပွန်စေရန်၊ အသံ အသတ် ယူမြဲမှတ်။

၁။ အမိပ္ပါယ်မှာ - အက္ခရာ ၂-လုံးဆင့်တွေ့လျှင် အပေါ်တွင်ရှိသော အထက်အက္ခရာကို အသတ်တင်၍ ဖတ်၊ အသံသေပြီး၊ ရှေ့အက္ခရာနှင့် တွဲ၍ ဖတ်ရမည်။

ဥပမာ။ ။ သမန္တာ = သမန်တာ။ စက္ကဝါဠေသု = စက်ကဝါဠေသု။ သဒ္ဓမ္မံ = သဒ်ဓမ်မံ။

၂။ အမိပ္ပါယ်မှာ - သဝေထိုးနှင့်တွဲသော တ-သတ်ကို စ-သတ် အသံထွက်၍ဖတ်ရမည်။

ဥပမာ။ ။ မေတ္တာ = မေတ်တာ (မစ်တာ-ဟုဖတ်)။ ခေတ္တရာ = ခေတ်တရာ (ခစ်တရာ-ဟု ဖတ်)
သေတ္တာ = သေတ်တာ (သစ်တာ-ဟု ဖတ်)။

မှတ်ချက်။ ။ သဝေထိုးကို ပါဠိ၌ ဧ–သရဟု ခေါ်သည်။

၃။ အမိပ္ပါယ်မှာ - သဝေထိုးနှင့်တွဲသော န-သတ်ကို င-သတ်အသံထွက်၍ ဖတ်ရမည်။

ဥပမာ ။ ။ ပူရေန္တံ = ပူရေန်တံ (ပူရင်တံ-ဟု ဖတ်)။ သမေန္တု = သမေန်တု (သမင်တု-ဟု ဖတ်)
ဒသေန္တိ = ဒသ်သေန်တိ (ဒသ်သင်တိ-ဟု ဖတ်)

၄။ အမိပ္ပါယ်မှာ - အသတ်နှင့်တွဲသော သဝေထိုးရေးချကို ဝဆွဲအသံထွက်၍ ဖတ်ရမည်။

ဥပမာ။ ။ သောတ္ထာနံ = သောတ်ထာနံ(သွတ်ထာနံ-ဟု ဖတ်)
ကောဏ္ဍည = ကောဏ်ဍည (ကွဏ်ဍင်ည-ဟု ဖတ်)။ ဟောန္တု = ဟောန်တု(ဟွန်တု-ဟု ဖတ်)

မှတ်ချက်။ ။ သဝေထိုးရေးချကို ပါဠိ၌ ဩ–သရဟု ခေါ်သည်။

၅။ အမိပ္ပါယ်မှာ - ဟထိုး, ဝဆွဲ, ရရစ်, ယပင့် အက္ခရာစာလုံးများနှင့်တွဲသော အက္ခရာသည် အသတ် တာဝန်ကိုလည်း ယူရသည်။ မိမိ၏ မူလအသံကိုလည်း ထွက်ရသည်။

ဥပမာ။ ။ အမှ = အမ်မှ။ကဏှ = ကဏ်ဏှ။ တုမှ = တုမ်မှ။
သဏှ = သဏ်ဏှ။ ပုဗ္ဗနှ = ပုဗ်ဗန်နှ

ဤပြယုဂ်တို့၌ ဟထိုးနှင့်တွဲသော မ၊ ဏ၊ န-အက္ခရာတို့သည် အသတ် တာဝန်ကိုလည်း ယူရသည်။ မိမိ၏ မူလဗျည်းအသံလည်း ထွက်ရမည်၊ အသတ်နှင့် အသံ တာဝန် ၂-မျိုးကို ယူထားသည်။

သကျ = သက်ကျ။ ဝါကျ = ဝါက်ကျ။ နိသျ = နိသ်သျ(နိသ်သယ)

ဤပြယုဂ်တို့၌ ယပင့်နှင့်တွဲသော ကနှင့် သ-တို့သည် အသတ်နှင့် အသံ တာဝန် ၂-မျိုးကို ယူထားသည်။

စကြာ = စက်ကြာ။ အတြာ = အတ်တြာ။ မတြာ = မတ်တြာ

ဤပြယုဂ်တို့၌ ရရစ်နှင့်တွဲသော ကနှင့် တ-အက္ခရာတို့သည် အသတ်နှင့် အသံ တာဝန် ၂-မျိုးကို ယူထားသည်။

ကတွာ = ကတ်တဝါ။ ဒတွာ = ဒတ်တဝါ။ ပတွာ = ပတ်တဝါ။ ဝတွာ = ဝတ်တဝါ

ဤပြယုဂ်တို့၌ ဝ-ဆွဲနှင့်တွဲသော တ-အက္ခရာတို့သည် အသတ်နှင့် အသံ ၂-မျိုးကို ယူထားသည်။

မှတ်ချက်။ ။ ဟထိုးသည် ဟ၊ ယပင့်သည် ယ၊ ရရစ်သည် ရကောက်၊ ဝ–ဆွဲသည် ဝ–အက္ခရာ၏ ကိုယ်စားလှယ်ဟုအသီးသီးမှတ်။

==================

( ၂ )

## ရောင်ခြည်တော်ဖွင့် ဘုရားပင့်ဂါထာ

**နီလာ နီလာ နိစ္စရန္တိ၊ ပီတာ ပီတာ စ ရံသိယော။**
**လောဟိတာ လောဟိတာ စာဘာ၊ ဩဒါတောဒါတရံသိယော။**

**ပဥ္စာနံ** =နက်နဲထူးဆန်း၊ ပဥ္စာန်းကျမ်းကို။

**သမ္မသန္တဿ** =အနုလုံ, ပဋိလုံ၊ အစုံအဆန်၊ အဖန်ဖန်အထပ်ထပ်၊ သုံးသပ်ဆင်ခြင်တော်မူသော ဘုရားရှင်ကိုယ်တော်မြတ်၏။

**နီလာ** = ဆံတော်, မုတ်ဆိတ်တော်, မျက်ဝန်းတော်တစ်ခို၊ စိမ်းညိုသော အရပ်ဌာနမှ။

**နီလာ** = ကြာညို, ခွါညို၊ ရတနာညိုကဲ့သို့၊ စိမ်းတစိုစို၊ မြသားလိုဖြင့်၊ ညိုမှောင်သော ရောင်ခြည်တော်ခတ်တို့သည်။

**နိစ္စရန္တိ** = နေအထောင်၊ လအထောင်၊ ဗြဟ္မာနတ်အရောင်၊ ရတနာနဝရတ်အရောင်တို့ကို၊ ထိပ်ခေါင်ကလွှမ်းမိုး၍၊ ဖြိုးဖြိုးကြွယ်ကြွယ်၊ အံ့ဩဖွယ်လျှင်၊ အဆန်းတကြယ် ကွန့်မြူးတော်မူကြလေကုန်၏။

**ပီတာ စ** = သိင်္ဂီရွှေလျှော်၊ အရေတော်မှလည်း။

**ပီတာ** = မဟာလျှောကား၊ ရွှေစကားနှင့်၊ ရွှေသားရွှေရည်၊ ထိန်ကြည်သစ်လင်း၊ ပပဝင်းကုန်သော။

**ရံသိယော** = ဝါရောင်ဝင်းလျှပ်၊ ရောင်ခြည်တော်ခတ်တို့သည်။

**နိစ္စရန္တိ** = နေအထောင်၊ လအထောင်၊ (ပ) ကွန့်မြူးတော်မူကြလေကုန်၏။

**လောဟိတာ** = အာတော်, လျှာတော်၊ နှုတ်ခမ်းတော်နှင့်၊ ခြေဖဝါးတော်, လက်ဖဝါးတော် စသော ကိုယ်တော်အစိတ်အစိတ်မှ။

**လောဟိတာ** = ခေါင်ရန်းနှင်းဆီ၊ ကမ္ဗလာနီနှင့်၊ ကြာနီအလား၊ ပတ္တမြားအဆင်းရှိကုန်သော။

**အာဘာ** = နီရောင်ဝင်းလျှပ်၊ ရောင်ခြည်တော်ခတ်တို့သည်။

**နိစ္စရန္တိ** = နေအထောင်၊ လအထောင်၊ (ပ) ကွန့်မြူးတော်မူကြလေကုန်၏။

**ဩဒါတာ** = စွယ်တော်, သွားတော်၊ မျက်ဖြူတော်အစုံ၊ ဥဏ္ဏာလုံမွေးရှင်တော်ခတ်မှ။

**ဩဒါတရံသိယော**= စံပါယ်, ကြက်ရုံး၊ ဇွန်ပန်းကုံးနှင့်၊ ငွေတုံးဘော်ဆိုင်၊ စိန်ပန်းခိုင်အတူ၊ ဝတ်လဲ တော်ဘွဲ့ဖြူနှင့်၊ ကြာဖြူပန်းအသွေးကဲ့သို့၊ ဖြူဖွေးစင်ကြယ်သော ရောင်ခြည်တော် ခတ်တို့သည်။

**နိစ္စရန္တိ** = နေအထောင်၊ လအထောင်၊ (ပ) ကွန့်မြူးတော်မူကြလေကုန်၏။

**တမ္ဗာ တမ္ဗာ စ မဉ္ဇိဋ္ဌာ၊ ပဘဿန္တိ ပဘဿရာ။**
**ဧဝံ ဆဗ္ဗဏ္ဏရံသိယော၊ ဌာတု မေ ဘဂဝါ သိရေ။**

**တမ္ဗာ တမ္ဗာ** = အထက်ဆံဖျားတော်တလျှောက်မှ အောက်ခြေဖဝါးတော်တခို၊ ထိုထိုကိုယ်တော် အစိတ်မှ။

**မဉ္ဇိဋ္ဌာ စ** = ခရမ်းသွေးအရောင်၊ မရမ်းသွေးအရောင်၊ တဝေဝေတစ်ပြောင်ပြောင်၊ သပြေရောင် အဆင်းကဲ့သို့၊ ထိန်ဝင်းညိုမောင်းသော၊ ရောင်ခြည်တော်တို့သည်ဂင်း။

http://www.dhammadownload.com



**ပဘာဿရာ စ**= နတ်မီးအရောင်၊ လျှပ်စီးအရောင်၊ ရတနာမျိုးစုံ အရောင်၊ ကြာမျိုးစုံ အရောင်၊ ထိန်ပြောင်ဝင်းလက်၊ ကြက်လျှာပြန် စိန်ရောင်ထွက်သကဲ့သို့ ရှိုးရှိုးရက်ရက်၊ ပြိုးပြိုးပြက်သော၊ ရောင်ခြည်တော်တို့သည်လည်းကောင်း။

**ပဘာသန္တိ**= နေအထောင်၊ လအထောင်၊ ပြဟ္မာနတ်အရောင်၊ ရတနာနဝရတ်အရောင်တို့ကို၊ ထိပ်ခေါင်ကလွှမ်းမိုး၍၊ ဖြိုးဖြိုးကြွယ်ကြွယ်၊ အံ့ဩဖွယ်လျှင်၊ အဆန်းတကြယ် ကွန့်မြူးတော်မူကြလေကုန်၏။

**ဧဝံ**= ဤသို့ ရောင်ခြည်တော်ခြောက်သွယ်၊ ဂုဏ်တော် အထူးကို၊ ချီးကျူးဖွင့်ဆိုခဲ့သည့် အတိုင်း။

**ဆဗ္ဗဏ္ဏရံသိယော** =အညိုတစ်ဖြာ၊ အဝါတစ်လီ၊ အနီတစ်ဆူ၊ အဖြူတစ်ကြောင်း၊ အမှောင်းတစ်ချက် ပြိုးပြက်ဝွားဝွား၊ ခြောက်ပါးရောင်ဆိုင်၊ အပြိုင်ပြိုင်ကို၊ စိုးပိုင်ရရှိတော်မူပေထသော။

**ဘဂဝါ** =ဘုန်းတော်သရဖူ၊ ဆောင်းတော်မူ၍၊ အောင်သူညွှတ်ရုံး၊ အထွတ်ဆုံးလည်းဖြစ်တော် မူပေထသော။

**သော**= ထိုသုံးလောကညွှန့်ဖူး၊ နိဗ္ဗာန်းမျှုးဖြစ်တော်မူသော ရှင်တော်မြတ်ဘုရားသည်။

**မေ**= ပဋ္ဌာန်းပစ္စည်း၊ ဆက်သွယ်နည်းဖြင့်၊ ဖွဲ့စည်းကလာပ်၊ ရုပ်နာမ်ဓာတ်ကို၊ စွဲမှတ်သမုတ်၊ အကျွန်ုပ်၏။

**သိရေ**= ဆံပင်ဂနိုင်၊ ပန်းမြိုင်တောညို၊ စိမ်းစိုခွဲနှောင်း၊ ဦးခေါင်းတွင်ခေါ်၊ ထောင်ထွင်မှုပေါ်၌။

**ဌာတု**= ပဋ္ဌာန်းဉာဏ်သွား၊ ဈာန်ကစားလျက်၊ တန့်နားကိန်းဝပ်တော်မူလှည့်ပါ၊ သုံးလောက ကေသျှောင်၊ ရွှေဘုန်းခေါင်၊ ကိုယ်တော်မြတ်ကြီးဘုရား။

## ပဋ္ဌာန်းဝန္ဒနာ

**နာနပစ္စယာရဋ္ဌာနာနိ၊ ဗောဓိတာနေ+တ္ထ မုနိနာ။**
**အနန္တနယပဋ္ဌာနံ၊ ဝန္ဒေ အနန္တဂေါစရံ။**

**ဧတ္ထ** = ဤအနန္တနယ, သမန္တပဋ္ဌာန်းကျမ်းတော်ကြီး၌။

**မုနိနာ** = မုနိထွတ်တင်၊ ဘုရားရှင်သည်။

**နာနပစ္စယာရဋ္ဌာနိ** = ဟေတု, အာရမ္မဏ၊ စသည်များစွာ၊ အကြောင်းအရာတို့ကို။

**ဗောဓိတာနိ** = သဗ္ဗညုတာ၊ ဉာဏ်တော်သာဖြင့်၊ ဦးစွာကျနာ၊ သိပြီးမှလျှင်၊ များလှဝေနေ၊ သိစေတော်မူခဲ့လေပြီ။

**အနန္တဂေါစရံ** = အဆုံးမရှိ ကုန်အောင်သိသည့်၊ ဉာဏ်တော်၏သာ၊ ကျက်စားရာ ဖြစ်တော်မူသော။

**တံ အနန္တနယပဋ္ဌာနံ** = များမြောင်ပေါယယ်၊ နည်းစုံကြွယ်သား၊ ကြီးကျယ်မြင့်မော်၊ ထိုပဋ္ဌာန်းကျမ်း တော်ကြီးကို။

**ဝန္ဒေ** = တစ်သက်တစ်ခါ၊ ကြုံခဲ့စွာမို့၊ ကြုံလာသည့်အခိုက်၊ ဦးဖြင့်တိုက်၍၊ နှစ်ခြိုက်လှစွာ၊ ရှိခိုးကန်တော့ပါ၏ မြတ်စွာဘုရား။

=====================================

http://www.dhammadownload.com

# ( ၄ )

# ပဋ္ဌာန်းနည်း

## ပစ္စယုဒ္ဒေသပါဠိတော် + နိဿယ

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

**ဟေတုပစ္စယော** = ဟိတ်ခြောက်ပါးဖြစ်၍ ပစ္စယုပ္ပန်တရားတို့အား အမြစ်သဖွယ်ကျေးဇူးပြုတတ်သော တရားလည်းကောင်း။
**အာရမ္မဏပစ္စယော**= အာရုံခြောက်ပါးဖြစ်၍ ကျေးဇူးပြုတတ်သောတရားလည်းကောင်း။
**အဓိပတိပစ္စယော** = အကြီးအမှူးဖြစ်၍ ကျေးဇူးပြုတတ်သောတရားလည်းကောင်း။
**အနန္တရပစ္စယော** = အခြားမဲ့ (တစ်ဆက်တည်း အကြားမရှိ)ဖြစ်၍ ကျေးဇူးပြုတတ်သောတရား လည်းကောင်း။
**သမနန္တရပစ္စယော** = ကောင်းစွာအခြားမဲ့ (တစ်ဆက်တည်း အကြားမရှိ) ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။
**သဟဇာတပစ္စယော**= အတူတကွဖြစ်၍ ကျေးဇူးပြုတတ်သောတရားလည်းကောင်း။
**အညမညပစ္စယော** = အချင်းချင်းအပြန်အလှန် ကျေးဇူးပြုတတ်သောတရားလည်းကောင်း။
**နိဿယပစ္စယော** = မှီရာဖြစ်၍ ကျေးဇူးပြုတတ်သောတရားလည်းကောင်း။
**ဥပနိဿယပစ္စယော**= အားကြီးသောမှီရာအကြောင်းဖြစ်၍ ကျေးဇူးပြုတတ်သောတရားလည်းကောင်း။
**ပုရေဇာတပစ္စယော** = ရှေး၌ဖြစ်နှင့်၍ ကျေးဇူးပြုတတ်သောတရားလည်းကောင်း။
**ပစ္ဆာဇာတပစ္စယော** = နောက်မှဖြစ်၍ ကျေးဇူးပြုတတ်သောတရားလည်းကောင်း။
**အာသေဝနပစ္စယော**= အဖန်တလဲလဲမှီဝဲထုံအပ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရားလည်းကောင်း။
**ကမ္မပစ္စယော** = ပြုပြင်ကြောင်းဖြစ်၍ ကျေးဇူးပြုတတ်သောတရားလည်းကောင်း။
**ဝိပါကပစ္စယော** = အကျိုးဖြစ်၍ ကျေးဇူးပြုတတ်သောတရားလည်းကောင်း။
**အာဟာရပစ္စယော** = ထောက်ပံ့ခိုင်ခံ့စေတတ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရားလည်းကောင်း။
**ဣန္ဒြိယပစ္စယော** = အစိုးရသည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရားလည်းကောင်း။
**ဈာနပစ္စယော** = စူးစိုက်ကာကပ်၍ရှုတတ်သည်၏ အဖြစ်ဖြင့်ကျေးဇူးပြုတတ်သောတရားလည်းကောင်း။
**မဂ္ဂပစ္စယော** = ထွက်မြောက်ကြောင်းဖြစ်၍ ကျေးဇူးပြုတတ်သောတရားလည်းကောင်း။
**သမ္ပယုတ္တပစ္စယော**= ယှဉ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရားလည်းကောင်း။
**ဝိပ္ပယုတ္တပစ္စယော** = မယှဉ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရားလည်းကောင်း။
**အတ္ထိပစ္စယော** = ပစ္စုပ္ပန်၌ ထင်ရှားရှိဆဲဖြစ်၍ ကျေးဇူးပြုတတ်သောတရားလည်းကောင်း။
**နတ္ထိပစ္စယော** = မရှိသည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရားလည်းကောင်း။
**ဝိဂတပစ္စယော** = ကင်းသည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရားလည်းကောင်း။
**အဝိဂတပစ္စယောတိ**= မကင်းသည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရားလည်းကောင်း။

**ဣတိ**၊ဤသို့။ **စတုဝီသပစ္စယာ**၊ နှစ်ဆယ့်လေးပစ္စည်းတို့သည်။ **မဟာပကရဏေ**၊ အနန္တနယသမန္တ မဟာပဋ္ဌာန်းကျမ်းကြီး၌။ **ဌိတာ**၊ တည်ကုန်သည်။ **ဟောန္တိ**၊ ဖြစ်ကုန်၏။

http://www.dhammadownload.com



## ၁။ ဟေတုပစ္စယ

(အမြစ်သဖွယ်)အကြောင်းရင်းဖြစ်၍ ကျေးဇူးပြုတတ်သော တရား။

| | |
|---|---|
| ပစ္စည်း | လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ, အမောဟ ဟိတ် ၆-ပါး။ |
| ပစ္စယုပ္ပန် | သဟိတ်စိတ် ၇၁-ပါး၊ မောဟမူဒွေး၌ မောဟကြဉ်သော စေတသိက် ၅၂-ပါး၊ သဟိတ်စိတ္တဇရုပ်, သဟိတ် ပဋိသန္ဓေကမ္မဇရုပ် |
| ပစ္စယသတ္တိ | ရေသောက်မြစ်သည် သစ်ပင်အား မြဲမြဲခိုင်ခံ့တည်တံ့စေခြင်းငှာ အကျိုးပြုသကဲ့သို့ ဟိတ် ၆-ပါး သည်လည်းယှဉ်ဘက်သမ္ပယုတ်တရားတို့အားရင်း၊ မိမိတို့ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အားရင်း၊ ပဋိသန္ဓေအခါ ကမ္မဇရုပ်တို့အားရင်း ဟေတုသတ္တိဖြင့် ကျေးဇူးပြုကြကုန်၏။ |

- **ဟေတုပစ္စယောတိ -**

| ပစ္စည်း =အကြောင်း | ပစ္စယုပ္ပန် = အကျိုး | ပစ္စယသတ္တိ |
|---|---|---|
| **ဟေတူ** | **ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ** | **ဟေတုပစ္စယေန ပစ္စယော**။ |

**နိဿယ** = ဟေတုပစ္စယောတိ- ဟေတုပစ္စည်းဟူသည်ကား-

ဟေတူ-ဟိတ် ၆-ပါးတို့သည်။ ဟေတုသမ္ပယုတ္တကာနံ-ဟိတ်နှင့်ယှဉ်ကုန်သော။ ဓမ္မာနဉ္စ- သဟိတ်စိတ် ဧကသတ္တတိ (၇၁-ပါး)။ မောဟမူဒွေး၌ မောဟကြဉ်သော စေတသိက် ဒွေပညာသ (၅၂-ပါး) တို့အားရင်း။ တံ သမုဋ္ဌာနာနံ-ထိုဟိတ်, ဟိတ်နှင့်ယှဉ်သော စိတ်, စေတသိက်လျှင် ဖြစ်ကြောင်းရှိကုန်သော။ ရူပါနဉ္စ-သဟိတ်စိတ္တဇရုပ်, သဟိတ်ပဋိသန္ဓေကမ္မဇရုပ်တို့အားရင်း။ ဟေတုပစ္စယေန-ဟေတုပစ္စယသတ္တိဖြင့်။ ပစ္စယော = ဥပကာရကော-ကျေးဇူးပြုသည်။ ဟောတိ-ဖြစ်၏။ (ဣတိ-ဤသို့။ ဘဂဝါ-ဘုန်းတော်သခင် ဘုရားရှင်သည်။ ဒေသေတိ-ကရုဏာရှေ့ထား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း။)

- **အဓိပ္ပါယ်ရှင်းလင်းချက် -**

**ပစ္စယ** ။ ။ ပစ္စည်း - အကြောင်းတရား။
**ပစ္စယုပ္ပန္န** ။ ။ ပစ္စယုပ္ပန် - အကျိုးတရား။
**ပစ္စယသတ္တိ** ။ ။ ပစ္စည်းတစ်မျိုးစီ၏ ကျေးဇူးပြုနိုင်သော အခြင်းအရာသတ္တိ။
**ကျေးဇူးပြု** ။ ။ (၁) မဖြစ်သေးသော အကျိုးပစ္စယုပ္ပန်တရားကို ဖြစ်ပေါ်စေခြင်း။
(၂) တပါးသော အကြောင်းကြောင့် ဖြစ်ပေါ်ပြီးသော အကျိုးပစ္စယုပ္ပန်တရားကို တည်တံ့အောင် ထောက်ပံ့ခြင်း။

ဆောင်။ ။ ဖြစ်စေ, တည်စေ၊ ဤ ၂-ထွေ၊ ခေါ်လေ ကျေးဇူးပြု။

http://www.dhammadownload.com

( ၆ )

**ဟိတ် ၆-ပါး**

| လောဘ, ဒေါသ, မောဟ | အလောဘ, အဒေါသ, အမောဟ |
|---|---|
| (အကုသိုလ်) | (ကုသိုလ်+အဗျာကတ) |

| | | |
|---|---|---|
| **လောဘ** | = | လိုချင်တပ်မက်ခြင်း။ |
| **ဒေါသ** | = | အမျက်ထွက်ခြင်း, စိတ်ဆိုးခြင်း, ပြစ်မှားခြင်း။ |
| **မောဟ** | = | တွေဝေခြင်း, အမှားအမှန်မခွဲခြားတတ်ခြင်း, အမှားသိခြင်း။ |
| **အလောဘ** | = | မလိုချင်, မတပ်မက်ခြင်း။ |
| **အဒေါသ** | = | မပြစ်မှားခြင်း, ချမ်းသာကြီးပွားစေခြင်း။ |
| **အမောဟ** | = | မတွေမဝေသိခြင်း, အမှန်သိခြင်း။ |

**ကျေးဇူးပြု** ။ ။ လောဘ, ဒေါသ, မောဟ-တရားတို့က အကုသိုလ်တွေဖြစ်အောင် ကျေးဇူးပြုပေးကြသည်။ အလောဘ, အဒေါသ, အမောဟတို့က ကုသိုလ်တွေဖြစ်အောင် ကျေးဇူးပြုပေးကြသည်။

**လောဘဟိတ်** ။ ။ ပုဂ္ဂိုလ်သတ္တဝါတို့သန္တာန်၌ လောဘအမြစ်တွယ်လာသောအခါ လောဘနှင့်ယှဉ်ဘက်ဖြစ်ကြသော စိတ်, စေတသိက်တို့ကိုပါ ကျေးဇူးပြုပေးကြသည်။ လောဘကြီးရင် ကြီးသလောက်ပြင်းထန်လာကြသည်။ လောဘစိတ်ကြောင့်ဖြစ်သောရုပ်တရားတို့လည်း လောဘရုပ်တွေဖြစ်လာကြသည်။ ကာယဝိညတ် လှုပ်ရှား၍ ကာယကံဖောက်ပြန်ပြီး အဒိန္နာဒါနအမှု, ကာမေ-မိစ္ဆာစာရအမှုစသော ကာယဒုစရိုက်အမှုတို့ကိုပါ ကျူးလွန်ကြသည်။ ဝစီဝိညတ်လှုပ်ရှား၍ လောဘအမှုအရာပါသော စကားတို့ကို ပြောဆိုခြင်း, မုသာဝါဒစသော ဝစီဒုစရိုက်အမှုတို့ကို ကျူးလွန်လာကြသည်။

**ဒေါသဟိတ်** ။ ။ ဒေါသအမြစ်တွယ်လာသောအခါ သူနှင့်ယှဉ်ဘက်ဖြစ်ကြသော စိတ်, စေတသိက်တို့ကိုပါ ကျေးဇူးပြုပေးကြသည်။ ဒေါသကြီးရင် ကြီးသလောက် ဒေါသစိတ်တွေ ကြမ်းကြုတ်ခက်ထန်လာကြသည်။ ဒေါသစိတ်ကြောင့်ပင် ရုပ်တရားများလည်း ဒေါသရုပ်တွေ ဖြစ်လာကြသည်။ ကာယဝိညတ်လှုပ်ရှား၍ ကာယကံဖောက်ပြန်ပြီး ပါဏာတိပါတစသော ကာယဒုစရိုက်အမှုတို့ကိုပါ ကျူးလွန်လာကြသည်။ ဝစီဝိညတ်လှုပ်ရှား၍ ဒေါသအမှုအရာပါသော မုသာဝါဒ, ဖရုသဝါစာ-စသော ဝစီဒုစရိုက်အမှုကို ကျူးလွန်လာကြသည်။

**ဒေါသဟိတ်** ။ ။ မောဟအမြစ်တွယ်လာသောအခါ ဉာဏ်ပညာဖြင့် ဆင်ခြင်စဉ်းစားမှု မရှိဘဲ မိုက်မိုက်မဲမဲ မှားယွင်းစွာ ပြုလုပ်, ပြောဆိုလာကြသည်။ အကောင်း+အဆိုး, အပြစ်ရှိ+မရှိ မခွဲခြားတတ်သော မောဟကြောင့်ပင် မကောင်းမှုအကုသိုလ် ဒုစရိုက်မျိုးစုံ ဖြစ်ပေါ်လာရသည်။ ပစ္စုပ္ပန်+သံသရာ ၂-ဖြာသော အကျိုးစီးပွား ပျက်ပြားကြရသည်။

**အကျဉ်းချုပ်မှတ်ရန်** ။ ။

- ✔ လောဘ, ဒေါသ, မောဟ ၃-ပါးက အကုသိုလ်ကာယကံ, အကုသိုလ်ဝစီကံ, အကုသိုလ်မနောကံ ဒုစရိုက်များဖြစ်ပေါ်အောင် ကျေးဇူးပြုသည်။
- ✔ အလောဘ, အဒေါသ, အမောဟ ၃-ပါးက ကုသိုလ်ကာယကံ, ကုသိုလ်ဝစီကံ, ကုသိုလ်မနောကံ သုစရိုက်များဖြစ်ပေါ်အောင် ကျေးဇူးပြုသည်။

http://www.dhammadownload.com

( ၇ )

## (က) လောဘဟိတ်ကြောင့် ဖြစ်ပေါ်တတ်သော ဒုစရိုက် ၇-ပါး

၁။ အဒိန္နာဒါန ၂။ ကာမေသုမိစ္ဆာစာရ ၃။ မုသာဝါဒ
၄။ ပိသုဏဝါစာ ၅။ သမ္ဖပ္ပလာပ ၆။ အဘိဇ္ဈာ
၇။ မိစ္ဆာဒိဋ္ဌိ

## (ခ) ဒေါသဟိတ်ကြောင့် ဖြစ်ပေါ်တတ်သော ဒုစရိုက် ၇-ပါး

၁။ ပါဏာတိပါတ ၂။ အဒိန္နာဒါန ၃။ မုသာဝါဒ
၄။ ပိသုဏဝါစာ ၅။ ဖရုသဝါစာ ၆။ သမ္ဖပ္ပလာပ
၇။ ဗျာပါဒ

## ဟေတုပစ္စည်း၏ အကျိုး+အပြစ်များ အဋ္ဌကထာဆရာဖွင့်ဆိုချက်

၁။ အလောဘသည် ဒါနနှင့်ပြည့်စုံခြင်း၏ အကြောင်းဖြစ်၏။ လှူဒါန်းနိုင်အောင် ကျေးဇူးပြု၏။
၂။ အဒေါသသည် သီလနှင့်ပြည့်စုံခြင်း၏ အကြောင်းဖြစ်၏။ သီလလုံခြုံအောင် ကျေးဇူးပြု၏။
၃။ အမောဟသည် ဘာဝနာနှင့် ပြည့်စုံခြင်း၏ အကြောင်းဖြစ်သည်။ ဘာဝနာနှင့် ပြည့်စုံအောင် ကျေးဇူးပြု၏။

♦ အလောဘော စေတ္ထ ဒါနဟေတု၊
အဒေါသော သီလဟေတု၊
အမောဟော ဘာဝနာဟေတု။ (အဘိ၊ဋ္ဌ၊၁၊၁၇၁။)

(တစ်နည်း) အလောဘသည် ပြိတ္တာဘုံ၌ မဖြစ်နိုင်ခြင်း၏ အကြောင်းဖြစ်၏။
အဒေါသသည် ငရဲဘုံ၌ မဖြစ်နိုင်ခြင်း၏ အကြောင်းဖြစ်၏။
အမောဟသည် တိရစ္ဆာန်ဘုံ၌ မဖြစ်နိုင်ခြင်း၏ အကြောင်းဖြစ်၏။

♦ **အလောဘေန ပေတ္တိဝိသယေ ဥပပတ္တိ န ဟောတိ။**
**အဒေါသေန နိရယေ ဥပပတ္တိ န ဟောတိ။**
**အမောဟေန တိရစ္ဆာနယောနိယံ ဥပပတ္တိ န ဟောတိ။** (အဘိ၊ဋ္ဌ၊၁၊၁၇၂။)

ပဋိလောမအားဖြင့် = လောဘသည် ပြိတ္တာဘုံ၌ ဖြစ်ရခြင်း၏ အကြောင်းဖြစ်၏။
ဒေါသသည် ငရဲဘုံ၌ ဖြစ်ရခြင်း၏ အကြောင်းဖြစ်၏။
မောဟသည် တိရစ္ဆာန်ဘုံ၌ ဖြစ်ရခြင်း၏ အကြောင်းဖြစ်၏။

ဆောင်။ ။ ✔ လောဘနှင့်သေ၊ ထိုသူတွေ၊ ရောက်လေ ပြိတ္တာဘုံ။
✔ ဒေါသနှင့်သေ၊ ထိုသူတွေ၊ ရောက်လေ ငရဲဘုံ။
✔ မောဟနှင့်သေ၊ ထိုသူတွေ၊ ရောက်လေ တိရစ္ဆာန်။

မှတ်ချက်။ ။ ဟေတုပစ္စည်းသည် ပစ္စုပ္ပန်ဘဝ, ပစ္စုပ္ပန်ကာလမှာပင် ကျေးဇူးပြု၏။ နောင်ဘဝများမှာ ဖြစ်ရခြင်းသည် ဟေတုပစ္စည်း၏ နိဿန္ဒဖလ အကျိုးဆက်မျှသာ ဖြစ်သည်။ တိုက်ရိုက်ကျေးဇူးပြုသည်ကား မဟုတ်။

http://www.dhammadownload.com



(တစ်နည်း) ✔ မလိုချင်မတပ်မက်ခြင်းအလောဘသည် အနာရောဂါကင်းခြင်း, ကျန်းမာခြင်း၏ အကြောင်း ဖြစ်၏။

✔ စိတ်မဆိုခြင်း, အမျက်မထွက်ခြင်းအဒေါသသည် အရွယ်တင်ခြင်း, အရွယ်ကောင်းခြင်း၏ အကြောင်းဖြစ်၏။

✔ အမောဟသည် အသက်ရှည်ခြင်း၏ အကြောင်းဖြစ်သည်။

♦ **အလောဘော အာရောဂျဿ ပစ္စယော ဟောတိ။**
**အဒေါသော ယောဗ္ဗနဿ ပစ္စယော။**
**အမောဟော ဒီဃာယုကတာယ ပစ္စယော ဟောတိ။**

(တစ်နည်း) ✔ အလောဘသည် စည်းစိမ်ဥစ္စာနှင့် ပြည့်စုံခြင်း၏ အကြောင်းဖြစ်၏။

✔ အဒေါသသည် မိတ်ဆွေနှင့် ပြည့်စုံခြင်း၏ အကြောင်းဖြစ်၏။

✔ အမောဟသည် မိမိကိုယ်ကို ပြည့်စုံစေခြင်း၏ အကြောင်းဖြစ်၏။

(တစ်နည်း) ✔ အလောဘသည် **ကာမသုခလ္လိကာနုယောဂ** = ကာမဂုဏ်ချမ်းသာကို ခံစားသောအကျင့်ကို ရှောင်နိုင်ခြင်း၏ အကြောင်းဖြစ်၏။

✔ အဒေါသသည် **အတ္တကိလမထာနုယောဂ** = ကိုယ်ပင်ပန်း, စိတ်ပင်ပန်းအောင်ကျင့်သော အကျင့်ကို ရှောင်နိုင်ခြင်း၏ အကြောင်းဖြစ်၏။

✔ အမောဟသည် မဇ္ဈိမပဋိပဒါအကျင့်ကို ကျင့်နိုင်ခြင်း၏ အကြောင်းဖြစ်၏။

ဤဆိုခဲ့ပြီးသည်ကား ဗုဒ္ဓမတညူ အဋ္ဌကထာဆရာကြီးများ၏ ဖွင့်ဆိုချက်များတည်း။

==================

## ၂။ အာရမ္မဏပစ္စယ

(အာရုံဖြစ်၍ အာရုံသဘောဖြင့် ကျေးဇူးပြုတတ်သောတရား)

| | |
|---|---|
| ပစ္စည်း | ပစ္စုပ္ပန်, အတိတ်, အနာဂတ်ဖြစ်သော စိတ် ၈၉-ပါး၊ စေတသိက် ၅၂-ပါး၊ ရုပ် ၂၈-ပါး၊ ကာလဝိမုတ် ဖြစ်သော နိဗ္ဗာန်, ပညတ်ဟူသော အာရုံ ၆-ပါး။ |
| ပစ္စယုပ္ပန် | စိတ် ၈၉-ပါး၊ စေတသိက် ၅၂-ပါး။ |
| ပစ္စယသတ္တိ | ကြိုးတန်း တောင်ဝှေးတို့သည် မသန်စွမ်းသူတို့အား ဆွဲတွယ်ထောက်တည်ရန်အလို့ငှာ ကျေးဇူးပြုသကဲ့သို့ အာရုံ ၆-ပါးတရားတို့သည် စိတ်, စေတသိက်တို့အား ဆွဲတွယ်ထောက်တည်ရာ အဖြစ်ဖြင့်ကျေးဇူးပြုကြ၏။ အတိတ်, အနာဂတ်, ပစ္စုပ္ပန်အာရုံ ၆-ပါးတို့သည်အသီးသီးမိမိတို့ နှင့်ဆိုင်သော စိတ်, စေတသိက်တို့အား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုသည်။ |

http://www.dhammadownload.com



❑ **အာရမ္မဏပစ္စယောတိ** -

| ပစ္စည်း =အကြောင်း | ပစ္စယုပ္ပန် = အကျိုး | ပစ္စယသတ္တိ |
|---|---|---|
| ရူပါယတနံ | စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ | အာရမ္မဏပစ္စယေန ပစ္စယော |
| သဒ္ဒါယတနံ | သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ | |
| ဂန္ဓာယတနံ | ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ | |
| ရသာယတနံ | ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ | |
| ဖောဋ္ဌဗ္ဗာယတနံ | ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ | |
| ရူပါယတနံ (ပ) ဖောဋ္ဌဗ္ဗာယတနံ | မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ | |
| သဗ္ဗေ ဓမ္မာ | မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ | |
| ယံ ယံ ဓမ္မံ အာရဗ္ဘ တေ တေ ဓမ္မာ | ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ၊ တေသံ တေသံ ဓမ္မာနံ | |

**နိဿယ** = အာရမ္မဏပစ္စယောတိ- အာရမ္မဏပစ္စည်းဟူသည်ကား-

✔ ရူပါယတနံ-အဆင်းမျိုးစုံ ပစ္စုပ္ပန်ရူပါရုံသည်။ စက္ခုဝိညာဏဓာတုယာ စ-မြင်သိသဘာဝ စက္ခုဝိညာဏဓာတ်အားငင်း။ တံသမ္ပယုတ္တကာနံ-ထိုစက္ခုဝိညာဏဓာတ်နှင့်ယှဉ်ကုန်သော။ ဓမ္မာနဉ္စ-သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇-ခုတို့အားငင်း။ အာရမ္မဏပစ္စယေန-အာရမ္မဏပစ္စယသတ္တိဖြင့်။ ပစ္စယော-ဥပကာရကော-ကျေးဇူးပြုတတ်သည်။ ဟောတိ-ဖြစ်၏။

✔ သဒ္ဒါယတနံ-အသံမျိုးစုံ ပစ္စုပ္ပန်သဒ္ဒါရုံသည်။ သောတဝိညာဏဓာတုယာ စ-ကြားသိ သဘာဝ သောတဝိညာဏဓာတ်အားငင်း။ (ပ)

✔ ဂန္ဓာယတနံ-အနံ့မျိုးစုံ ပစ္စုပ္ပန်ဂန္ဓာရုံသည်။ ဃာနဝိညာဏဓာတုယာ စ-နံသိသဘာဝ ဃာနဝိညာဏဓာတ်အားငင်း။ (ပ)

✔ ရသာယတနံ-အရသာမျိုးစုံ ပစ္စုပ္ပန်ရသာရုံသည်။ ဇိဝှါဝိညာဏဓာတုယာ စ-စားသိသဘာဝ ဇိဝှါဝိညာဏဓာတ်အားငင်း။ (ပ)

✔ ဖောဋ္ဌဗ္ဗာယတနံ-အတွေ့မျိုးစုံ ပစ္စုပ္ပန်ဖောဋ္ဌဗ္ဗာရုံသည်။ ကာယဝိညာဏဓာတုယာ စ-ထိသိသဘာဝ ကာယဝိညာဏဓာတ်အားငင်း။ (ပ)

✔ ရူပါယတနံ-အဆင်းမျိုးစုံ ပစ္စုပ္ပန်ရူပါရုံသည်ငင်း၊ (ပ) ဖောဋ္ဌဗ္ဗာယတနံ-သည်ငင်း၊ မနောဓာတုယာ စ-အာရုံကို ခံယူသည့် မနောဓာတ် ၃-ခုအားငင်း၊ တံသမ္ပယုတ္တကာနဉ္စ-ထိုမနောဓာတ် ၃-ခုနှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ-ဆန္ဒ, ပီတိ, ဝီရိယကြဉ်သောအညသမာန်းစေတသိက် ၁၀-ပါးတို့အားငင်း။ အာရမ္မဏပစ္စယေန ။ပ။

✔ သဗ္ဗေ-ခပ်သိမ်းကုန်သော။ ဓမ္မာ-အာရုံ ၆-ပါးပစ္စည်းတရားတို့သည်။ မနောဝိညာဏဓာတုယာ စ-ကြံသိသဘာဝမနောဝိညာဏဓာတ် ၇၆-ခုတို့အားငင်း။ တံသမ္ပယုတ္တကာနံ-ထိုမနောဝိညာဏဓာတ်နှင့်ယှဉ်သော။ ဓမ္မာနဉ္စ-စေတသိက်ဒွေပညာသတို့အားငင်း။ အာရမ္မဏပစ္စယေန ။ပ။

✔ ယံ ယံ ဓမ္မံ-အကြင်အကြင် အာရုံ ၆-ပါးပစ္စည်းတရားကို။ အာရဗ္ဘ-အာရုံပြု၍။ ယေ ယေ ဓမ္မာ-အကြင်အကြင်အာရမ္မဏိကပစ္စယုပ္ပန်တရားတို့သည်။ ဥပ္ပဇ္ဇန္တိ-ဖြစ်ကုန်၏။ စိတ္တစေတသိကာ-စိတ်, စေတသိက်ဖြစ်ကုန်သော။ ဓမ္မာ-အာရမ္မဏိကပစ္စယုပ္ပန်တရားတို့သည်။ ဥပ္ပဇ္ဇန္တိ-ဖြစ်ကုန်၏။

http://www.dhammadownload.com



တေ တေ ဓမ္မာ-ထိုထိုအာရုံ ၆-ပါးပစ္စည်းတရားတို့သည်။ တေသံ တေသံ ဓမ္မာနံ-ထိုထိုအာရမ္မဏိက ပစ္စယုပ္ပန်တရားတို့အား။ အာရမ္မဏပစ္စယေန ။ပ။ ဟောတိ-၏။

❑ **အဓိပ္ပါယ်ရှင်းလင်းချက်** -

အာရမ္မဏပစ္စည်းအတွက် ၁။ ဒွါရ ၆-ပါးနှင့် တရားကိုယ်
၂။ အာရုံ ၆-ပါးနှင့် တရားကိုယ်
၃။ အာယတန ၁၂-ပါးနှင့် တရားကိုယ်
၄။ ဓာတ် ၁၈-ပါးနှင့် တရားကိုယ်တို့ကို ရှေးဦးစွာ ကျက်မှတ်လေ့လာထားရမည်။

ဒွါရ။ ။ ပကတိတံခါးပေါက်သည် လူတို့၏ ဝင်ရောက်ကြောင်းဖြစ်သကဲ့သို့ စက္ခုပသာဒစသော တံခါးပေါက်များလည်း စက္ခုဒွါရိကဝီထိစိတ်စသည်တို့၏ ဖြစ်ပေါ်လာကြောင်းဖြစ်သောကြောင့်"ဒွါရ"အမည်ရသည်။

## ဒွါရ ၆-ပါးနှင့် တရားကိုယ်

| | | |
|---|---|---|
| ရုပ်ဒွါရ ၅-ပါး | စက္ခုဒွါရ=စက္ခုပသာဒရုပ်<br>သောတဒွါရ=သောတပသာဒရုပ်<br>ဃာနဒွါရ=ဃာနပသာဒရုပ်<br>ဇိဝှါဒွါရ=ဇိဝှါပသာဒရုပ်<br>ကာယဒွါရ=ကာယပသာဒရုပ် | အဆင်းအာရုံဝင်ရောက်ရာမျက်စိတံခါး<br>အသံအာရုံဝင်ရောက်ရာနားတံခါး<br>အနံ့အာရုံဝင်ရောက်ရာနှာတံခါး<br>အရသာအာရုံဝင်ရောက်ရာလျှာတံခါး<br>အတွေ့အထိအာရုံဝင်ရောက်ရာကိုယ်တံခါး |
| နာမ်ဒွါရ ၁ | မနောဒွါရ = ဘဝင်စိတ် ၁၉ | စိတ်ကူးအာရုံစသည် အာရုံ ၆-ပါးဝင်ရောက်ရာ စိတ်တံခါး။ |

ဆောင် ။ ။ စက်, သော, ဃာ, ဇိ ကာ, မနီ၊ ၆-လီ ဒွါရမှတ်။

ဆိုရိုး ။ ။ ✔ စက္ခုဒွါရဟူသည် စက္ခုပသာဒရုပ်တည်း။ (ပ)
✔ မနောဒွါရဟူသည် ဘဝင်္ဂပစ္စေဒ ၁၉-ခုတည်း။
✔ စက္ခုဒွါရစသော ဒွါရ ၅-ပါးသည် ရုပ်ဒွါရ။
✔ မနောဒွါရသည် နာမ်ဒွါရ။

အာရမ္မဏ။ ။ ဥယျာဉ်, ပန်းမာလ်တို့သည် လူတို့မွေ့လျော်ရာဖြစ်သကဲ့သို့ ရူပါရုံ-စသည်တို့သည်လည်း စိတ်, စေတသိက်တို့၏ မွေ့လျော်ရာဖြစ်သောကြောင့် "အာရမ္မဏ=အာရုံ"မည်၏။ (အာရမ္မဏ = မွေ့လျော်ရာ။)

အာလမ္ဗန။ ။ တောင်ဝှေး, ကြိုးတန်းတို့သည် မသန်မစွမ်းသူတို့အား ဆွဲကိုင်မှီတွယ်ရာအဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ ရူပါရုံစသည်တို့သည်လည်း စိတ်, စေတသိက်တို့အား ဆွဲကိုင်မှီတွယ်ရာအဖြစ်ဖြင့် ကျေးဇူးပြုသောကြောင့် "အာလမ္ဗန=အာရုံ"မည်၏။ (အာလမ္ဗန = ဆွဲကိုင်မှီတွယ်ရာ။)

http://www.dhammadownload.com



## အာရုံ ၆–ပါးနှင့် တရားကိုယ်အရကောက်

| အာရုံ ၆ | အဓိပ္ပါယ် | တရားကိုယ် |
|---|---|---|
| ရူပါရုံ | စက္ခုဝိညာဏ်ဖြင့်မြင်ရသောအဆင်းအမျိုးမျိုး | (ဝဏ္ဏ)ရူပရုပ် |
| သဒ္ဒါရုံ | သောတဝိညာဏ်ဖြင့်ကြားရသောအသံအမျိုးမျိုး | သဒ္ဒရုပ် |
| ဂန္ဓာရုံ | ဃာနဝိညာဏ်ဖြင့်နမ်းရှုရသောအနံ့အမျိုးစုံ | ဂန္ဓရုပ် |
| ရသာရုံ | ဇိဝှါဝိညာဏ်ဖြင့်လျှက်ရသောအရသာမျိုးစုံ | ရသရုပ် |
| ဖောဋ္ဌဗ္ဗာရုံ | ကာယဝိညာဏ်ဖြင့်တွေ့ထိရသော အကြမ်း အနုစသော အတွေ့မျိုးစုံ | ပထဝီ,တေဇော, ဝါယော=ဖောဋ္ဌဗ္ဗရုပ် |
| ဓမ္မာရုံ | မနောဝိညာဏ်ဖြင့်သာသိရသော သိဖွယ်မျိုးစုံ | ပသာဒ၅၊ သုခုမ၁၆၊ စိတ်၈၉၊စေ၅၂၊နိဗ္ဗာန် ပညတ်ဟူသောတရားစု ၆ |

ဆောင်။ ။ ✔ ရူပ, သဒ္ဒ၊ ဂန်, ရသ၊ ဖောဋ္ဌ, ဓမ်-ရုံခြောက်။

✔ ပသာ, သုခု၊ စိတ်, စေစုနှင့်၊ မှတ်ရှုနိဗ္ဗာန်၊ ပညတ္တ်၊ ခြောက်တန် ဓမ္မာရုံ။

## အာယတန (၁၂)ပါး

စိတ်, စေတသိက်တို့၏ ဖြစ်ကြောင်းတရားများကို "အာယတန"ဟု ခေါ်သည်။ ထိုအာယတနသည် စက္ခာယတန, သောတာယတန, ဃာနာယတန, ဇိဝှါယတန, ကာယာယတန, မနာယတန, ရူပါယတန, သဒ္ဒါယတန, ဂန္ဓာယတန, ရသာယတန, ဖောဋ္ဌဗ္ဗာယတန, ဓမ္မာယတန-ဟု (၁၂)ပါးရှိသည်။

၁။ စက္ခုပသာဒရုပ်သည် စက္ခာယတနမည်၏။
၂။ သောတပသာဒရုပ်သည် သောတာယတနမည်၏။
၃။ ဃာနပသာဒရုပ်သည် ဃာနာယတနမည်၏။
၄။ ဇိဝှါပသာဒရုပ်သည် ဇိဝှါယတနမည်၏။
၅။ ကာယပသာဒရုပ်သည် ကာယာယတနမည်၏။
၆။ စိတ် (၈၉)ပါးသည် မနာယတနမည်၏။
၇။ ရူပါရုံသည် ရူပါယတနမည်၏။
၈။ သဒ္ဒါရုံသည် သဒ္ဒါယတနမည်၏။
၉။ ဂန္ဓာရုံသည် ဂန္ဓာယတနမည်၏။
၁၀။ ရသာရုံသည် ရသာယတနမည်၏။
၁၁။ ပထဝီ, တေဇော, ဝါယော-ဟုဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည်ဖောဋ္ဌဗ္ဗာယတနမည်၏။
၁၂။ စေတသိက် (၅၂)ပါး၊ သုခုမရုပ် (၁၆)ပါး၊ နိဗ္ဗာန်သည် ဓမ္မာယတနမည်၏။

မှတ်ချက် ။ ။ ပသာဒရုပ်(၅)ပါး၊ဂေါစရရုပ်(၇)ပါးကို"ဩဠာရိကရုပ်"ဟု ခေါ်၍ကျန်ရုပ်(၁၆)ပါးကို"သုခုမရုပ်" ဟုခေါ်သည်။

http://www.dhammadownload.com



# ဓာတ် (၁၈)ပါး

မိမိ၏သဘောကို ဆောင်တတ်သောတရားကို "ဓာတ်"ဟုခေါ်သည်။ ထိုဓာတ်သည် စက္ခုဓာတ်၊ သောတဓာတ်၊ ဃာနဓာတ်၊ ဇိဝှါဓာတ်၊ ကာယဓာတ်၊ ရူပဓာတ်၊ သဒ္ဒဓာတ်၊ ဂန္ဓဓာတ်၊ ရသဓာတ်၊ ဖောဋ္ဌဗ္ဗဓာတ်၊ စက္ခုဝိညာဏဓာတ်၊ သောတဝိညာဏဓာတ်၊ ဃာနဝိညာဏဓာတ်၊ ဇိဝှါဝိညာဏဓာတ်၊ ကာယဝိညာဏဓာတ်၊ မနောဓာတ်၊ မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်ဟု (၁၈)ပါးရှိသည်။

၁။ စက္ခုပသာဒရုပ်သည် စက္ခုဓာတ်မည်၏။
၂။ သောတပသာဒရုပ်သည် သောတဓာတ်မည်၏။
၃။ ဃာနပသာဒရုပ်သည် ဃာနဓာတ်မည်၏။
၄။ ဇိဝှါပသာဒရုပ်သည် ဇိဝှါဓာတ်မည်၏။
၅။ ကာယပသာဒရုပ်သည် ကာယဓာတ်မည်၏။
၆။ ရူပါရုံသည် ရူပဓာတ်မည်၏။
၇။ သဒ္ဒါရုံသည် သဒ္ဒဓာတ်မည်၏။
၈။ ဂန္ဓာရုံသည် ဂန္ဓဓာတ်မည်၏။
၉။ ရသာရုံသည် ရသဓာတ်မည်၏။
၁၀။ ပထဝီ၊ တေဇော၊ ဝါယော-ဟုဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗဓာတ်မည်၏။
၁၁။ စက္ခုဝိညာဏ်ခွေးသည် စက္ခုဝိညာဏဓာတ်မည်၏။
၁၂။ သောတဝိညာဏ်ခွေးသည် သောတဝိညာဏဓာတ်မည်၏။
၁၃။ ဃာနဝိညာဏ်ခွေးသည် ဃာနဝိညာဏဓာတ်မည်၏။
၁၄။ ဇိဝှါဝိညာဏ်ခွေးသည် ဇိဝှါဝိညာဏဓာတ်မည်၏။
၁၅။ ကာယဝိညာဏ်ခွေးသည် ကာယဝိညာဏဓာတ်မည်၏။
၁၆။ ပဉ္စဒွါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိုင်းခွေးသည် မနောဓာတ်မည်၏။
၁၇။ ခွေးပဉ္စဝိညာဉ် (၁၀)၊ ပဉ္စဒွါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိုန်းခွေးတို့မှ တစ်ပါး ကျန်စိတ် (၇၆)ပါးသည် မနောဝိညာဏဓာတ်မည်၏။
၁၈။ စေတသိက် (၅၂)ပါး၊ သုခုမရုပ် (၁၆)ပါး၊ နိဗ္ဗာန်သည် ဓမ္မဓာတ်မည်၏။

### အာရမ္မဏပစ္စယေန ပစ္စယော-၌

ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ဖောဋ္ဌဗ္ဗ၊ ဓမ္မ-ဟူသော အာရုံ ၆-ပါးပစ္စည်းတရားတို့က မြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ်၊ စားသိစိတ်၊ ထိသိစိတ်၊ ကြံသိစိတ်ဟူသော ဝိညာဏဓာတ်များအားရင်း၊ ထိုဝိညာဏဓာတ်နှင့် ယှဉ်ဘက်စေတသိက်တို့အားရင်း "အာရုံ"အဖြစ် ဖြစ်ပေါ်လာအောင် ကျေးဇူးပြုကြသည်။

အာရုံ ၆-ပါးပစ္စည်းတရားကို အမှီရမှသာ စိတ်၊ စေတသိက်ဟူသော အာရမ္မဏိကအကျိုးပစ္စယုပ္ပန်တရားများဖြစ်ပေါ်လာကြသည်။ စိတ်၊ စေတသိက်တို့သည် မှီတွယ်ရာအာရုံနှင့်ကင်း၍ မဖြစ်ကြ။ အာရုံကို မှီတွယ်ခွင့်ရမှသာ ဖြစ်ပေါ်လာကြသည်။

ထို့ကြောင့် - အာရုံ ၆-ပါးက ပစ္စည်း = အကြောင်းတရား
ဝိညာဏဓာတ်တို့က အကျိုး = ပစ္စယုပ္ပန်

http://www.dhammadownload.com



## ဒွါရ + အာရုံ ထိခိုက်မှုကြောင့် ဝိညာဏဓာတ် ဖြစ်ပေါ်လာပုံ

၁။ စက္ခုပသာဒ- မျက်စိအကြည်ရုပ်မှာ အဆင်း=ရူပါရုံ လာတိုက်သည့်အခါ စက္ခုဝိညာဏဓာတ်ခေါ် မြင်သိစိတ်ဖြစ်ပေါ်၏။

၂။ သောတပသာဒ- နားအကြည်ရုပ်မှာ အသံ=သဒ္ဒါရုံ လာတိုက်သည့်အခါ သောတဝိညာဏဓာတ်ခေါ် ကြားသိစိတ်ဖြစ်ပေါ်၏။

၃။ ဃာနပသာဒ- နှာခေါင်းအကြည်ရုပ်မှာ အနံ့=ဂန္ဓာရုံလာတိုက်သည့်အခါ ဃာနဝိညာဏဓာတ်ခေါ် နံ့သိစိတ်ဖြစ်ပေါ်၏။

၄။ ဇိဝှါပသာဒ- လျှာအကြည်ရုပ်မှာ အရသာ=ရသာရုံလာတိုက်သည့်အခါ ဇိဝှါဝိညာဏဓာတ်ခေါ် စားသိစိတ်ဖြစ်ပေါ်၏။

၅။ မနောအကြည်မှာ သဘောဓမ္မာရုံလာတိုက်သည့်အခါ မနောဝိညာဏဓာတ်ခေါ် ကြံသိစိတ်ဖြစ်ပေါ်၏။

မှတ်ချက်။ ။ အာရုံ ၆-ပါးတို့က အကြည်ဓာတ် ၆-ပါးမှာ လာတိုက်သည့်အခိုက်အတန့်မှာသာ အသိ ၆-ပါး ဝိညာဏဓာတ်များ ဖြစ်ပေါ်လာ၏-ဟု မှတ်ရမည်။

- ✔ အာရုံ ၆-ပါးက — အတိုက်ဓာတ်
- ✔ အကြည်ဓာတ်ဓာတ် ၆-ပါးက — အခံဓာတ်
- ✔ ဝိညာဏ် ၆-ပါးက — အပွင့်ဓာတ်များဖြစ်ကြသည်။

ဆောင်။ ။ ဆင်း, သံ, နံ့, သာ၊ တွေ့, ဓမ္မာ၊ ၆-ဖြာ တိုက်ဓာတ်မည်။
**မျက်စိ, နား, နှာ၊ ကိုယ်, စိတ်, လျှာ၊ ၆-ဖြာ ခံဓာတ်မည်။**
**ဝိညာဏ် ၆-ဖြာ၊ ဖြစ်ပေါ်လာ၊ မှန်စွာ ပွင့်ဓာတ်မည်။**

### ၁။ စက္ခုဝိညာဏ် = မြင်သိစိတ် ဖြစ်ပေါ်ရန် အကြောင်းအင်္ဂါ ၄-ချက်

၁။ စက္ခုပသာဒခေါ် မျက်စိအကြည်ဓာတ်

၂။ အဆင်း = ရူပါရုံ

၃။ အာလောက = အရောင်အလင်း

၄။ မနသိကာရ = နှလုံးသွင်းမှု သတိမူမှု

ဤ ၄-ပါးပြည့်စုံမှသာ မြင်သိစိတ် ဖြစ်ပေါ်၏။ ၎င်း ၄-ပါးတွင် တစ်ပါးပါးချို့ယွင်းနေပါမူကား မြင်သိစိတ် ဖြစ်ပေါ်၍ မလာနိုင်။

ဆောင်။ ။ **စက္ခု, ရူပါ၊ ထင်စွာ အလင်း၊ နှလုံးသွင်းပါ၊ ဤ ၄-ဖြာ၊ မှန်စွာ မြင်စိတ်၊ ဖြစ်ကြောင်းတည်း။**

ထို့အတူ သောတဝိညာဏ်စသော ဝိညာဏဓာတ်တို့သည်လည်း မိမိတို့ဆိုင်ရာ အကြောင်းအင်္ဂါများ ပြည့်စုံမှသာ ဖြစ်ပေါ်လာကြသည်။ ထိုကြောင့် အဆင်းမျိုးစုံ ရူပါရုံသည် စက္ခုဝိညာဏဓာတ်ခေါ် မြင်သိစိတ်အား ၎င်း၊ ထိုစက္ခုဝိညာဏဓာတ်နှင့်ယှဉ်သော စေတသိက်တို့အား၎င်း အာရုံအဖြစ်ဖြင့် (အာရမ္မဏပစ္စယသတ္တိဖြင့်) ကျေးဇူးပြုသည်စသည့်ဖြင့် မြတ်ဗုဒ္ဓဟောတော်မူသည်။

http://www.dhammadownload.com



**၂။ သောတဝိညာဏ် = ကြားသိစိတ် ဖြစ်ပေါ်ရန် အကြောင်းအင်္ဂါ ၄-ချက်**

၁။ သောတပသာဒ = နားအကြည်ဓာတ်။

၂။ အသံ = သဒ္ဒါရုံ။

၃။ အာကာသ = အသံ လေဖြတ်သန်းသွားနိုင်သော အကြား။

၄။ မနသိကာရ = နှလုံးသွင်းမှု သတိမူမှု။

ဆောင်။ ။ သောတ, သဒ္ဒါ၊ အာကာရှိခြင်း၊ နှလုံးသွင်းပါ၊ ဤ ၄-ဖြာ၊ မှန်စွာ ကြားစိတ် ဖြစ်ကြောင်းတည်း။

**၃။ ဃာနဝိညာဏ် = နံသိစိတ် ဖြစ်ပေါ်ရန် အကြောင်းအင်္ဂါ ၄-ချက်**

၁။ ဃာနပသာဒ = နှာခေါင်းအကြည်ဓာတ်။

၂။ အနံ့ = ဂန္ဓာရုံ။

၃။ ဝါတ = အနံ့ကို ဆောင်ယူနိုင်သောလေ။

၄။ မနသိကာရ = နှလုံးသွင်းမှု သတိမူမှု။

ဆောင်။ ။ ဃာန, ဂန္ဓာ၊ ဆောင်လာလေညှင်း၊ နှလုံးသွင်းပါ၊ ဤ ၄-ဖြာ၊ မှန်စွာ နံစိတ် ဖြစ်ကြောင်းတည်း။

**၄။ ဇိဝှါဝိညာဏ် = စားသိစိတ် ဖြစ်ပေါ်ရန် အကြောင်းအင်္ဂါ ၄-ချက်**

၁။ ဇိဝှါပသာဒ = လျှာအကြည်ဓာတ်။

၂။ အရသာ = ရသာရုံ။

၃။ လျှာအရည်စိုဓာတ်။

၄။ မနသိကာရ = နှလုံးသွင်းမှု သတိမူမှု။

ဆောင်။ ။ ဇိဝှါ, ရသာ၊ စိုတာရှိခြင်း၊ နှလုံးသွင်းပါ၊ ဤ ၄-ဖြာ၊ မှန်စွာ စားစိတ် ဖြစ်ကြောင်းတည်း။

**၅။ ကာယဝိညာဏ် = ထိသိစိတ် ဖြစ်ပေါ်ရန် အကြောင်းအင်္ဂါ ၄-ချက်**

၁။ ကာယပသာဒ = ကိုယ်အကြည်ဓာတ်။

၂။ အတွေ့ဖောဋ္ဌဗ္ဗာရုံ။

၃။ ထဒ္ဓပထဝီခေါ် အမာခံဓာတ်။

၄။ မနသိကာရ = နှလုံးသွင်းမှု သတိမူမှု။

ဆောင်။ ။ ကာယ, ဖောဋ္ဌ၊ မာခံရှိခြင်း၊ နှလုံးသွင်းပါ၊ ဤ ၄-ဖြာ၊ မှန်စွာ ထိစိတ် ဖြစ်ကြောင်းတည်း။

**၆။ မနောဝိညာဏဓာတ် = ကြံသိစိတ် ဖြစ်ပေါ်ရန် အကြောင်းအင်္ဂါ ၄-ချက်**

၁။ မနောဒွါရခေါ် ဘဝင်စိတ်အစဉ် ထင်ရှားရှိခြင်း။

၂။ ပဉ္စာရုံ (သို့မဟုတ်) ဓမ္မာရုံခေါ် အာရုံ ၁-ပါးပါးရှိခြင်း။

၃။ ဟဒယဝတ္ထုခေါ် စိတ်၏ မှီတွယ်ရာ ဝတ္ထုရုပ်ရှိခြင်း။

၄။ မနသိကာရ = နှလုံးသွင်းမှု သတိမူမှု။

ဆောင်။ ။ ဘဝင်, အာရုံ၊ ဝတ္ထုံ ဟဒယာ၊ ထင်စွာဖြစ်ခြင်း၊ နှလုံးသွင်းပါ၊ ဤ ၄-ဖြာ၊ မှန်စွာ ကြံစိတ် ဖြစ်ကြောင်းတည်း။

http://www.dhammadownload.com



## ၃။ အဓိပတိပစ္စယ

စကြာဝတေးမင်းကဲ့သို့ (ဥပမာ) အကြီးအမှူးဖြစ်၍ကျေးဇူးပြုတတ်သော တရား။
ယင်းအဓိပတိပစ္စည်းသည် - (က) အာရမ္မဏာဓိပတိ(ခ) သဟဇာတာဓိပတိ-ဟု ၂-မျိုးရှိ၏။

ထိုတွင် -

(က) အာရုံပြုသော စိတ်, စေတသိက်တရားတို့ကို လွှမ်းမိုး၍ အစိုးရသောအာရုံသဘောအားဖြင့် ကျေးဇူးပြုသော ပစ္စည်းသည် အာရမ္မဏာဓိပတိပစ္စည်းမည်၏။

(ခ) မိမိနှင့်စပ်၍ ဖြစ်ကုန်သော တရားတို့၏ အကြီးအမှူး၏အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော လွန်ကဲသော တရားသည် သဟဇာတာဓိပတိပစ္စည်းမည်၏။

| | | |
|---|---|---|
| (က) အာရမ္မဏာဓိပတိ | ပစ္စည်း | အလေးအမြတ်ပြုအပ်သော အတိတ်, အနာဂတ်, ပစ္စုပ္ပန်ဖြစ်သော နိပ္ဖန္နရုပ် ၁၈-ပါး၊ ဒေါသမူဒွေး၊ မောဟမူဒွေး၊ ဒုက္ခသဟဂုတ်ကာယဝိညာဏ်ကြဉ်သော စိတ် ၈၄-ပါး၊ ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာကြဉ်သော စေတသိက် ၄၇-ပါး၊ ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်။ (အာရုံ ၆-ပါး) |
| | ပစ္စယုပ္ပန် | အလေးအမြတ်ပြုတတ်သော လောဘမူစိတ် ၈-ပါး၊ မဟာကုသိုလ် ၈-ပါး၊ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄-ပါး၊ လောကုတ္တရာ စိတ် ၈-ပါး၊(ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ, အပ္ပမညာကြဉ်သော) စေတသိက် ၄၅-ပါး။ |
| (ခ) သဟဇာတာဓိပတိ | ပစ္စည်း | ဒွိဟိတ်ဇော, တိဟိတ်ဇော ၅၂-ပါး၊ ယင်း ၅၂-ပါး၌ယှဉ်သော ဆန္ဒ, ဝီရိယ, ဝီမံသ(ပညာ) ဟူသော အဓိပတိတရားကိုယ် ၄-ပါး။ |
| | ပစ္စယုပ္ပန် | အဓိပတိတရားကိုယ်ကြဉ်သော သာဓိပတိဇော ၅၂-ပါး၊ ဝိစိကိစ္ဆာကြဉ်သော စေတသိက် ၅၁-ပါး၊ သာဓိပတိစိတ္တဇရုပ်။ |
| ပစ္စယသတ္တိ | | စကြာဝတေးမင်းသည် အာဏာတန်ခိုးဖြင့် တစ်ပါးသူတို့၏ ကြီးစိုးခြင်းကို တားမြစ်၍ နိုင်ငံသူ/နိုင်ငံသားတို့အား မိမိအလိုသို့လိုက်ပါစေလျက် အကြီးအကဲအဖြစ်ဖြင့် အစိုးတရ ကျေးဇူးပြုသကဲ့သို့ သဟဇာတာဓိပတိပစ္စည်းနှင့် အာရမ္မဏာဓိပတိပစ္စည်းတရားတို့သည်လည်း ပစ္စယုပ္ပန်တရားတို့အားမိမိအလိုသို့လိုက်စေ၍ ရှေ့ဆောင်အကြီးအကဲဖြစ်ဖြင့် ကျေးဇူးပြုမှုကို အဓိပတိပစ္စယသတ္တိ-ဟု ခေါ်သည်။ |

မှတ်ချက် ။ ။ သာဓိပတိဇော ၅၂-ပါးဟူသည် ဇော ၅၅-ပါးတွင် ဧကဟိတ်ဇော ၂-ပါးနှင့် အဟိတ်ဇော (ဟသိတုပ္ပါဒ်) ၁-ပါး၊ ဤ ၃-ပါးကြဉ်သော ကျန်ဇော ၅၂-ပါးဖြစ်သည်။ အဓိပတိတပ်သော တရားများနှင့်တကွဖြစ်သော ဇောများကို "သာဓိပတိဇော"ဟုခေါ်သည်။

http://www.dhammadownload.com



## ❑ အဓိပတိပစ္စယောတိ -

| | ပစ္စည်း =အကြောင်း | ပစ္စယုပ္ပန် = အကျိုး | ပစ္စယသတ္တိ |
|---|---|---|---|
| သဟဇာတာဓိပတိ | ဆန္ဒာဓိပတိ | ဆန္ဒသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ | အဓိပတိပစ္စယေန ပစ္စယော။ |
| | ဝီရိယာဓိပတိ | ဝီရိယသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ | |
| | စိတ္တာဓိပတိ | စိတ္တသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ | |
| | ဝီမံသာဓိပတိ | ဝီမံသသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ | |
| အာရမ္မဏာဓိပတိ | ယံ ယံ ဓမ္မံ ဂရုံ ကတွာ<br>တေ တေ ဓမ္မာ | ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ၊<br>တေသံ တေသံ ဓမ္မာနံ | |

**နိဿယ** = အဓိပတိပစ္စယောတိ - အဓိပတိပစ္စည်းဟူသည်ကား-

✔ ဆန္ဒာဓိပတိ-ဆန္ဒဟုဆိုအပ်သော အဓိပတိသည် (ဝါ)အကြီးအမှူးဖြစ်သောဆန္ဒသည်။ ဆန္ဒသမ္ပယုတ္တကာနံ-ဆန္ဒနှင့်ယှဉ်ကုန်သော။ ဓမ္မာနဉ္စ-သာဓိပတိဇော ၅၂-ခု၊ ဆန္ဒ, ဝိစိကိစ္ဆာကြဉ်သော စေတသိက် (၅၀) တို့အားငဲ။ တံ သမုဋ္ဌာနာနံ-ထိုဆန္ဒ, ဆန္ဒနှင့်ယှဉ်သော စိတ်, စေတသိက်လျှင်ဖြစ်ကြောင်းရှိကုန်သော။ ရူပါနဉ္စ-သာဓိပတိစိတ္တဇရုပ်တို့အားငဲ။ အဓိပတိပစ္စယေန-ဖြင့်။ ပစ္စယော = ဥပကာရကော-သည်။ ဟောတိ-၏။

✔ ဝီရိယာဓိပတိ-သည်။ ဝီရိယသမ္ပယုတ္တကာနံ-ဝီရိယနှင့်ယှဉ်ကုန်သော။ ဓမ္မာနဉ္စ-သာဓိပတိဇော ၅၂-ခု၊ ဝီရိယ, ဝိစိကိစ္ဆာကြဉ်သော စေတသိက် (၅၀) တို့အားငဲ။ တံ သမုဋ္ဌာနာနံ-ထိုဝီရိယ, ဝီရိယနှင့်ယှဉ်သော စိတ်, စေတသိက်လျှင်ဖြစ်ကြောင်းရှိကုန်သော။ ရူပါနဉ္စ-သာဓိပတိစိတ္တဇရုပ်တို့အားငဲ။ အဓိပတိပစ္စယေန ။ ပ။ ဟောတိ-၏။

✔ စိတ္တာဓိပတိ-သာဓိပတိဇော ၅၂-ပါးဟုဆိုအပ်သော စိတ္တာဓိပတိသည် (ဝါ) အကြီးအမှူးဖြစ်သော စိတ်သည်။ စိတ္တသမ္ပယုတ္တကာနံ-စိတ်နှင့်ယှဉ်ကုန်သော။ ဓမ္မာနဉ္စ-ဝိစိကိစ္ဆာကြဉ်သော စေတသိက် (၅၁) တို့အားငဲ။ တံ သမုဋ္ဌာနာနံ-ထိုစိတ္တာဓိပတိနှင့်ယှဉ်သော စေတသိက်လျှင်ဖြစ်ကြောင်းရှိကုန်သော။ ရူပါနဉ္စ-သာဓိပတိစိတ္တဇရုပ်တို့အားငဲ။ အဓိပတိပစ္စယေန ။ပ။ ဟောတိ-၏။

✔ ဝီမံသာဓိပတိ-သည် (ဝါ) အကြီးအမှူးဖြစ်သော ပညာသည်။ ဝီမံသသမ္ပယုတ္တကာနံ-ဝီမံသ (ဟုဆိုအပ်သော ပညာ)နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ-သာဓိပတိတိဟိတ်ဇော ၃၄-ခု၊ ဝီမံသ (ပညာ)ကြဉ် သော စေတသိက်(၃၇)တို့အားငဲ။ တံ သမုဋ္ဌာနာနံ-ထိုဝီမံသ, ဝီမံသနှင့်ယှဉ်သော စိတ်, စေတသိက်လျှင် ဖြစ်ကြောင်းရှိကုန်သော။ ရူပါနဉ္စ-သာဓိပတိစိတ္တဇရုပ်တို့အားငဲ။ အဓိပတိပစ္စယေန ။ပ။ ဟောတိ-၏။

✔ ယံ ယံ ဓမ္မံ-အကြင်အကြင် အာရုံ ၆-ပါးပစ္စည်းတရားကို။ ဂရုံ ကတွာ-အလေးအမြတ်ပြု၍။ ယေ ယေ ဓမ္မာ-အကြင်အကြင်အာရမ္မဏိကပစ္စယုပ္ပန်တရားတို့သည်။ ဥပ္ပဇ္ဇန္တိ-ဖြစ်ကုန်၏။ စိတ္တစေတသိကာ-စိတ်, စေတသိက်ဖြစ်ကုန်သော။ ဓမ္မာ-အာရမ္မဏိကပစ္စယုပ္ပန်တရားတို့သည်။ ဥပ္ပဇ္ဇန္တိ-ဖြစ်ကုန်၏။

တေ တေ ဓမ္မာ-ထိုထိုအာရုံ ၆-ပါးပစ္စည်းတရားတို့သည်။ တေသံ တေသံ ဓမ္မာနံ-ထိုထိုအာရမ္မဏိက ပစ္စယုပ္ပန်တရားတို့အား။ အာရမ္မဏာပစ္စယေန ။ပ။ ဟောတိ-၏။

## ❑ အဓိပ္ပါယ်ရှင်းလင်းချက် -

**အဓိပတိ** = မိမိနှင့်အတူ ဖြစ်ဖက်တရားတို့ကို (လွှမ်းမိုးအုပ်ချုပ် အကြီးအကဲလုပ်ပြီး) မိမိအလိုကျဖြစ်အောင် လိုက်ပါစေနိုင်သောတရားကို **"အဓိပတိ"**ဟုခေါ်သည်။

http://www.dhammadownload.com



## ဖြိုင်ဘက်မရှိ အကြီးအကဲအရာထိုက်သော (အဓိပတိ) ၄-ပါး

| | |
|---|---|
| ဆန္ဒာဓိပတိ | ဒွိဟိတ်ဇော ၁၈၊ တိဟိတ်ဇော ၃၄၊ ပေါင်း (၅၂-ပါး)၌ယှဉ်သော ဆန္ဒ |
| ဝီရိယာဓိပတိ | ဒွိဟိတ်ဇော ၁၈၊ တိဟိတ်ဇော ၃၄၊ ပေါင်း (၅၂-ပါး)၌ယှဉ်သော ဝီရိယ |
| စိတ္တာဓိပတိ | ဒွိဟိတ်ဇော ၁၈၊ တိဟိတ်ဇော ၃၄၊ ပေါင်း (၅၂-ပါး) |
| ဝီမံသာဓိပတိ | တိဟိတ်ဇော ၃၄-၌ယှဉ်သော ပညာ။ (စူးစမ်းဆင်ခြင်တတ်သောပညာကို ဝီမံသ-ဟု ခေါ်သည်။) |

(က) ဒွိဟိတ်ဇော ၁၈-ပါး = လောဘမူ ၈၊ ဒေါသမူ ၂၊ မဟာကုသိုလ်ဉာဏဝိပ္ပယုတ် ၄၊ မဟာကြိယာဉာဏဝိပ္ပယုတ် ၄။

(ခ) တိဟိတ်ဇော ၃၄-ပါး = မဟာကုသိုလ်ဉာဏသမ္ပယုတ် ၄၊ မဟာကြိယာဉာဏသမ္ပယုတ် ၄၊ မဟဂ္ဂုတ်ကုသိုလ် ၉၊ မဟဂ္ဂုတ်ကြိယာ ၉၊ လောကုတ် ၈။

မှတ်ချက်။ ။ ဧကဟိတ်ဇောဖြစ်သော မောဟမူဒွေနှင့် အဟိတ်ဇောဖြစ်သည့် ဟသိတုပ္ပါဒ်တို့ကား အဓိပတိ မဖြစ်ထိုက်။

အဓိပတိ ဧကောဝ လဗ္ဘတိ ။ ။ ထိုထိုကိစ္စ၌ အကြီးဆုံး အချုပ်ဆုံးဖြစ်သူသည် တစ်ယောက်တည်းသာ ရှိရသကဲ့သို့ထို့အတူ မဟာကုသိုလ် ပထမစိတ်၌ အဓိပတိ ၄-ပါးလုံးရှိရာ တစ်ပါးပါးသာ အဓိပတိဖြစ်ရမည်။ ကျန် ၃-ပါးကား နောက်လိုက် ငယ်သားတို့သာတည်း။

ဥပမာ ။ ။ ဆန္ဒထက်သန်သောအခါ ဆန္ဒက အဓိပတိဖြစ်၍ ဝီရိယ-စသည်တို့ကား နောက်လိုက် တရားများသာ ဖြစ်ရသည်ဟူလို။

### အာရမ္မဏာဓိပတိပစ္စည်း ကျေးဇူးပြုပုံ

စကြာဝတေးမင်းသည် အာဏာတန်ခိုးဖြင့် နိုင်ငံသူ/နိုင်ငံသားတို့အား မိမိအလိုသို့ လိုက်ပါအောင် အကြီးအကဲအဖြစ်ဖြင့် လွှမ်းမိုးအုပ်ချုပ်ကျေးဇူးပြုသကဲ့သို့ ရူပ, သဒ္ဒစသော အာရုံ ၆-ပါးပစ္စည်းတရားတို့သည်လည်း မိမိကို အာရုံပြုသော စိတ်, စေတသိက်တို့အပေါ်၌ အာရုံသဘောအားဖြင့် လွှမ်းမိုးအုပ်ချုပ် အကြီးအကဲလုပ်၍ မိမိအလိုသို့ လိုက်ပါအောင် (မခွဲနိုင်ပဲ စွဲစွဲလမ်းလမ်းဖြစ်အောင်) ကျေးဇူးပြုကြသည်။

ဥပမာ။ ။ ဣဋ္ဌဖြစ်သော အဆင်းရူပါရုံသည် မိမိကို အာရုံပြုသော လောဘစိတ်, စေတသိက်တို့ကို လွှမ်းမိုးအုပ်စိုး၍ မခွဲနိုင်အောင် မခွါနိုင်အောင် ကျေးဇူးပြုသည်။ အသံသဒ္ဒါရုံစသည် ထိုနည်းတူပင်။)

### အာရမ္မဏနှင့် အာရမ္မဏာဓိပတိထူးခြားပုံ

(က) သာမညအာရုံသဘောဖြင့် ကျေးဇူးပြုသော ပစ္စည်းကို "အာရမ္မဏပစ္စည်း"ဟုခေါ်သည်။

(ခ) အာရုံပြုသော စိတ်, စေတသိက်တို့ကို လွှမ်းမိုး၍ အာရုံသဘောအားဖြင့် ကျေးဇူးပြုသော ပစ္စည်းကို "အာရမ္မဏာဓိပတိပစ္စည်း"ဟု ခေါ်သည်။

### အာရမ္မဏနှင့် အာရမ္မဏိက

(က) **အာရမ္မဏ**ဟူသည် အာရုံ ၆-ပါးပစ္စည်းတရားဖြစ်သည်။

(ခ) **အာရမ္မဏိက**ဟူသည် ထိုအာရုံ ၆-ပါးကို အာရုံပြု၍ စွဲလမ်း၍ ဖြစ်ပေါ်လာကြသော စိတ်, စေတသိက်-ဟူသော အကျိုးပစ္စယုပ္ပန်တရားများဖြစ်သည်။

http://www.dhammadownload.com



**သဟဇာတာဓိပတိပစ္စည်း ကျေးဇူးပြုပုံ**

စကြာဝတေးမင်းသည် နိုင်ငံသူ/နိုင်ငံသားတို့အား မိမိအလိုသို့ လိုက်ပါအောင် အကြီးအကဲအဖြစ်ဖြင့် လွှမ်းမိုးအုပ်ချုပ်ကျေးဇူးပြုသကဲ့သို့ အဓိပတိထိုက်သော ဆန္ဒ, ဝီရိယ, စိတ္တ, ဝီမံသ-တို့သည်လည်း မိမိနှင့်အတူ တကွယှဉ်ဘက်ဖြစ်ကြသော စိတ်, စေတသိက်တို့အပေါ်၌ လွှမ်းမိုးအုပ်ချုပ် အကြီးအကဲလုပ်၍ မိမိနောက်သို့ လိုက်ပါအောင် ကျေးဇူးပြုကြသည်။

ဥပမာ။ ။ အဓိပတိတပ်သော ဆန္ဒသည် သူနှင့် အတူတကွယှဉ်ဘက်ဖြစ်ကြသော စိတ်, စေတသိက်တို့နှင့် မိမိတို့ကြောင့်ဖြစ်သော စိတ္တဇရုပ်တရားတို့ကို မိမိအလိုဆန္ဒအတိုင်း မိမိဖြစ်ချင်သည့်အတိုင်း မိမိနောက်သို့ လိုက်ပါလာအောင် ကျေးဇူးပြုသည်။

အလောင်းတော် သုမေဓာရသေ့သည် ဒီပင်္ကရာဘုရားနှင့် တွေ့စဉ်ဘဝမှာပင် နိဗ္ဗာန်, မဂ်, ဖိုလ်ကို နိုင်သူဖြစ်ပါလျက် သတ္တဝါတို့ကို ကယ်တင်လိုသောဆန္ဒ, ဘုရားဖြစ်လိုသောဆန္ဒတို့ကြောင့် ဘုရားဖြစ်ကြောင်း ပါရမီ, စာဂ, စရိယတို့နှင့် ပြည့်စုံအောင် ၄-သင်္ချေနှင့် ကမ္ဘာတစ်သိန်းဖြည့်ကျင့်ခဲ့ရပုံ-စသည်တည်း။

**သဟဇာတာဓိပတိဆိုင်ရာ မှတ်သားဖွယ်ရာများ**

- ✔ **ဆန္ဒဝတော ကိံနာမ ကမ္မံ န သိဇ္ဈတိ။**
  ဆန္ဒအားကြီးသူမှာ မဖြစ်နိုင်ဘူးဆိုတာ မရှိ၊ လုပ်ဆောင်သမျှ အောင်မြင်ရ၏။
- ✔ **ဝီရိယဝတော ကိံနာမ ကမ္မံ န သိဇ္ဈတိ။**
  ကြိုးစားလုံ့လ ဝီရိယအားကြီးသူမှာ မဖြစ်နိုင်ဘူးဆိုတာ မရှိ၊ လုပ်ဆောင်သမျှ အောင်မြင်ရ၏။
- ✔ **စိတ္တဝတော ကိံနာမ ကမ္မံ န သိဇ္ဈတိ။**
  ထက်သန်သောစိတ္တာဓိပတိဖြင့် လုပ်ဆောင်သူမှာ မဖြစ်နိုင်ဘူးဆိုတာ မရှိ၊ လုပ်ဆောင်သမျှ အောင်မြင်ရ၏။
- ✔ **ပညာဝတော ကိံနာမ ကမ္မံ န သိဇ္ဈတိ။**
  ဝီမံသခေါ် ပညာဉာဏ်ဖြင့် လုပ်ဆောင်သမျှ ပြီးစီးအောင်မြင်ရ၏။

## ၄။ အနန္တရပစ္စယ

အခြားမဲ့ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။(မိမိချုပ်ဆုံးပြီးနောက် အခြားမဲ့၌ စိတ်, စေတသိက်တို့ဖြစ်ပွားအောင် ဆောင်ရွက်သမှုကျေးဇူးပြုသော ပစ္စည်းသည် **အနန္တရပစ္စည်းမည်၏။**)

| | |
|---|---|
| ပစ္စည်း | ရဟန္တာတို့၏ စုတိစိတ်ကြဉ်သော ရှေးရှေးသော စိတ် ၈၉-ပါး၊ စေတသိက် ၅၂-ပါး |
| ပစ္စယုပ္ပန် | ရဟန္တာတို့၏ စုတိစိတ်နှင့်တကွ နောက်နောက်သော စိတ် ၈၉-ပါး၊ စေတသိက် ၅၂-ပါး။ |
| ပစ္စယသတ္တိ | ဧကရာဇ်ဘုရင်၏ နတ်ရွာလားခြင်းသည် သားကြီးရတနာအား မင်းအဖြစ်အဘိသိက်ခံခြင်းငှာ ကျေးဇူးပြုသကဲ့သို့ ရှေးရှေးဖြစ်သော စိတ်, စေတသိက်တို့သည် နောက်နောက်အခြားမဲ့ဖြစ်ကြသော စိတ်, စေတသိက်တို့အား အနန္တရသတ္တိဖြင့် ကျေးဇူးပြုကြကုန်၏။<br>ရှေးရှေးသော မျိုးစေ့သည် နောက်နောက်မျိုးစေ့အား အစဉ်မပြတ် ဖြစ်ပေါ်ရစ်အောင် မျိုးအညှောက်ပေးခြင်းဖြင့် ကျေးဇူးပြုသကဲ့သို့ ရှေးရှေးစိတ္တုပ္ပါဒ်သည် မိမိချုပ်ပျောက်သည်ရှိသော် နောက် နောက်စိတ္တုပ္ပါဒ်ဖြစ်ပေါ်ရစ်ရန်မျိုးအညှောက်ပေး၍ကျေးဇူးပြု၏။ ထို့အတူ စိတ်ကလည်း နောက်စိတ်ဖြစ်ရန် စိတ်မျိုးအညှောက်ချန်ထားခဲ့၏။ ဖဿကလည်း နောက်ဖဿဖြစ်ရန် ဝေဒနာကလည်း နောက်ဝေဒနာဖြစ်ရန် အလုံးစုံသော စေတသိက်တို့သည် အသီးသီး မိမိတို့၏ ဇာတ်အစဉ်အဆက်မပြတ်ဖြစ်ပေါ်ရန် မျိုးအညှောက်ချန်ထားခဲ့၏။ ဤသို့ နောက်စိတ္တုပ္ပါဒ်အား ဖြစ်ပေါ်ခွင့်ရရန် မျိုးအစဉ်ပေးသည်၏အဖြစ်ဖြင့် ကျေးဇူးပြုမှုကိုပင် **အနန္တရပစ္စယသတ္တိ**-ဟုခေါ်၏။ |

http://www.dhammadownload.com



## ❑ အနန္တရပစ္စယောတိ / သမနန္တရပစ္စယောတိ-

| ပစ္စည်း =အကြောင်း | ပစ္စယုပ္ပန် = အကျိုး |
|---|---|
| စက္ခုဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ | မနောဓာတုယာ တံသမ္ပယုတ္တကာနဥ္စ ဓမ္မာနံ |
| မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ | မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဥ္စ ဓမ္မာနံ |
| သောတဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ | မနောဓာတုယာ တံသမ္ပယုတ္တကာနဥ္စ ဓမ္မာနံ |
| မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ | မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဥ္စ ဓမ္မာနံ |
| ဃာနဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ | မနောဓာတုယာ တံသမ္ပယုတ္တကာနဥ္စ ဓမ္မာနံ |
| မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ | မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဥ္စ ဓမ္မာနံ |
| ဇိဝှါဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ | မနောဓာတုယာ တံသမ္ပယုတ္တကာနဥ္စ ဓမ္မာနံ |
| မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ | မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဥ္စ ဓမ္မာနံ |
| ကာယဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ | မနောဓာတုယာ တံသမ္ပယုတ္တကာနဥ္စ ဓမ္မာနံ |
| မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ | မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဥ္စ ဓမ္မာနံ |
| ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ | ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ |
| ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ | ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ |
| ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ | ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ |
| ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ | ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ |
| ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ | ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ |
| ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ | ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ |
| ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ | ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ |
| ယေသံ ယေသံ ဓမ္မာနံ အနန္တရာ/သမနန္တရာ တေ တေ ဓမ္မာ | ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ၊ တေသံ တေသံ ဓမ္မာနံ |
| အနန္တရပစ္စယေန ပစ္စယော/ သမနန္တရပစ္စယေန ပစ္စယော။ | |

နိဿယ = အနန္တရပစ္စယောတိ- အနန္တရပစ္စည်းဟူသည်ကား-

✔ စက္ခုဝိညာဏဓာတု-စက္ခုဝိညာဏဓာတ်သည်၎င်း။ တံသမ္ပယုတ္တကာ-ထိုစက္ခုဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာ စ-သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇-ခုတို့သည်၎င်း။ မနောဓာတုယာ စ-သမ္ပဋိစ္ဆိုန်းဒွေး ဟုဆိုအပ်သော မနောဓာတ်အား၎င်း။ တံ သမ္ပယုတ္တကာနံ-ထိုမနောဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဥ္စ-ဆန္ဒ, ပီတိ, ဝီရိယကြဉ်သော အညသမာန်းစေတသိက် ၁၀-တို့အား၎င်း။ အနန္တရပစ္စယေန ။ ပ။ ဟောတိ-၏။

✔ မနောဓာတု စ-သမ္ပဋိစ္ဆိုန်းဒွေးဟုဆိုအပ်သော မနောဓာတ်သည်၎င်း။ တံသမ္ပယုတ္တကာ-ထိုမနောဓာတ်နှင့်ယှဉ်ကုန်သော။ ဓမ္မာ စ-ဆန္ဒ, ပီတိ, ဝီရိယကြဉ်သော အညသမာန်းစေတသိက် ၁၀-ပါးတို့သည်၎င်း။ မနောဝိညာဏဓာတုယာ စ-သန္တီရဏ ၃-ခုဟုဆိုအပ်သော မနောဝိညာဏဓာတ်အား၎င်း။ တံသမ္ပယုတ္တကာနံ-ထိုမနောဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဥ္စ-ဆန္ဒ, ဝီရိယကြဉ်သော အညသမာန်းစေတသိက် ၁၁-ခုတို့အား၎င်း။ အနန္တရပစ္စယေန ။ ပ။ ဟောတိ-၏။

http://www.dhammadownload.com



**ကု+ကု** ✔ ပုရိမာ ပုရိမာ-ရှေးရှေး၌ဖြစ်ကုန်သော။ ကုသလာ-ကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာ-(အဆုံးဇော ကြဉ်သော လောကီကုသိုလ် ၁၇-ခု၊ နာမက္ခန္ဓာ)တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ-နောက်နောက်၌ဖြစ်ကုန်သော။ ကုသလာနံ-ကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာနံ-(ပဌမဇောကြဉ်သော ကုသိုလ်စိတ် ၂၁-ပါး နာမက္ခန္ဓာ)တရားတို့အား။ အနန္တရပစ္စယေန ။ ပ။ ဟောတိ-၏။

**ကု+ဗျာ** ✔ ပုရိမာ ပုရိမာ-ကုန်သော။ ကုသလာ-ကုန်သော။ ဓမ္မာ-(လောကီကုသိုလ် ၁၇-ခု၊ အဆုံးဇော, မဂ် ၄-ခု နာမက္ခန္ဓာ)တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ-ကုန်သော။ အဗျာကတာနံ-ကုန်သော။ ဓမ္မာနံ-(သန္တီရဏ ၃-ခု၊ မဟာဝိပါက် ၈-ခု၊ မဟဂ္ဂုတ်ဝိပါက် ၉-ခု၊ ဖိုလ် ၄-ခု နာမက္ခန္ဓာ)တရားတို့အား။ အနန္တရပစ္စယေန ။ ပ။ ဟောတိ-၏။

**အကု+အကု** ✔ ပုရိမာ ပုရိမာ-ကုန်သော။ အကုသလာ-ကုန်သော။ ဓမ္မာ-(အဆုံးဇောကြဉ်သော အကုသိုလ် ၁၂-ခု နာမက္ခန္ဓာ)တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ-ကုန်သော။ အကုသလာနံ-ကုန်သော။ ဓမ္မာနံ-(ပထမဇောကြဉ်သော အကုသိုလ် ၁၂-ခု နာမက္ခန္ဓာ)တရားတို့အား။ အနန္တရပစ္စယေန ။ ပ။ ဟောတိ-၏။

**အကု+ဗျာ** ✔ ပုရိမာ ပုရိမာ-ကုန်သော။ အကုသလာ-ကုန်သော။ ဓမ္မာ-(အကုသိုလ် ၁၂-ခု၊ အဆုံးဇော နာမက္ခန္ဓာ)တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ-ကုန်သော။ အဗျာကတာနံ-ကုန်သော။ ဓမ္မာနံ-(သန္တီရဏ ၃-ခု၊ မဟာဝိပါက် ၈-ခု၊ မဟဂ္ဂုတ်ဝိပါက် ၉-ခုနာမက္ခန္ဓာ)တရားတို့အား။ အနန္တရပစ္စယေန ။ ပ။ ဟောတိ-၏။

**ဗျာ+ဗျာ** ✔ ပုရိမာ ပုရိမာ-ကုန်သော။ အဗျာကတာ-ကုန်သော။ ဓမ္မာ-(ရဟန္တာတို့၏ စုတိကြဉ်သော ဝိပါက်စိတ် ဆတ္တိံသ(၃၆) ကြိယာစိတ် ဝီသ(၂၀) နာမက္ခန္ဓာ) တရား တို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ-ကုန်သော။ အဗျာကတာနံ-ကုန်သော။ ဓမ္မာနံ-(ရဟန္တာတို့ စုတိစိတ်နှင့်တကွ ဝိပါက်စိတ် ဆတ္တိံသ, ကြိယာစိတ် ဝီသ နာမက္ခန္ဓာ)တရားတို့အား။ အနန္တရပစ္စယေန ။ ပ။ ဟောတိ-၏။

**ဗျာ+ကု** ✔ ပုရိမာ ပုရိမာ-ကုန်သော။ အဗျာကတာ-ကုန်သော။ ဓမ္မာ-(ဝုဋ္ဌော-မနောဒွါရာဝဇ္ဇန်း နာမက္ခန္ဓာ)တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ-ကုန်သော။ ကုသလာနံ-ကုန်သော။ ဓမ္မာနံ-(မဟာကုသိုလ် ပထမဇော နာမက္ခန္ဓာ)တရားတို့အား။ အနန္တရပစ္စယေန ။ ပ။ ဟောတိ-၏။

**ဗျာ+အကု** ✔ ပုရိမာ ပုရိမာ-ကုန်သော။ အဗျာကတာ-ကုန်သော။ ဓမ္မာ-(ဝုဋ္ဌော-မနောဒွါရာဝဇ္ဇန်း နာမက္ခန္ဓာ)တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ-ကုန်သော။ အကုသလာနံ-ကုန်သော။ ဓမ္မာနံ-(အကုသိုလ်စိတ် ဒွါဒသ၊ ပထမဇော နာမက္ခန္ဓာ)တရားတို့အား။ အနန္တရပစ္စယေန ။ ပ။ ဟောတိ-၏။

ယေသံ ယေသံ-အကြင်အကြင်သို့ သဘောရှိကုန်သော။ ဓမ္မာနံ-(ရဟန္တာတို့ စုတိကြဉ်သော ရှေးရှေးသော နာမက္ခန္ဓာ)ပစ္စည်းတရားတို့၏။ အနန္တရာ-အခြားမဲ့၌။ ယေ ယေ ဓမ္မာ-အကြင်အကြင်သို့သဘောရှိကုန်သော ရဟန္တာတို့၏ စုတိစိတ်နှင့်တကွ နောက်နောက်သော နာမက္ခန္ဓာတို့သည်။ ဥပ္ပဇ္ဇန္တိ-ဖြစ်ကုန်၏။ စိတ္တစေတသိကာ-ကုန်သော။ ဓမ္မာ-နာမက္ခန္ဓာတရားတို့သည်။ ဥပ္ပဇ္ဇန္တိ-ဖြစ်ကုန်၏။ တေ တေ ဓမ္မာ- ထိုထိုသို့ သဘောရှိကုန်သော (ရဟန္တာတို့စုတိကြဉ်သော ရှေးရှေးသော နာမက္ခန္ဓာ)ပစ္စည်းတရားတို့သည်။ တေသံ တေသံ ဓမ္မာနံ-ထိုထိုသို့ သဘောရှိကုန်သော ရဟန္တာတို့၏ စုတိနှင့်တကွ နောက်နောက်သော နာမက္ခန္ဓာ) ပစ္စယုပ္ပန်တရားတို့အား။ အနန္တရပစ္စယေန ။ ပ။ ဟောတိ-၏။

http://www.dhammadownload.com



❑ **အဓိပ္ပါယ်ရှင်းလင်းချက်** -

**အနန္တရ**။ ။ (န+အန္တရ) မိမိချုပ်ဆုံးပြီးသည်၏ အခြားမဲ့၌ စိတ်, စေတသိက်တရားတို့အား အကြားမရှိ တဆက်တည်းဖြစ်ပေါ်လာအောင်ကျေးဇူးပြုခြင်းသဘော။
ရှေးရှေးစိတ်များ ချုပ်ဆုံးသွားခြင်းသည် နောက်နောက် စိတ်များဖြစ်ပေါ်လာအောင် ကျေးဇူးပြုခြင်းသဘော။

**အနန္တရပစ္စည်း၌** - ရှေးရှေးသော စိတ်, စေတသိက်တို့က ပစ္စည်း။
နောက်နောက်သော စိတ်, စေတသိက်တို့က ပစ္စယုပ္ပန်ဖြစ်ကြသည်။

**အနန္တရပစ္စည်းအတွက် ဝီထိစိတ်အစဉ်ဖြစ်ပုံဇယား**

| | | |
|---|---|---|
| တီ-န-ဒ-ပ-စ-သံ-ဏ္ဍီ-ဝု | ဇော-ဇော-ဇော-ဇော-ဇော-ဇော-ဇော | ရုံ-ရုံ ၁၇ |
| အဗျာကတ | ကုသိုလ်, အကုသိုလ်, အဗျာကတ | အဗျာကတ |

အထက်ပါ ဝီထိစိတ်အစဉ်၌ -

၁။ တီ(အတီတဘဝင်)မှ ဝုဋ္ဌောတိုင်အောင် ၈-ခုကား အဗျာကတဖြစ်သည်။
၂။ ဇော ၇-ကြိမ်မှာ ကုသိုလ်, အကုသိုလ်, အဗျာကတ ၃-မျိုးရသည်။
၃။ ရုံ, ရုံ (တဒါရုံ ၂-ကြိမ်)မှာ အဗျာကတဖြစ်သည်။

ဆောင်။ ။ **ရှေ့ရှစ်, နောက်နှစ်၊ အဗျာကတဖြစ်၊ လယ်ခုနှစ်မှာ၊ ကု+အကု+ဗျာ၊ မှန်စွာဖြစ်ပေသည်။**

အထက်ပါ အတိမဟန္တာရုံစက္ခုဒွါရဝီထိစိတ်အစဉ်ဖြစ်ပုံ(ဇယား)ကွက်ကို ကြည့်၍

၁။ အတီတဘဝင်စိတ်သည် ဘဝင်္ဂစလနစိတ်အား အနန္တရသတ္တိဖြင့် ကျေးဇူးပြုသည်။
၂။ ဘဝင်္ဂလစလနစိတ်သည် ဘဝင်္ဂုပစ္ဆေဒစိတ်အား အနန္တရသတ္တိဖြင့် ကျေးဇူးပြုသည်။
၃။ ဘဝင်္ဂုပစ္ဆေဒစိတ်သည် ပဉ္စဒွါရာဝဇ္ဇန်းစိတ်အား အနန္တရသတ္တိဖြင့် ကျေးဇူးပြုသည်။
၄။ ပဉ္စဒွါရာဝဇ္ဇန်းစိတ်သည် စက္ခုဝိညာဏ်စိတ်အား အနန္တရသတ္တိဖြင့် ကျေးဇူးပြုသည်။
၅။ စက္ခုဝိညာဏ်စိတ်သည် သမ္ပဋိစ္ဆိုန်းစိတ်အား အနန္တရသတ္တိဖြင့် ကျေးဇူးပြုသည်။
၆။ သမ္ပဋိစ္ဆိုန်းစိတ်သည် သန္တီရဏစိတ်အား အနန္တရသတ္တိဖြင့် ကျေးဇူးပြုသည်။
၇။ သန္တီရဏစိတ်သည် ဝုဋ္ဌော(မနောဒွါရာဝဇ္ဇန်း)စိတ်အား အနန္တရသတ္တိဖြင့် ကျေးဇူးပြုသည်။
၈။ ဝုဋ္ဌော(မနောဒွါရာဝဇ္ဇန်း)စိတ်သည် ပထမဇောစိတ်အား အနန္တရသတ္တိဖြင့် ကျေးဇူးပြုသည်။
၉။ ပထမဇောစိတ်သည် ဒုတိယဇောစိတ်အား အနန္တရသတ္တိဖြင့် ကျေးဇူးပြုသည်။
၁၀။ ဒုတိယဇောစိတ်သည် တတိယဇောစိတ်အား အနန္တရသတ္တိဖြင့် ကျေးဇူးပြုသည်။
၁၁။ တတိယဇောစိတ်သည် စတုတ္ထဇောစိတ်အား အနန္တရသတ္တိဖြင့် ကျေးဇူးပြုသည်။
၁၂။ စတုတ္ထဇောစိတ်သည် ပဉ္စမဇောစိတ်အား အနန္တရသတ္တိဖြင့် ကျေးဇူးပြုသည်။
၁၃။ ပဉ္စမဇောစိတ်သည် ဆဋ္ဌမဇောစိတ်အား အနန္တရသတ္တိဖြင့် ကျေးဇူးပြုသည်။
၁၄။ ဆဋ္ဌမဇောစိတ်သည် သတ္တမဇောစိတ်အား အနန္တရသတ္တိဖြင့် ကျေးဇူးပြုသည်။
၁၅။ သတ္တမဇောစိတ်သည် ပထမတဒါရုံစိတ်အား အနန္တရသတ္တိဖြင့် ကျေးဇူးပြုသည်။

http://www.dhammadownload.com



၁၆။ ပထမတဒါရုံစိတ်သည် ဒုတိယတဒါရုံစိတ်အား အနန္တရသတ္တိဖြင့် ကျေးဇူးပြုသည်။
၁၇။ ဒုတိယတဒါရုံစိတ်သည် ဘဝင်စိတ်အား အနန္တရသတ္တိဖြင့် ကျေးဇူးပြုသည်။
ဤသို့စသည်ဖြင့် ရှေးရှေးသောစိတ်သည် နောက်နောက်သော စိတ်အား အနန္တရသတ္တိဖြင့်ကျေးဇူးပြုပုံမှာ လွန်စွာကျယ်ဝန်းသည်။

သတ္တဝါတို့၏ သန္တာန်၌ နာမ်တရားတို့၏ အနန္တရပစ္စည်းဆက်သွယ်ခြင်းသဘောသည် နိဗ္ဗာန်သို့ မရောက်သေးသမျှကာလပတ်လုံး မကင်းပြတ်နိုင်။ ရဟန္တာတို့၏ စုတိစိတ်နောက်သို့ ရောက်မှသာလျှင် အနန္တရပစ္စယသတ္တိ ကင်းပြတ်သည်ဟု မှတ်ယူရမည်။

**အနန္တရပစ္စယနိဒ္ဒေသပါဠိတော်၌** -
၁။ စက္ခုဝိညာဏ်စိတ်က သမ္ပဋိစ္ဆိုန်းအား ကျေးဇူးပြုပုံကို စက္ခုဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ- စသည်ဖြင့်ဍင်း။
၂။ သမ္ပဋိစ္ဆိုန်းစိတ်က သန္တီရဏစိတ်အား ကျေးဇူးပြုပုံကို**မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ**-စသည်ဖြင့် ဍင်း ဟောတော်မူသည်။
၃။ ထိုမှ အကြွင်းကို ပုရိမာ ပုရိမာ-စသည်ဖြင့်ဍင်း ဟောတော်မူသည်။
၄။ ခပ်သိမ်းသော အနန္တရပစ္စည်းတို့၏ သဘောလက္ခဏာကို ပြလို၍ **ယေသံ ယေသံ ဓမ္မာနံ**-စသည်ကို ဟောတော်မူသည်။

**မှတ်ချက်။** ။ စက္ခုဒွါရအတွက် မျက်စိအကြည်မှာ အဆင်းရူပါရုံလာတိုက်ရာ၌ 'အတီတဘဝင်, ဘဝင်စလန, ဘဝင်ုပစ္ဆေဒ, ပဉ္စဒွါရာဝဇ္ဇန်း, စက္ခုဝိညာဏ်, သမ္ပဋိစ္ဆိုန်း, သန္တီရဏ, ဝုဋ္ဌော, ဇော ၇-ကြိမ်, တဒါရုံ ၂-ကြိမ်-ဟု စိတ္တက္ခဏ ၁၇-ကြိမ် စီတန်းဖြစ်ကြသည်။ ထို့အတူ နားအကြည်မှာ အသံသဒ္ဒါရုံလာတိုက်သည့်အခါ၌လည်း စိတ္တက္ခဏ ၁၇-ကြိမ်စီဖြစ်ကြသည်။ ယင်းသို့ဖြစ်ကြရာ၌ ရှေးရှေးသော စိတ်သည် နောက်နောက်စိတ်အား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။ သမနန္တရပစ္စည်းကျေးဇူးပြုပုံမှာ အနန္တရပစ္စည်းကျေးဇူးပြုပုံနှင့် လုံးဝတူ၏။

## ကုသိုလ်, အကုသိုလ်, အဗျာကတအဓိပ္ပါယ်

**ကုသိုလ်။** ။ ကုသလာ **အနဝဇ္ဇသုခဝိပါကလက္ခဏာ**။
ကုသိုလ်ဆိုတာ ပြုတုန်းပြုဆဲမှာလည်း အပြစ်မရှိ၊ ပြုပြီးနောက်မှာလည်း ကောင်းသော အကျိုးကို ပေးခြင်းလက္ခဏာရှိ၏။

**ဆောင်။** ။ ကုသိုလ်ဆိုတာ၊ ပြုဆဲမှာ၊ မှန်စွာ ပြစ်ကင်းသည်။
ပြုပြီးနောက်ခါ၊ ကောင်းကျိုးသာ၊ မှန်စွာဖြစ်စေသည်။

**အကုသိုလ်။** ။ အကုသလာ သာဝဇ္ဇဒုက္ခဝိပါကလက္ခဏာ။
အကုသိုလ်တရားတို့သည် ပြုတုန်းပြုဆဲခဏမှာလည်း အပြစ်ရှိသည်၊ ပြုပြီးနောက်မှာလည်း မကောင်းကျိုးကိုသာ ပေးသည်။
**ဆောင်။** ။ အကုသိုလ်ဆိုတာ၊ ပြုဆဲမှာ၊ မှန်စွာ ပြစ်ရှိသည်။
ပြုပြီးနောက်ခါ၊ ဆိုးကျိုးသာ၊ မှန်စွာဖြစ်စေသည်။

http://www.dhammadownload.com



**အဗျာကတ။** ။ အဗျာကတာ အဝိပါကလက္ခဏာ။
ကောင်းကျိုး/ဆိုးကျိုး ထိုနှစ်မျိုးကို မပေးတတ်, မဖြစ်စေတတ်သော တရား။
**ဆောင်။** ။ ကောင်းကျိုး/ဆိုးကျိုး၊ နှစ်မျိုးမပါ၊ ဗျာကတာ၊ မှန်စွာ ဖြစ်ပေသည်။

## ၅။ သမနန္တရပစ္စယ

ကောင်းစွာအခြားမဲ့ဖြစ်၍ ကျေးဇူးပြုတတ်သော တရား။

အနန္တရပစ္စည်းနှင့် သမနန္တရပစ္စည်းတို့သည် သံ-သဒ္ဒါ ပါ/မပါမျှသာ ထူး၏။ အနက်သဘောအားဖြင့် အထူးမရှိ။ ပစ္စည်း + ပစ္စယုပ္ပန် လုံးဝတူ၏။

**ပစ္စယသတ္တိ** ။ ။ ဧကရာဇ်မင်း၏ ရဟန်းပြုခြင်းသည် သားကြီးရတနာအား မင်းအဖြစ်ကို ရစေခြင်းငှာ ကျေးဇူးပြုသကဲ့သို့ ရှေးရှေးဖြစ်သော စိတ်, စေတသိက်တို့သည် နောက်နောက် အခြားမဲ့ဖြစ်ကြသည့် စိတ်, စေတသိက်တို့အား ကောင်းစွာအခြားမရှိစေဘဲ ဖြစ်ပေါ်ရန် ကျေးဇူးပြုကြကုန်၏။

(ရှေးရှေးစိတ်, စေတသိက်တို့က နောက်နောက်စိတ်, စေတသိက်တို့အား အစဉ်အဆက်မပြတ် မျိုးအညွှာက်ပေးကြရာ၌ "စိတ်သည် ဖဿ, ဝေဒနာ-စ သည်တို့အား မပေးပဲ စိတ်အားသာလျှင် ပေး၏။ ဖဿသည် စိတ်, ဝေဒနာ-စသည်တို့အား မပေးပဲ ဖဿအားသာလျှင် ပေး၏။ ထို့အတူ ကြွင်းသော စိတ်, စေတသိက်တို့ကလည်း ဇာတ်မတူသူတို့အား မပေးပဲ အသီးသီးဇာတ်တူသူအားသာလျှင် ပေးဆက်ကြ၏။ ဤသို့ ဇာတ်မရော, မပြောင်းစေဘဲ မိမိတို့၏ ဇာတ်တူသားအားသာလျှင် ကောင်းစွာမျိုးအစဉ်ပေးကြသောကြောင့် အနန္တရပစ္စည်းကိုပင် "သံ-ကောင်းစွာ"ဟူသောပုဒ်ဖြင့် အထူးပြု၍ "**သမနန္တရပစ္စည်း**"ဟု ဟောတော်မူသည်။)

## ၆။ သဟဇာတပစ္စယ

အတူတကွဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

| | |
|---|---|
| ပစ္စည်း | စိတ် ၈၉-ပါး၊ စေတသိက် ၅၂-ပါး၊ စတုဇမဟာဘုတ် ၄-ပါး၊ ပဋိသန္ဓေဝါကာရပဋိသန္ဓေ ၁၅-ပါး၊ ဟဒယဝတ္ထု။ |
| ပစ္စယုပ္ပန် | စိတ် ၈၉-ပါး၊ စေတသိက် ၅၂-ပါး၊ အဇ္ဈတ္တဗဟိဒ္ဓအလုံးစုံသော ရုပ် ၂၈-ပါး၊ ပဉ္စဝေါကာရပဋိသန္ဓေ ၁၅-ပါး၊ ပဋိသန္ဓေကမ္မဇရုပ်။ |
| ပစ္စယသတ္တိ | ဆီမီးသည် မီးတောက်သည်နှင့် တစ်ပြိုင်နက် အရောင်အလင်းကို အတူတကွဖြစ်စေသကဲ့သို့ အကြောင်းတရားတို့သည် မိမိတို့ ဖြစ်ပေါ်လာကြသည်နှင့် တပြိုင်နက် အကျိုးတရားတို့အား တစ်ပြိုင်နက်အတူတကွ ဖြစ်ပေါ်လာအောင် ကျေးဇူးပြုမှုကို "သဟဇာတပစ္စယသတ္တိ"ဟု ခေါ်သည်။ |

(က) စိတ်, စေတသိက်တို့သည် အချင်းချင်အားရင်း၊ မိမိတို့ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အားရင်း သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။
(ခ) မဟာဘုတ် ၄-ပါးသည် အချင်းချင်းအားရင်း၊ ဥပါဒါရုပ်တို့အားရင်း သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။
(ဂ) ပဉ္စဝေါကာရပဋိသန္ဓေ ၁၅-ပါးတို့သည် ပဋိသန္ဓေကမ္မဇရုပ်တို့အား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသည်
(ဃ) ဟဒယဝတ္ထုသည် ပဉ္စဝေါကာရပဋိသန္ဓေ ၁၅-ပါးအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။

http://www.dhammadownload.com



## ❑ သဟဇာတပစ္စယောတိ -

| ပစ္စည်း =အကြောင်း | ပစ္စယုပ္ပန် = အကျိုး | ပစ္စယသတ္တိ |
|---|---|---|
| စတ္တာရော ခန္ဓာ အရူပိနော | အညမညံ | သဟဇာတပစ္စယေန ပစ္စယော။ |
| စတ္တာရော မဟာဘူတာ | အညမညံ | |
| ဩက္ကန္တိက္ခဏေ နာမရူပံ | အညမညံ | |
| စိတ္တစေတသိကာ ဓမ္မာ | စိတ္တသမုဋ္ဌာနာနံ ရူပါနံ | |
| မဟာဘူတာ | ဥပါဒါရူပါနံ | |
| ရူပိနော ဓမ္မာ | အရူပီနံ ဓမ္မာနံ ကိဉ္စိကာလေ ကိဉ္စိကာလေ န | |

**နိဿယ** = သဟဇာတပစ္စယောတိ- သဟဇာတပစ္စည်းဟူသည်ကား-

✔ စတ္တာရော-လေးပါးကုန်သော။ အရူပိနော-နာမ်ဖြစ်ကုန်သော။ ခန္ဓာ-ခန္ဓာတို့သည်။ အညမညံ-(အညမညဿ)အချင်းချင်းအား။ သဟဇာတပစ္စယေန-ဖြင့်။ ပစ္စယော=ဥပကာရကော-သည်။ ဟောတိ-၏။

✔ စတ္တာရော-ကုန်သော။ မဟာဘူတာ-မဟာဘုတ်တို့သည်။ အညမညံ-(အညမညဿ)-အား။ သဟဇာတပစ္စယေန ။ပ။ ဟောတိ-၏။

✔ ဩက္ကန္တိက္ခဏေ-ပဋိသန္ဓေခဏ၌။ နာမရူပံ(ပဋိသန္ဓေနာမက္ခန္ဓာ, ဟဒယဝတ္ထု-ဟူသော)နာမ်ရုပ်သည်။ အညမညံ-(အညမညဿ)-အား။ သဟဇာတပစ္စယေန ။ပ။ ဟောတိ-၏။

✔ စိတ္တစေတသိကာ-စိတ်, စေတသိက်ဖြစ်ကုန်သော။ ဓမ္မာ-အရူပဝိပါက် ၄-ခု၊ ဒွေပဉ္စဝိညာဏ် ၁၀၊ ရဟန္တာတို့ စုတိစိတ်ကြဉ်သော စိတ် ၇၅-ခု၊ စေတသိက် ဒွေပညာသ)နာမက္ခန္ဓာတို့သည်။ စိတ္တသမုဋ္ဌာနာနံ-စိတ်လျှင်ဖြစ်ကြောင်းရှိကုန်သော (ဝါ) စိတ်ကြောင့်ဖြစ်ကုန်သော။ ရူပါနံ-စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အား သဟဇာတပစ္စယေန ။ပ။ ဟောတိ-၏။

✔ မဟာဘူတာ-မဟာဘုတ် ၄-ပါးတို့သည်။ ဥပါဒါရူပါနံ-ဥပါဒါရုပ်တို့အား (ဝါ) မဟာဘုတ်တို့ကို မှီ၍ဖြစ်သော ရုပ်တို့အား။ ။ပ။

✔ ရူပိနော-ရုပ်ဖြစ်ကုန်သော။ ဓမ္မာ-ဟဒယဝတ္ထုတို့သည်။ အရူပီနံ-နာမ်ဖြစ်ကုန်သော။ ဓမ္မာနံ-ပဋိသန္ဓေနာမက္ခန္ဓာတို့အား။ ကိဉ္စိကာလေ-အချို့သော ပဋိသန္ဓေကာလ၌။ သဟဇာတပစ္စယေန ။ပ။ ဟောတိ-၏။

ကိဉ္စိကာလေ-အချို့သော ပဝတ္တိကာလ၌။ သဟဇာတပစ္စယေန-ဖြင့်။ ပစ္စယော-ဥပကာရကော-သည်။ န ဟောတိ-မဖြစ်။

## ❑ အဓိပ္ပါယ်ရှင်းလင်းချက် -

သဟဇာတ ။ ။ သဟ + ဇာတ = မိမိနှင့်အတူတကွ ဖြစ်ပေါ်ရန် ကျေးဇူးပြုခြင်းသဘော။

မိမိတို့နှင့် အတူတကွ တပြိုင်နက်ဖြစ်ပြီး တစ်ခုကို တစ်ခုအပြန်အလှန် ကျေးဇူးပြုနေတာကို "သဟဇာတ"ဟုခေါ်သည်။

http://www.dhammadownload.com



## သဟဇာတပစ္စည်း ကျေးဇူးပြုပုံ

၁။ နာမ်ခန္ဓာ ၄-ပါး(ဟုဆိုအပ်သော စိတ်, စေတသိက်)တို့သည် အချင်းချင်း, အပြန်အလှန် သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။

၂။ စိတ်, စေတသိက်တို့သည် မိမိကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။

၃။ မဟာဘုတ် ၄-ပါးတို့သည် အချင်းအချင်းအပြန်အလှန် သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။

၄။ မဟာဘုတ် ၄-ပါးတို့သည် ဥပါဒါရုပ်(မဟာဘုတ်တို့ကို မှီ၍ ဖြစ်သောရုပ်)တို့အား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။

၅။ ပဋိသန္ဓေဝိပါက ရပဋိသန္ဓေစိတ် ၁၅-ပါးနှင့် ဟဒယဝတ္ထုရုပ်သည် အချင်းချင်း အပြန်အလှန် သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။

## စတ္တာရော ခန္ဓာ အရူပိနော အညမညံ–၌ အညမည = အချင်းချင်းဟူသည်

နာမက္ခန္ဓာ ၄-ပါးတို့တွင် -

၁။ ၁-ပါးက ပစ္စည်းဖြစ်လျင် ကျန် ၃-ပါးက ပစ္စယုပ္ပန်

၂။ ၂-ပါးက ပစ္စည်းဖြစ်လျင် ကျန် ၂-ပါးက ပစ္စယုပ္ပန်

၃။ ၃-ပါးက ပစ္စည်းဖြစ်လျင် ကျန် ၁-ပါးက ပစ္စယုပ္ပန်

ဤသို့ နာမ်ခန္ဓာအချင်းချင်း အပြန်အလှန်ကျေးဇူးပြုသည်ကိုပင်"**အညမည = အချင်းချင်း**"ဟုဆိုသည်။

**စတ္တာရော မဟာဘူတာ အညမညံ**-၌လည်း နည်းတူပင်။

## ကံ, ကျိုး သိမြင် ဉာဏ်နှင့်ယှဉ်၍ မိမိသဒ္ဓါအလျောက် ဝမ်းသာရွှင်ပြ ကုသိုလ်ပြုကြရာ၌ ရုပ်, နာမ်တို့၏ သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပုံ

ကံကျိုးသိမြင်ဉာဏ်နှင့်ယှဉ်၍ (ဉာဏသမ္ပယုတ်)မိမိသဒ္ဓါအလျောက် (အသင်္ခါရိက) ဝမ်းသာရွှင်ပြ (သောမနဿ) ကုသိုလ်ပြုကြရာ၌ သောမနဿသဟဂုတ်, ဉာဏသမ္ပယုတ် အသင်္ခါရိကမဟာကုသိုလ် (ပထမ)စိတ်ဖြစ်သောအခါ ထိုစိတ်နှင့်အတူ စေတသိက် ၃၈-ပါးယှဉ်၍ဖြစ်သည်။ ထိုစိတ်ကြောင့် စိတ္တဇရုပ်များ ဖြစ်ပေါ်လာသည်။

ထို(စိတ်, စေတသိက်, စိတ္တဇရုပ်ဟူသော)နာမ်, ရုပ်တို့တွင်-

၁။ စိတ်နှင့် စေတသိက်တို့သည် နာမက္ခန္ဓာအချင်းချင်း သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။

၂။ ထိုစိတ်, စေတသိက်တို့က စိတ္တဇရုပ်တို့အား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။

၃။ စိတ္တဇရုပ်တို့၌ပါရှိသော မဟာဘုတ် ၄-ပါးတို့သည် အချင်းချင်းအပြန်အလှန် သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။

၄။ ထိုမဟာဘုတ် ၄-ပါးတို့သည် မိမိကိုမှီ၍ဖြစ်ကြသော ကလာပ်တူ ဥပါဒါရုပ်တို့အား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။

(ဤကား မဟာကုသိုလ် ပထမစိတ်ဖြစ်ခိုက်၌ ရုပ်, နာမ်တရားတို့၏ သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပုံတည်း။

http://www.dhammadownload.com



## ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ-၌ ပဥ္စဝေါကာရဘုံ၌ ပဋိသန္ဓေခဏေ နာမ်, ရုပ် ၂-ပါးတို့၏ သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပုံ

ပဥ္စဝေါကာရပဋိသန္ဓေခဏ၌ ပဋိသန္ဓေစိတ်, စေတသိက်နှင့် ဟဒယဝတ္ထုရုပ်တို့သည် တစ်ပြိုင်နက် အတူတူ ဖြစ်ပေါ်ကြသည်။

ထို(ပဋိသန္ဓေစိတ်, စေတသိက်)နာမ်, ရုပ်တို့တွင် -

၁။ ပဋိသန္ဓေစိတ်သည် ယှဉ်ဘက်ပဋိသန္ဓေစိတ်နှင့် မှီရာဖြစ်သော ဟဒယဝတ္ထုရုပ်အား အချင်းချင်း သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။

၂။ ဟဒယဝတ္ထုရုပ်သည် ပဋိသန္ဓေဝိညာဏ်စိတ်နှင့် စေတသိက်တို့အား အချင်းချင်း သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။

၃။ ဝတ္ထုဒသကကလာပ်၌ ပါရှိသော မဟာဘုတ် ၄-ပါးတို့သည် အချင်းချင်း သဟဇာတသတ္တိဖြင့် ကျေးဇူး ပြုသည်။

၄။ ထိုမဟာဘုတ် ၄-ပါးသည် မိမိကိုမှီ၍ဖြစ်ကြသော ကလာပ်တူဖြစ်သော ဥပါဒါရုပ်တို့အား သဟဇာတ သတ္တိဖြင့် ကျေးဇူးပြုသည်။

### ပဥ္စဝေါကာရဘုံနှင့် ပဥ္စဝေါကာရပဋိသန္ဓေ

ကာမ ၁၁-ဘုံ၊ အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံ၊ ဤ ၂၆-ဘုံကို ခန္ဓာငါးပါး အစုံအလင်ရှိသောကြောင့် "ပဥ္စဝေါကာရ"ဘုံဟု ခေါ်သည်။

ထိုပဥ္စဝေါကာရဘုံ၌ ပဋိသန္ဓေအခိုက်အတန့်ကာလ၌ ဖြစ်ပေါ်သော ကာမပဋိသန္ဓေစိတ် ၁၀-ပါး၊ ရူပ ပဋိသန္ဓေစိတ် ၅-ပါး၊ ဤ ၁၅-ပါးကို "**ပဥ္စဝေါကာရပဋိသန္ဓေ**" ဟု ခေါ်သည်။

**ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ ကိဉ္စိကာလေ သဟဇာတပစ္စယေန ပစ္စယော။ ကိဉ္စိကာလေ န သဟဇာတပစ္စယေန ပစ္စယော**-၌ -

**ရူပိနော ဓမ္မာ**-အရ ဟဒယဝတ္ထုက ပစ္စည်းတရား။

**အရူပီနံ ဓမ္မာနံ**-အရ ပဋိသန္ဓေနာမက္ခန္ဓာက ပစ္စယုပ္ပန်တရား။

### ကိဉ္စိကာလေ သဟဇာတပစ္စယေန ပစ္စယော-အရ

ပဥ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာနှင့် ဟဒယဝတ္ထုရုပ်တို့သည် ပဋိသန္ဓေခဏမှာသာ တစ်ပြိုင်နက် အတူ တကွ ဥပါဒ်ကြသည်။ အပြန်အလှန် အချင်းချင်း သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြုလို့ရသည်။

### ကိဉ္စိကာလေ န သဟဇာတပစ္စယေန ပစ္စယော-အရ

ပဋိသန္ဓေနောင် ပထမဘဝင်ကစပြီး ပဋိသန္ဓေကာလမဟုတ်သော ပဝတ္တိကာလ၌ (ဟဒယဝတ္ထုရုပ်က ရှေး၊ ပဥ္စဝေကာရပဋိသန္ဓေနာမက္ခန္ဓာတို့က နောက်ဖြစ်နေရကား) ပဝတ္တိကာလ၌ တပြိုင်နက် သဟဇာတသတ္တိဖြင့် ကျေးဇူးမပြုနိုင်။ ပုရေဇာတသတ္တိဖြင့်သာ ကျေးဇူးပြုသည်။

ပဋိသန္ဓေအခိုက်အတံ့ကာလမှာသာ သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။ ပဝတ္တိကာလ၌ ကျေးဇူး မပြု-ဟု ဆိုလိုသည်။

http://www.dhammadownload.com



# ၇။ အညမညပစ္စယ

| | |
|---|---|
| ပစ္စည်း | စိတ် ၈၉-ပါး၊ စေတသိက် ၅၂-ပါး၊ စတုဇမဟာဘုတ် ၄-ပါး၊ ပဋိသန္ဓေဝါကာရပဋိသန္ဓေ ၁၅-ပါး၊ ဟဒယဝတ္ထု။ |
| ပစ္စယုပ္ပန် | အထက်ပါပစ္စည်းတရားများနှင့် အတူတူပင်။ |
| ပစ္စယသတ္တိ | သစ်သားသုံးခွ တိဒဏ္ဍသည် အချင်းချင်းတစ်ချောင်းသည် တစ်ချောင်းအား ထောက်ပံ့ခိုင်စေခြင်းငှာ အပြန်အလှန်ကျေးဇူးပြုသကဲ့သို့ အချင်းချင်းအပြန်အလှန်ကျေးဇူးပြုမှုကို"အညမညပစ္စယသတ္တိ"ဟု ခေါ်သည်။ |

(က) စိတ်, စေတသိက်တို့သည် တစ်ခုကို တစ်ခု အချင်းချင်း အညမညသတ္တိဖြင့် ကျေးဇူးပြုကြ၏။

(ခ) စတုဇမဟာဘုတ် ၄-ပါးတို့သည် အချင်းချင်းအညမညသတ္တိဖြင့် ကျေးဇူးပြုကြ၏။

(ဂ) ပဋိသန္ဓေဝါကာရပဋိသန္ဓေ ၁၅-ပါးနှင့် ဟဒယဝတ္ထုတို့သည် အချင်းချင်းအပြန်အလှန် အညမညသတ္တိဖြင့် ကျေးဇူးပြုကြ၏။

## ❑ အညမညပစ္စယောတိ -

| ပစ္စည်း =အကြောင်း | ပစ္စယုပ္ပန် = အကျိုး |
|---|---|
| **စတ္တာရော ခန္ဓာ အရူပိနော** | **အညမညပစ္စယေန ပစ္စယော။** |
| **စတ္တာရော မဟာဘူတာ** | **အညမညပစ္စယေန ပစ္စယော။** |
| **ဩက္ကန္တိက္ခဏေ နာမရူပံ** | **အညမညပစ္စယေန ပစ္စယော။** |

**နိဿယ** = အညမညပစ္စယောတိ- အညမညပစ္စည်းဟူသည်ကား-

✔ စတ္တာရော-လေးပါးကုန်သော။ အရူပိနော-ကုန်သော။ ခန္ဓာ-တို့သည်။ အညမညံ-(အညမညဿ)အား။ (သမ္ပဒါန်ထည့်၍) အညမညပစ္စယေန-ဖြင့်။ ပစ္စယော=ဥပကာရကော-သည်။ ဟောတိ-၏။

✔ စတ္တာရော-ကုန်သော။ မဟာဘူတာ-တို့သည်။ အညမညံ-(အညမညဿ)-အား။ (ထည့်) အညမညပစ္စယေန ။ပ။ ဟောတိ-၏။

✔ ဩက္ကန္တိက္ခဏေ-၌။ နာမရူပံသည်။ အညမညံ-(အညမညဿ)-အား။(ထည့်) အညမညပစ္စယေန ။ပ။ ဟောတိ-၏။

## ❑ အဓိပ္ပါယ်ရှင်းလင်းချက် -

**အညမညပစ္စည်းသည်** - နာမက္ခန္ဓာအချင်းချင်း၊ မဟာဘုတ်အချင်းချင်း၊ ပဋိသန္ဓေဝါကာရပဋိသန္ဓေ နာမက္ခန္ဓာနှင့် ဟဒယဝတ္ထုတို့အချင်းချင်း ကျေးဇူးပြုရာ၌ **သဟဇာတပစ္စည်းနှင့်** တူသည်။

### သဟဇာတပစ္စည်းနှင့် အညမညပစ္စည်း ထူးခြားပုံမှာ

✔ သဟဇာတပစ္စည်းသည် ပစ္စယုပ္ပန်တရားတို့အား

၁။ အတူတကွ အချင်းချင်းဖြစ်၍လည်း ကျေးဇူးပြုနိုင်သည်။

၂။ အချင်းချင်းမဟုတ်သော်လည်း အတူတကွဖြစ်၍လည်း ကျေးဇူးပြုနိုင်သည်။

✔ **အညမညပစ္စည်းသည်** အတူတကွ အချင်းချင်းဖြစ်မှသာ ကျေးဇူးပြုနိုင်သည်။ အတူတကွသာဖြစ်ပြီး အချင်းချင်း မဟုတ်ရင် ကျေးဇူး မပြုနိုင်။ ဤသို့ ထူးသည်။

http://www.dhammadownload.com



**စတ္တာရော မဟာဘူတာ အညမညပစ္စယေန ပစ္စယော-၌ အညမညပစ္စယသတ္တိဖြင့် ကျေးဇူးပြုပုံ**

မဟာဘုတ် ၄-ပါးတို့တွင် -

၁။ တစ်ပါးက ပစ္စည်းတပ်လျှင် ကျန် ၃-ပါးက ပစ္စယုပ္ပန်ဖြစ်ရသည်။
၂။ ၃-ပါးက ပစ္စည်းတပ်လျှင် ကျန် ၁-ပါးက ပစ္စယုပ္ပန်ဖြစ်ရသည်။
၃။ ၂-ပါးက ပစ္စည်းတပ်လျှင် ကျန် ၂-ပါးက ပစ္စယုပ္ပန်ဖြစ်ရသည်။
ဤသို့ မဟာဘုတ်အချင်းချင်း အပြန်အလှန်ကျေးဇူးပြုကြသည်။

စတ္တာရော ခန္ဓာ အရူပိနော အညမညပစ္စယေန ပစ္စယော-၌လည်း နာမက္ခန္ဓာအချင်းချင်း အပြန်အလှန် အညမညပစ္စယသတ္တိဖြင့် ကျေးဇူးပြုကြသည်။

## ၈။ နိဿယပစ္စယ

မှီရာဖြစ်၍ ကျေးဇူးပြုတတ်သော တရား။

နိဿယပစ္စည်းသည် ၁။ သဟဇာတနိဿယ
၂။ ပုရေဇာတနိဿယ-ဟု ၂-မျိုးရှိသည်။

| | |
|---|---|
| ၁၊ (က) သဟဇာတနိဿယပစ္စည်း | စိတ် ၈၉-၊ စေတသိက် ၅၂၊ စတုဇမဟာဘုတ် ၄၊ ပဋိသန္ဓေ ၁၅၊ ဟဒယဝတ္ထု၊ |
| ၁၊ (ခ) သဟဇာတနိဿယပစ္စယုပ္ပန် | စိတ် ၈၉၊ စေတသိက် ၅၂၊ စတုဇမဟာဘုတ် ၄၊ ပဋ္ဌဝေါကာရပဋိသန္ဓေ ၁၅၊ ပဋိသန္ဓေကမ္မဇရုပ် |
| ၂၊ (က) ပုရေဇာတနိဿယပစ္စည်း | ပဝတ္တိအခါ မဇ္ဈိမာယုကပသာဒ ၅-ပါး၊ ပဋိသန္ဓေ စိတ်-စသည် ရှေးရှေးအနန္တရစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု၊ နိရောဓသမာပတ်မှ ထသည့်အခါ ရှေးစိတ္တက္ခဏ တစ်ချက်စာ ကာလ၌ဖြစ်သော ဟဒယဝတ္ထု၊ မရဏာသန္နအခါ စုတိစိတ်မှ အထက် ၁၇-ချက်မြောက်သောစိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထု။ (ဝတ္ထုရုပ် ၆-ပါး) |
| ၂၊ (ခ) ပုရေဇာတနိဿယပစ္စယုပ္ပန် | ပဉ္စဝေါကာရဘုံ၌ဖြစ်ခိုက် အရူပဝိပါက် ၄-ခုကြဉ်သော ပဝတ္တိဝိညာဏဓာတ် ၇-ပါး၊ စေတသိက် ၅၂-ပါး။ |
| ပစ္စယသတ္တိ | မြေကြီးသည် သစ်ပင်များနှင့် သတ္တဝါတို့၏ မှီရာဖြစ်သကဲ့သို့ ပစ္စယုပ္ပန် တရားတို့အား မှီရာအဖြစ်ဖြင့် ကျေးဇူးပြုမှုကို "နိဿယပစ္စယသတ္တိ"ဟု ခေါ်သည်။ |

(က) စိတ်, စေတသိက်တို့သည် အချင်းချင်းအားငင်း၊ မိမိတို့ကြောင့် ဖြစ်သော စိတ္တဇရုပ်တို့အားငင်း သဟဇာတနိဿယသတ္တိဖြင့် ကျေးဇူးပြုကြသည်။

(ခ) စတုဇမဟာဘုတ် ၄-ပါးတို့သည် အချင်းချင်းအားငင်း၊ ဥပါဒါရုပ်တို့အားငင်းသဟဇာတနိဿယသတ္တိဖြင့် ကျေးဇူးပြု၏။

(ဂ) ပဉ္စဝေါကာရပဋိသန္ဓေ ၁၅-ပါးတို့သည် ပဋိသန္ဓေကမ္မဇရုပ်တို့အား သဟဇာတနိဿယသတ္တိဖြင့် ကျေးဇူးပြု၏။

(ဃ) ဟဒယဝတ္ထုသည် ပဉ္စဝေါကာရပဋိသန္ဓေ ၁၅-ပါးတို့အား သဟဇာတနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်။

(င) ပဝတ္တိအခါ ဝတ္ထုရုပ် ၆-ပါးတို့သည် မိမိတို့၌ မှီ၍ဖြစ်လာကြသော ဝိညာဏဓာတ် ၇-ပါးတို့အား ပုရေဇာတနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်။

http://www.dhammadownload.com



## ❑ နိဿယပစ္စယောတိ -

| ပစ္စည်း =အကြောင်း | ပစ္စယုပ္ပန် = အကျိုး | ပစ္စယသတ္တိ |
|---|---|---|
| စတ္တာရော ခန္ဓာ အရူပိနော | အညမည့် | နိဿယပစ္စယေန ပစ္စယော။ |
| စတ္တာရော မဟာဘူတာ | အညမည့် | |
| ဩက္ကန္တိက္ခဏေ နာမရူပံ | အညမည့် | |
| စိတ္တစေတသိကာ ဓမ္မာ | စိတ္တသမုဋ္ဌာနာနံ ရူပါနံ | |
| မဟာဘူတာ | ဥပါဒါရူပါနံ | |
| စက္ခာယတနံ | စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ | |
| သောတာယတနံ | သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ | |
| ဃာနာယတနံ | ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ | |
| ဇိဝှါယတနံ | ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ | |
| ကာယာယတနံ | ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ | |
| ယံ ရူပံ နိဿာယ<br>တံ ရူပံ | မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊<br>မနောဓာတုယာ စ မနောဝိညာဏဓာတုယာ စ<br>တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ | |

**နိဿယ** = နိဿယပစ္စယောတိ- နိဿယပစ္စည်းဟူသည်ကား-

✔ စက္ခာယတနံ-မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော စက္ခာယတနသည်။ (ဝါ) ရှေ့ကဖြစ်နှင့်ပြီးသော စက္ခုပသာဒသည်။ စက္ခုဝိညာဏဓာတုယာ စ-အားဧင်း။ တံသမ္ပယုတ္တကာနံ-ထိုစက္ခုဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ-သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇-ခုတို့အားဧင်း။ နိဿယပစ္စယေန ။ပ။ ဟောတိ။

✔ ယံ ရူပံ-အကြင်ဟဒယဝတ္ထုကို။ နိဿာယ-မှီ၍။ မနောဓာတု စ- မနောဓာတ်သည်ဧင်း။ မနောဝိညာဏဓာတု စ-(အရူပဝိပါက် ၄-ခုကြဉ်သော) မနောဝိညာဏဓာတ် ၇၂-ခုသည်ဧင်း။ ဝတ္တန္တိ-ဖြစ်ကုန်၏။ တံ ရူပံ-ထိုဟဒယဝတ္ထုသည်။ မနောဓာတုယာ စ-အားဧင်း။ မနောဝိညာဏဓာတုယာ စ-အားဧင်း။ တံသမ္ပယုတ္တကာနံ-ထိုမနောဓာတ်, မနောဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ-စေတသိက်ဒွေပညာသတို့အားဧင်း။ နိဿယပစ္စယေန-ပုရေဇာတနိဿယသတ္တိဖြင့်။ ပစ္စယော-ဥပကာရကော-သည်။ ဟောတိ။

## ❑ အဓိပ္ပါယ်ရှင်းလင်းချက် -

**နိဿယ** ။ ။ တည်ရာ, မှီရာအဖြစ်ဖြင့် ကျေးဇူးပြုသော ပစ္စည်းကို "**နိဿယ**"ပစ္စည်းဟုခေါ်သည်။

| | | |
|---|---|---|
| ယင်းနိဿယပစ္စည်းသည် | ၁။ | သဟဇာတနိဿယ |
| | ၂။ | ပုရေဇာတနိဿယ-ဟု ၂-မျိုးရှိသည်။ ထိုတွင် - |

သဟဇာတနိဿယမှာ ဆိုခဲ့ပြီး သဟဇာတပစ္စည်းနှင့်တူ၏။

http://www.dhammadownload.com



ပုရေဇာတနိဿယ-၌ ✔ ဝတ္ထုရုပ် ၆-ပါးက ပစ္စည်းတရားဖြစ်၍၊
✔ ယင်းဝတ္ထုရုပ်တို့ကို မှီ၍ ဖြစ်လာကြသော ဝိညာဏဓာတ်တို့က ပစ္စယုပ္ပန် တရားများဖြစ်သည်။

**ပုရေဇာတနိဿယပစ္စည်း၏ ကျေးဇူးပြုပုံမှာ**

မြေကြီးသည် သစ်ပင်, တော, တောင်အစရှိသည်တို့ထက် ရှေးဦးစွာဖြစ်၍ ထိုသစ်ပင်, တော, တောင် စသည်တို့အား မှီရာ, တည်ရာအဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ ထို့အတူ ပုရေဇာတနိဿယပစ္စည်းတရားဖြစ်ကြသော ဝတ္ထုရုပ် ၆-ပါးပစ္စည်းတရားတို့သည်လည်း ဝိညာဏ် ၆-ပါး (ဝိညာဏဓာတ် ၇-ပါး)ပစ္စယုပ္ပန်တရားတို့အား မှီရာအဖြစ်ဖြင့် ကျေးဇူးပြုကြသည်။

**ပစ္စည်း, ပစ္စယုပ္ပန် = သရုပ်, တရားကိုယ်**

(က) ပုရေဇာတနိဿယပစ္စည်းဖြစ်ကြသည့် ဝတ္ထုရုပ် ၆-ပါးတို့မှာ

| | | | |
|---|---|---|---|
| ၁။ | စက္ခုဝတ္ထု | = | (မျက်စိအကြည် - စက္ခုပသာဒရုပ်) |
| ၂။ | သောတဝတ္ထု | = | (နားအကြည် - သောတပသာဒရုပ်) |
| ၃။ | ဃာနဝတ္ထု | = | (နှာခေါင်းအကြည် - ဃာနပသာဒရုပ်) |
| ၄။ | ဇိဝှါဝတ္ထု | = | (လျှာအကြည် - ဇိဝှါပသာဒရုပ်) |
| ၅။ | ကာယဝတ္ထု | = | (ကိုယ်အကြည် - ကာယပသာဒရုပ်) |
| ၆။ | ဟဒယဝတ္ထု | = | (နှလုံးအကြည် - ဟဒယဝတ္ထုရုပ်) |

(ခ) ပုရေဇာတနိဿယပစ္စယုပ္ပန်ဖြစ်ကြသည့် ဝိညာဏ် ၆-ပါးတို့မှာ

| | | | |
|---|---|---|---|
| ၁။ | စက္ခုဝိညာဏ် | = | မြင်သိစိတ် |
| ၂။ | သောတဝိညာဏ် | = | ကြားသိစိတ် |
| ၃။ | ဃာနဝိညာဏ် | = | နံသိစိတ် |
| ၄။ | ဇိဝှါဝိညာဏ် | = | စားသိစိတ် |
| ၅။ | ကာယဝိညာဏ် | = | ထိသိစိတ် |
| ၆။ | မနောဝိညာဏ် | = | ကြံသိစိတ်-တို့ဖြစ်ကြသည်။ |

မှတ်ချက်။ ။ ဤ၌ "မနောဝိညာဏ် = ကြံသိစိတ်"ဟူသည် မနောဓာတ်နှင့် မနောဝိညာဏဓာတ်"တို့ကို ဆိုလိုသည်။

ပုရေဇာတနိဿယပစ္စည်း၏ အင်္ဂါ ၂-ပါးမှာ

၁။ ပစ္စယုပ္ပန်တရားတို့၏ မှီရာဝတ္ထုဖြစ်ခြင်း၊
၂။ ပစ္စယုပ္ပန်တရားတို့၏ ရှေး၌ ဖြစ်ခြင်း-တို့တည်း။

http://www.dhammadownload.com



### စက္ခုဝတ္ထုနှင့် စက္ခုဝိညာဏ်စိတ်တို့ ပစ္စည်း/ပစ္စယုပ္ပန်ဖြစ်ပုံ

စက္ခုဝိညာဏ်စိတ်သည် စက္ခုဝတ္ထုကို မှီ၍ ဖြစ်ပေါ်၏။ ထိုသို့ဖြစ်ရာ၌ စက္ခုဝတ္ထုက အကြောင်း-ပစ္စည်း ဖြစ်၍ စက္ခုဝိညာဏ်စိတ်က အကျိုးပစ္စယုပ္ပန်ဖြစ်ကြသည်။ စက္ခုဝတ္ထုသည် စက္ခုဝိညာဏ်စိတ်၏ ရှေ့ကလည်း ဖြစ်သည်။ မှီရာလည်း ဖြစ်သည်။ ထို့ကြောင့် စက္ခုဝတ္ထုသည် စက္ခုဝိညာဏ်စိတ်နှင့် ယှဉ်ဘက်စေတသိက်တို့အား ပုရေဇာတနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်။

(သောတ, ဃာန, ဇိဝှါ, ကာယ-တို့၌ ပစ္စည်း, ပစ္စယုပ္ပန်ဖြစ်ပုံမှာ စက္ခုနှင့် အတူတူပင်ဖြစ်သည်။)

**စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ-စသည်၌-**

စက္ခာယတနအရ မျက်စိအကြည်ရုပ်သည် အကြောင်း၊ စက္ခုဝိညာဏဓာတုယာ-အရ ယင်းရုပ်ကို မှီ၍ ဖြစ်သော မြင်သိစိတ်က အကျိုးပစ္စယုပ္ပန်ဖြစ်သည်ဟု မြင်သိစိတ်ဖြစ်ခြင်း၏ အကြောင်းကို တစ်ချက်တည်းသာ ဟောကြားသည်။ သို့ရာတွင် မြင်သိစိတ် (စက္ခုဝိညာဏ်)တစ်ခု ဖြစ်ပေါ်ဖို့ရာ-

၁။ စက္ခုပသာဒ - မျက်စိအကြည် ၂။ အဆင်းရူပါရုံ

၃။ အာလောက - အရောင်အလင်း ၄။ မနသိကာရ - နှလုံးသွင်းမှု

ဤအင်္ဂါ ၄-ပါးပြည့်စုံရမည်ဖြစ်ကြောင်းကို အာရမ္မဏပစ္စည်းအဓိပ္ပါယ်ရှင်းလင်းချက်၌ အကျယ်ပြခဲ့ပြီ။

**ဗဟုသုတမှတ်ဖွယ်**။ ။ ဝိညာဏ်ခေါ် အသိစိတ်တစ်ခုဖြစ်ပေါ်လာပုံကို ကျမ်းဂန်များ၌ တယော ဥပမာဖြင့် ပြဆိုကြသည်။

၁။ တယောကြိုး ၂။ တယောတံ ၃။ တယောသံ-ဟု ၃-မျိုးရှိရာတွင် တယောကြိုးထဲ မှာလည်း အသံမရှိ၊ တယောတံ-ထဲမှာလည်း အသံမရှိ၊ တယောကြိုးကို တယောတံနှင့် ပွတ်တိုက်မှ အသံကလေး ဖြစ်ပေါ်လာ၏။

ထို့အတူ တယောကြိုးနှင့်တူသော စက္ခုပသာဒခေါ် မျက်စိအကြည်ရုပ်မှာလည်း မြင်သိစိတ်မရှိ၊ တယောတံနှင့်တူသော ရူပါရုံအဆင်းမှာလည်း မြင်သိစိတ်မရှိ။ တယောကြိုးနှင့်တူသော စက္ခုပသာဒရုပ်အကြည် မှာ တယောတံနှင့်တူသော ရူပါရုံအဆင်း လာတိုက်သည့်အခါ၌သာ တယောသံနှင့်တူသော မြင်သိစိတ်ကလေး ဖြစ်ပေါ်လာရသည်။ (ကြားသိစိတ်စသည် နည်းတူ။)

## ၉။ ဥပနိဿယပစ္စယ

အားကြီးသော မှီရာအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား

၁။ အာရမ္မဏူပနိဿယ ၂။ အနန္တရူပနိဿယ

၃။ ပကတူပနိဿယ-ဟူ၍ ၃-မျိုးရှိသည်။

ထိုတွင် - ၁။ အာရမ္မဏူပနိဿယပစ္စည်းသည် အာရမ္မဏာဓိပတိပစ္စည်းနှင့်တူ၏။

၂။ အနန္တရူပနိဿယပစ္စည်းသည် အနန္တရပစ္စည်းနှင့်တူ၏။

| | |
|---|---|
| **၃။ ပကတူပနိဿယပစ္စည်း** | စိတ် ၈၉၊ စေတသိက် ၅၂၊ အဇ္ဈတ္တ, ဗဟိဒ္ဓ အလုံးစုံသော ရုပ် ၂၈-ပါးနိဗ္ဗာန်၊ ပညတ်။ |
| **ပကတူပနိဿယပစ္စယုပ္ပန်** | အလုံးစုံသော စိတ် ၈၉၊ စေတသိက် ၅၂-ပါး |
| ပစ္စယသတ္တိ | မိုးရေသည် မိမိကို မှီကုန်သော သစ်ပင်သတ္တဝါတို့၏ အားကြီးသော မှီရာဖြစ်သကဲ့သို့ ပစ္စယုပ္ပန် တရားတို့အား အားကြီးသော မှီရာအဖြစ်ဖြင့် ကျေးဇူးပြုမှုကို"ဥပနိဿယသတ္တိ"ဟု ခေါ်သည်၊ |

( ၃၂ )

(က) ရာဂ, ဒေါသ-စသော အကုသိုလ်တို့သည် မိမိသန္တာန်၌၎င်း, သူတစ်ပါးသန္တာန်၌၎င်း၊ နောင်ဖြစ်လာမည့် အကုသိုလ်အချင်းချင်းအား၎င်း၊ ကုသိုလ်ဝိပါက်ကြိယာတို့အား၎င်း ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်။

(ခ) သဒ္ဓါ, သီလ, သုတ, စာဂ-စသော ကုသိုလ်တရားတို့သည် မိမိသန္တာန်၌၎င်း၊ သူတပါးသန္တာန်၌၎င်း၊ နောင်ဖြစ်ပေါ်လာမည့် ကုသိုလ်အချင်းချင်းအား၎င်း၊ အကုသိုလ်ဝိပါက်ကြိယာတို့အား၎င်း ဥပနိဿယ သတ္တိဖြင့် ကျေးဇူးပြုသည်။

(ဂ) သုခ, ဒုက္ခစသောဝိပါက်တရားတို့သည်၎င်း၊ ကြိယာတို့သည်၎င်း၊ အလုံးစုံသော ရုပ်တရားတို့သည်၎င်း၊ ကျောင်း, အိမ်, ပုဂ္ဂိုလ်စသည့်အချို့သောပညတ်တို့သည်၎င်း၊ မိမိသန္တာန်နှင့် သူတစ်ပါးသန္တာန်၌ နောင်ဖြစ်ပေါ်မည့်အကုသိုလ်, ကုသိုလ်, ဝိပါက်, ကြိယာတို့အား ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်။

(ဃ) နာနက္ခဏိကကံတို့သည် မိမိကြောင့်ဖြစ်သော ဝိပါက်စိတ်တို့အား ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်။

(င) ဈာန်, အဘိညာဏ်, မဂ်, ဖိုလ်, နိဗ္ဗာန်တရားတို့သည် မိမိကို နှစ်သက်သော တဏှာလောဘတရားအား၎င်း၊ လိုချင်တောင့်တ၍ရအောင် အားထုတ်ခြင်းကြောင့်ဖြစ်သော ကုသိုလ်တရားအား၎င်း၊ ထိုသို့အား ထုတ်ရာ၌ ဆင်းရဲခြင်း, ချမ်းသာခြင်းဖြစ်သော သုခ, ဒုက္ခ, ဝိပါက်တရားတို့အား၎င်း ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုကြကုန်၏။

**အကျဉ်းမှတ်ရန်။** ။အကြင်အမှတ်မရှိ တစ်စုံတစ်ခုသော တရားကို ဖြစ်စေ၊ ပုဂ္ဂိုလ်ကို ဖြစ်စေ အကြောင်းပြု၍ မိမိသန္တာန်၌၎င်း၊ သူတစ်ပါး သန္တာန်၌၎င်း၊ နောင် ကာလ, ရှေးကာလတို့ဝယ် ကုသိုလ်, အကုသိုလ်, ဝိပါက်, ကြိယာတရားတို့သည် ဖြစ်ပေါ်ကြကုန်၏။ ထိုအမှတ်မရှိ တစ်စုံတစ်ခုသောတရား (သို့မဟုတ်)ပုဂ္ဂိုလ်သည် မိမိကိုအကြောင်းခံ၍ ဖြစ်ပေါ်သော ကုသိုလ်, အကုသိုလ်, ဝိပါက်, ကြိယာတို့အား ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြု၏။

(ပဋ္ဌာန်း ၂၄-ပစ္စည်းတွင် ဤပကတူပနိဿယပစ္စည်းကို "အကျယ်ဝန်းဆုံး"ဟု ဆိုကြသည်။)

❑ ဥပနိဿယပစ္စယောတိ -

| ပစ္စည်း =အကြောင်း | ပစ္စယုပ္ပန် = အကျိုး | ပစ္စယသတ္တိ |
|---|---|---|
| ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ | ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ | ဥပနိဿယပစ္စယေန ပစ္စယော။ |
| ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ | ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ကေသဉ္စိ | |
| ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ | ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ | |
| ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ | ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ | |
| ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ | ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ကေသဉ္စိ | |
| ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ | ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ | |
| ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ | ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ | |
| ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ | ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ | |
| ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ | ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ | |
| ဥတုဘောဇနမ္ပိ | ဥပနိဿယပစ္စယေန ပစ္စယော။ | |
| ပုဂ္ဂလောပိ | ဥပနိဿယပစ္စယေန ပစ္စယော။ | |
| သေနာသနမ္ပိ | ဥပနိဿယပစ္စယေန ပစ္စယော။ | |

http://www.dhammadownload.com



**နိဿယ** =  ဥပနိဿယပစ္စယောတိ- ဥပနိဿယပစ္စည်းဟူသည်ကား-

**ကု+ကု** ✔ ပုရိမာ ပုရိမာ-ကုန်သော။ ကုသလာ-ကုန်သော။ ဓမ္မာ-အရဟတ္တမဂ်ကြဉ်သော ကုသိုလ်စိတ် ဝီသ(၂၀)နာမက္ခန္ဓာတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ-ကုန်သော။ ကုသလာနံ-ကုန်သော။ ဓမ္မာနံ-ကုသိုလ်စိတ် ဧကဝီသ နာမက္ခန္ဓာတို့အား။ ဥပနိဿယပစ္စယေန-အာရမ္မဏူ, အနန္တရူ, ပကတူပနိဿယယသတ္တိဖြင့်။ ပစ္စယော ။ပ။ဟောတိ။

**ကု+အကု** ✔ ပုရိမာ ပုရိမာ-ကုန်သော။ ကုသလာ-ကုန်သော။ ဓမ္မာ-လောကီကုသိုလ် သတ္တရသ (၁၇) နာမက္ခန္ဓာတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ-ကုန်သော။ အကုသလာနံ-ကုန်သော။ ဓမ္မာနံ-အကုသိုလ်စိတ် ဒွါဒသ(၁၂) နာမက္ခန္ဓာတို့အား။ ကေသဉ္စိ-အချို့သောအကုသိုလ်တို့အား။ ဥပနိဿယပစ္စယေန-အာရမ္မဏူ, ပကတူပနိဿယသတ္တိဖြင့်။ (တစ်နည်းကား) ကေသဉ္စိဥပနိဿယပစ္စယေန-အချို့သော အာရမ္မဏူ, ပကတူပနိဿယသတ္တိဖြင့်။ ပစ္စယော ။ပ။ဟောတိ။

(ကေသဉ္စိ-ပါဠ်ဖြင့် အနန္တရူပနိဿယကို စင်စေသည်။)

**ကု+ဗျာ** ✔ ပုရိမာ ပုရိမာ-ကုန်သော။ ကုသလာ-ကုန်သော။ ဓမ္မာ-ကုသိုလ်စိတ် ဧကဝီသ (၂၁) နာမက္ခန္ဓာတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ-ကုန်သော။ အဗျာကတာနံ-ကုန်သော။ ဓမ္မာနံ-ဝိပါက်စိတ် ဆတ္တိံသ (၃၆), ကြိယာစိတ် ဝီသ (၂၀) နာမက္ခန္ဓာတို့အား။ ဥပနိဿယပစ္စယေန-အာရမ္မဏူ, အနန္တရူ, ပကတူပနိဿယ သတ္တိဖြင့်။ ပစ္စယော ။ပ။ဟောတိ။

**အကု+အကု** ✔ ပုရိမာ ပုရိမာ-ကုန်သော။ အကုသလာ-ကုန်သော။ ဓမ္မာ-အကုသိုလ်စိတ် ဒွါဒသ (၁၂)နာမက္ခန္ဓာတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ-ကုန်သော။ အကုသလာနံ-ကုန်သော။ ဓမ္မာနံ-အကုသိုလ်စိတ် ဒွါဒသ (၁၂)နာမက္ခန္ဓာတို့အား။ ဥပနိဿယပစ္စယေန-အာရမ္မဏူ, အနန္တရူ, ပကတူပနိဿယသတ္တိဖြင့်။ ပစ္စယော ။ပ။ ဟောတိ။

**အကု+ကု** ✔ ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ-တို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ-ကုန်သော။ ကုသလာနံ-ကုန်သော။ ဓမ္မာနံ-ကုသိုလ်စိတ် ဧကဝီသ(၂၁) နာမက္ခန္ဓာတို့အား။ ကေသဉ္စိ-အချို့သော ကုသိုလ်တို့အား။ ဥပနိဿယပစ္စယေန-ပကတူပနိဿယသတ္တိဖြင့်။(တစ်နည်း) ကေသဉ္စိ ဥပနိဿယေန-အချို့သော ပကတူပနိဿယသတ္တိဖြင့်။ ပစ္စယော ။ပ။ဟောတိ။

**အကု+ဗျာ** ✔ ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ-ကုန်သော။ ဓမ္မာနံ-ဝိပါက်စိတ် ဆတ္တိံသ, ကြိယာစိတ် ဝီသ နာမက္ခန္ဓာတို့အား။ ဥပနိဿယပစ္စယေန-အနန္တရူ, ပကတူပနိဿယ သတ္တိဖြင့်။ ပစ္စယော ။ပ။ ဟောတိ။

**ဗျာ+ဗျာ** ✔ ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ-ဝိပါက်စိတ် ဆတ္တိံသ, ကြိယာစိတ် ဝီသ, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန်တို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ-ကုန်သော။ အဗျာကတာနံ-ကုန်သော။ ဓမ္မာနံ-ဝိပါက်စိတ် ဆတ္တိံသ ကြိယာစိတ် ဝီသ နာမက္ခန္ဓာတို့အား။ ဥပနိဿယပစ္စယေန-အာရမ္မဏူ, အနန္တရူ, ပကတူပနိဿယသတ္တိဖြင့်။ ပစ္စယော ။ပ။ ဟောတိ။

**ဗျာ+ကု** ✔ ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ-(အရဟတ္တဖိုလ်ကြဉ်သော) ဝိပါက်စိတ် ပဉ္စတ္တိံသ(၃၅), ကြိယာစိတ် ဝီသ, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန်တို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ-ကုန်သော။ ကုသလာနံ-ကုန်သော။ ဓမ္မာနံ-ကုသိုလ်စိတ် ဧကဝီသနာမက္ခန္ဓာတို့အား။ ဥပနိဿယပစ္စယေန-အာရမ္မဏူ, အနန္တရူ, ပကတူပနိဿယသတ္တိဖြင့်။ ပစ္စယော ။ပ။ဟောတိ။

http://www.dhammadownload.com



(မိမိ၏ သန္တာန်၌ဖြစ်သော တရားကို ရည်၍ အရဟတ္တဖိုလ်ကို ကြံသည်။ သူတစ်ပါးသန္တာန်၌ ပစ္စည်းကို ယူသော် ဝိပါက်စိတ်ဆတ္တိံသ သင့်မည်ထင်၏။ ပဌာန်းအရကောက်။)

ဗျာ+အကု ✔ ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ-လောကီဝိပါက်စိတ် ဗာတ္တိံသ(၃၂), ကြိယာစိတ် ဝီသ, ရုပ်အဌဝီသတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ-အကုသိုလ်စိတ် ဒွါဒသနာမက္ခန္ဓာတို့အား။ ဥပနိဿယပစ္စယေန-အာရမ္မဏူ, အနန္တရူ, ပကတူပနိဿယသတ္တိဖြင့်။ ပစ္စယော ။ပ။ဟောတိ။

- ✔ ပုဂ္ဂလောပိ-ကလျာဏမိတ္တစသော ပုဂ္ဂိုလ်သည်လည်း။ ဥပနိဿယ ။ပ။
- ✔ ဥတုပိ-လျောက်ပတ်သည်စသော အချမ်းအပူဟူသော ဥတုသည်လည်း။ ပ။
- ✔ ဘောဇနမ္ပိ-လျောက်ပတ်သည်စသော ဘောဇဉ်သည်လည်း ။ ။ပ။
- ✔ သေနာသနမ္ပိ-လျောက်ပတ်သည်စသော ကျောင်းစသော အိပ်ရာနေရာသည်လည်း။ ဥပနိဿယ-ပစ္စယေန-ပကတူပနိဿယပစ္စယသတ္တိဖြင့်။ ။ပ။ ဟောတိ။

### ❑ အဓိပ္ပါယ်ရှင်းလင်းချက် -

ဥပ**နိဿယ** ။ ။ ဥပ = အားကြီးသော။ နိဿယ = မှီရာအကြောင်းတရား။
အားကြီးသောမှီရာအဖြစ်ဖြင့် ကျေးဇူးပြုသော တရားကို"ဥပ**နိဿယ**"ဟု ခေါ်သည်။
**ယင်းဥပနိဿယပစ္စည်းသည်** -

၁။ အာရမ္မဏူပနိဿယ
၂။ အနန္တရူပနိဿယ
၃။ ပကတူပနိဿယ-ဟု ၃-မျိုးရှိသည်။

ထိုတွင် အာရမ္မဏူပနိဿယပစ္စည်းသည် အာရမ္မဏာဓိပတိပစ္စည်းနှင့် တူ၏။
အနန္တရူပနိဿယပစ္စည်းသည် အနန္တရပစ္စည်းနှင့် တူ၏။

၁။ သာမာန်အာရုံမျိုးမဟုတ်ဘဲ အားကြီးသော မှီရာအာရုံမျိုးဖြစ်သောကြောင့် အာရမ္မဏာဓိပတိပစ္စည်းကိုပင် "**အာရမ္မဏူပနိဿယ**"ပစ္စည်းဟု ခေါ်ဆိုရသည်။
၂။ နောက်စိတ်တို့အား အစဉ်မပြတ်ဖြစ်ပေါ်စေရန် အားကြီးသော မှီရာအဖြစ်ဖြင့် ကျေးဇူးပြုသောကြောင့် ရှေးရှေးသောစိတ်များကို "**အနန္တရူပနိဿယ**"ပစ္စည်းဟု ခေါ်သည်။
၃။ ပင်ကိုယ် ပကတိသဘောအားဖြင့် အထင်အရှားကျေးဇူးပြုသောကြောင့်"ပကတူပ**နိဿယပစ္စည်း**"ဟု ခေါ်သည်။

#### ကုသိုလ်, အကုသိုလ်, အဗျာကတတို့ ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုပုံ

၁။ ဒါန, သီလ-စသော ကုသိုလ်ပြုလုပ်ပြီးနောက် ထိုဒါန, သီလစသော ကုသိုလ်ကိုပင် အာရုံပြု နှလုံးသွင်းပွားများနေလျှင် **ကုသိုလ်က = ကုသိုလ်အား** ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်။

၂။ ဒါန, သီလ-စသော ကုသိုလ်ပြုလုပ်ပြီးနောက် ထိုဒါန, သီလစသော ကုသိုလ်ကို အမှီပြု၍ ငါ့လောက် ဘယ်သူလုပ်နိုင်မှာလဲ၊ ငါပဲ အလှူရှင်ကြီး၊ ငါပဲ သီလဝန္တပုဂ္ဂိုလ်ကြီး-ဤသို့ စသည်ဖြင့် မာန်, မာနတွေ ဖြစ်နေလျှင် **ကုသိုလ်က = အကုသိုလ်အား** ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်။

http://www.dhammadownload.com



၃။ ယုံကြည်မှု သဒ္ဓါတရားကို အမှီပြု၍ ကောင်းမှုကုသိုလ် ပြုလုပ်ရာ၌ ကြိုးစားအားထုတ်၍ ခန္ဓာကိုယ် ပင်ပန်းနွမ်းနယ်ခြင်း, ရှာမှီးရခြင်းအရင်းရှိသော ဒုက္ခကို ခံစားရခြင်းမျိုး၌ သဒ္ဓါတည်းဟူသော **ကုသိုလ်က** = ဆင်းရဲဒုက္ခတည်းဟူသော **အဗျာကတ**ကို ကျေးဇူးပြုသည်။

၄။ ပါဏာတိပါတစသော အကုသိုလ်အမှုတစ်ခုခုပြုပြီး နောက်၌ ထိုအကုသိုလ်အမှုကိုပင် သာယာစုံမက် နှစ်သက်နေပါလျှင် **အကုသိုလ်သည်** = **အကုသိုလ်အား** ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်။

၅။ အကုသိုလ်အမှုတစ်ခုခုကျူးလွန်ပြီးနောက် သတိသံဝေဂရပြီး နောင်တရသောသဘောမျိုးဖြင့် နောက်ထပ် အကုသိုလ်အဖြစ်မခံပဲ ကုသိုလ်တရားကိုသာ ကြိုးစားအားထုတ်နေပါလျှင်**အကုသိုလ်က** = **ကုသိုလ်အား** ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်။

၆။ လိုချင်မှု လောဘ (ရာဂ)ကို အကြောင်းပြု၍ ခိုးဆိုးလုယက်တိုက်ခိုက်ခြင်းအကုသိုလ်အမှုကို ပြုလုပ်သော အခါ ခန္ဓာကိုယ် ပင်ပန်းနွမ်းနယ်ခြင်း, ရှာမှီးရခြင်းအရင်းရှိသော ဒုက္ခကို ခံစားရခြင်းမျိုး၌ လောဘ(ရာဂ) တည်းဟူသော **အကုသိုလ်က** = ဆင်းရဲဒုက္ခတည်းဟူသော **အဗျာကတ**ကို ကျေးဇူးပြုသည်။

၇။ ကိုယ်ချမ်းသာမှု ကာယိကသုခကို ရရှိပြီးနောက် ထိုကာယိကသုခကိုပင် အမှီပြု၍ ပီတိတွေပွားကာ ကာယိကသုခဆက်ဖြစ်နေလျှင် **အဗျာကတက** = **အဗျာကတ**ကို ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်။

၈။ ချမ်းချမ်းသာသာနေရခြင်း ကာယိကသုခကို အကြောင်းပြု၍ နောက်ဘဝသံသရာ၌ ချမ်းချမ်းသာသာ နေရအောင် ဒါနစသော ကုသိုလ်ကောင်းမှုတွေကို အဆက်မပြတ်ပြုလုပ်သောအခါ **အဗျာကတက** = ကုသိုလ်ကို ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်။

၉။ ကာယိကသုခ ဖြစ်နေတာကို အကြောင်းပြု၍ နောင်လည်း ဒီလို ကာယိကသုခကို ခံစားလို၍ မကောင်းမှု အကုသိုလ်အမှု အဆက်မပြတ်ပြုလုပ်သောအခါ **အဗျာကတက** = **အကုသိုလ်**ကို ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်။

၁၀။ **ဥတုဘောဇန** - သင့်တင့်လျောက်ပတ်ကောင်းမြတ်သော ရာသီဥတုနှင့် အစားအသောက် ဘောဇဉ် အာဟာရကလည်း ကုသိုလ်တရားဖြစ်ပွားအောင်, ကျန်းမာရေးကောင်းအောင် ပကတူပနိဿယသတ္တိ ဖြင့် ကျေးဇူးပြုသည်။

၁၁။ ပုဂ္ဂလ = မိဘ, ဆရာစသော ကလျာဏမိတ္တပုဂ္ဂိုလ်တို့ကလည်း ကုသိုလ်တရားဖြစ်ပွားအောင်, အသိပညာ တိုးတက်လာအောင် ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်။

၁၂။ **သေနာသန**-ခေါ်တဲ့ သင့်တင့်လျောက်ပတ် ကောင်းမြတ်သော ကျောင်းအိပ်ရာနေရာတို့ကလည်း ကုသိုလ်တရားတိုးပွားအောင်, ကျန်းမာရေးအထောက်အပံ့ဖြစ်အောင် ဥပနိဿယသတ္တိဖြင့် ကျေးဇူး ပြုသည်။ (ဤကား ဆိုလိုရင်း အမြွက်မျှသာဖြစ်၏။)
ပဋ္ဌာန်း ၂၄-ပစ္စည်းအနက် ဥပနိဿယပစ္စည်းမှာ အကျယ်ဝန်းဆုံးဖြစ်သည်။

ဆောင် ။ ။ **နာမ်, ရုပ်, ပညတ်၊ အဇ္ဈတ်+ဗဟိဒ္ဓါ၊ ကျယ်ဝန်းစွာ၊ မှတ်ပါ ဥပနိဿယ။**

http://www.dhammadownload.com



## ၁၀။ ပုရေဇာတပစ္စယ

ရှေးကဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

၁။ ဝတ္ထုပုရေဇာတ ၂။ အာရမ္မဏပုရေဇာတ
၃။ဝတ္ထာရမ္မဏပုရေဇာတ-ဟူ၍ ၃-မျိုးရှိသည်။

| | |
|---|---|
| ၁၊ ဝတ္ထုပုရေဇာတပစ္စည်း | ပုရေဇာတနိဿယအတိုင်း ဝတ္ထုရုပ် ၆-ပါးဖြစ်၏။ |
| ၎င်း၏ ပစ္စယုပ္ပန် | ပုရေဇာတနိဿယပစ္စယုပ္ပန်အတိုင်း အရူပဝိပါက် ၄-ပါးကြဉ်သော သတ္တဝိညာဏဓာတ် ၇-ပါး၊ စေတသိက် ၅၂-ပါး။ |
| ၂၊အာရမ္မဏပုရေဇာတပစ္စည်း | သတ္တရသာယုကအာရုံဖြစ်ကောင်းသော အာရုံ ၆-ပါးဟူသည့် နိပ္ဖန္နရုပ် ၁၈-ပါး။ |
| ၎င်း၏ ပစ္စယုပ္ပန် | ပဉ္စဝေါကာရဘုံ၌ဖြစ်ခိုက် ကာမစိတ် ၅၄-ပါး၊ အဘိညာဏ်ဒွေး၊ အပ္ပမညာကြဉ်သော စေတသိက် ၅၀။ |
| ၃၊ ဝတ္ထာရမ္မဏပုရေဇာတ ပစ္စည်း | မှီရာလည်းဖြစ်, အာရုံလည်းပြုရာဖြစ်သော ဟဒယဝတ္ထု |
| ၎င်း၏ပစ္စယုပ္ပန် | ဟဒယဝတ္ထုကို မှီ၍, အာရုံလည်းပြု၍ဖြစ်သော မနောဒွါရာဝဇ္ဇန်း, ကာမဇော ၂၉-ပါး w ' d¼k 1-yg?t b d mP fa' G£ ó mc မစ္ဆရိယ, ကုက္ကုစ္စ, ဝိရတီ, အပ္ပမညကြဉ်သော စေတသိက် ၄၄-ပါး။ |
| ပစ္စယသတ္တိ | ကမ္ဘာဦးအခါ၌ဖြစ်ကြသော နေ,လတို့သည် မိမိတို့ထင်ရှားရှိခိုက်အလင်းကို မှီကုန်သော သတ္တဝါတို့အား ရှေး၌ဖြစ်နှင့်၍ ကျေးဇူးပြုသကဲ့သို့ ရှေးဦးစွာ ဖြစ်နှင့်ပြီး ပစ္စယုပ္ပန်တို့အား ကျေးဇူးပြုသည်ကို "ပုရေဇာတပစ္စယသတ္တိ"ဟု ခေါ်သည်။ |

(က) ပဝတ္တိအခါ ဝတ္ထုရုပ် ၆-ပါးတို့သည် မိမိအပေါ်၌ မှီ၍ဖြစ်ပေါ်လာသော ဝိညာဏဓာတ် ၇-ပါးတို့အား ဝတ္ထုပုရေဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။

(ခ) သတ္တရသာယုကရကောင်းသော အာရုံ ၆-ပါးတို့သည် မိမိကိုယ်ကို အာရုံပြု၍ ဖြစ်သော ဝိညာဏဓာတ် ၇-ပါးတို့အား အာရမ္မဏပုရေဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။

(ဂ) ဝိပဿနာစိတ်, အဘိညာဏ်စိတ်တို့ဖြင့် ဟဒယဝတ္ထုကို ရှု၍ အာရုံပြု၍ ပရိနိဗ္ဗာန်စံကြသော ရဟန္တာတို့သာလျှင် မရဏာသန္နအခါ၌ ဝတ္ထာရမ္မဏပစ္စည်းကို ရအပ်၏။ ကြွင်းသောပုဂ္ဂိုလ်တို့၌ မရဏာသန္နအခါတွင် မရအပ်။ မရဏာသန္နမတိုင်မီ လောဘစိတ်, ဒေါသစိတ်, မောဟစိတ်, ဝိပဿနာစိတ်, အဘိညာဏ်တို့ဖြင့် အာရုံပြုသောအခါတို့၌သာ ရအပ်၏။

http://www.dhammadownload.com



### ❑ ပုရေဇာတပစ္စယောတိ -

| ပစ္စည်း = အကြောင်း | ပစ္စယုပ္ပန် = အကျိုး | ပစ္စယသတ္တိ |
|---|---|---|
| စက္ခာယတနံ | စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ | ပုရေဇာတပစ္စယေန ပစ္စယော။ |
| သောတာယတနံ | သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ | |
| ဃာနာယတနံ | ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ | |
| ဇိဝှါယတနံ | ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ | |
| ကာယာယတနံ | ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ | |
| ရူပါယတနံ | စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ | |
| သဒ္ဒါယတနံ | သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ | |
| ဂန္ဓာယတနံ | ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ | |
| ရသာယတနံ | ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ | |
| ဖောဋ္ဌဗ္ဗာယတနံ | ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ | |
| ရူပါယတနံ (ပ)<br>ဖောဋ္ဌဗ္ဗာယနံ | မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ | |
| ယံ ရူပံ နိဿာယ<br>တံ ရူပံ | မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊<br>မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ --<br>မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ<br>ကိဉ္စိကာလေ ပုရေဇာတပစ္စယေန ပစ္စယော၊<br>ကိဉ္စိကာလေ န ပုရေဇာတပစ္စယေန ပစ္စယော။ | |

နိဿယ = ပုရေဇာတပစ္စယောတိ- ပုရေဇာတပစ္စည်းဟူသည်ကား-(စက္ခာယတနံ-စသည် အနက်ပေးမြဲ)

✔ ကိဉ္စိကာလေ-အချို့သော ပဝတ္တိကာလ၌။ ပုရေဇာတပစ္စယေန။ ပစ္စယော။ ။ပ။ ဟောတိ။
ကိဉ္စိကာလေ-အချို့သော ပဋိသန္ဓေကာလ၌။ ။ပ။ န ဟောတိ။

### ❑ အဓိပ္ပါယ်ရှင်းလင်းချက် -

ပုရေဇာတ ။ ။ ပုရေ + ဇာတ = ရှေး၌ ဖြစ်သော တရား။
ရှေးကအရင်ဖြစ်ပြီး မိမိနောက်က လိုက်ဖြစ်လာသော အကျိုးပစ္စယုပ္ပန်တရားတို့အား ကျေးဇူးပြုသော တရားကို "ပုရေဇာတပစ္စည်း"ဟု ခေါ်သည်။

ဥပမာ ။ ။ မျက်စိအကြည်(ခေါ် စက္ခုပသာဒ-စက္ခာယတန)သည် စက္ခုဝိညာဏ်စိတ်မဖြစ်ခင် ရှေးက အရင်ဖြစ်၏။ ရှေးက ဖြစ်နှင့်ပြီး စက္ခုဝိညာဏ်စိတ်ဖြစ်ပေါ်လာအောင်လည်း ကျေးဇူးပြု၏။

**ပုရေဇာတ ၃-မျိုး**

ပုရေဇာတသည် - ၁။ ဝတ္ထုပုရေဇာတ ၂။ အာရမ္မဏပုရေဇာတ
၃။ ဝတ္ထာရမ္မဏပုရေဇာတ-ဟူ၍ ၃-မျိုးရှိသည်။

http://www.dhammadownload.com



ထိုတွင် - ဝတ္ထုပုရေဇာတသည် ရှေးဆိုခဲ့ပြီး ပုရေဇာတနိဿယနှင့် တူ၏။
(အဓိပ္ပါယ်ရှင်းလင်းချက်စသည်ကို နိဿယပစ္စည်းအခဏ်း ပြန်ကြည့်။)

**ပါဠိတော် စကားစု**

**အာယတန** ။ ။ စိတ်, စေတသိက်တို့၏ ဖြစ်ကြောင်းတရား။
**စက္ခာယတန** ။ ။ စက္ခုဝိညာဏ်စိတ်ဖြစ်ခြင်း၏ အကြောင်း မျက်စိအကြည်၊ စက္ခုပသာဒ - စက္ခုဝတ္ထု။
**သောတာယတန** ။ ။ သောတဝိညာဏ်စိတ်ဖြစ်ခြင်း၏ အကြောင်း နားအကြည်၊ သောတပသာဒ-သောတဝတ္ထု။
**ဃာနာယတန** ။ ။ ဃာနဝိညာဏ်စိတ်ဖြစ်ခြင်း၏ အကြောင်း နှာခေါင်းအကြည်၊ ဃာနပသာဒ-ဃာနဝတ္ထု။
**ဇိဝှါယတန** ။ ။ ဇိဝှါဝိညာဏ်စိတ်ဖြစ်ခြင်း၏ အကြောင်း လျှာအကြည်၊ ဇိဝှါပသာဒ - ဇိဝှါဝတ္ထု။
**ကာယာယတန** ။ ။ ကာယဝိညာဏ်စိတ်ဖြစ်ခြင်း၏ အကြောင်း ကိုယ်အကြည်၊ ကာယပသာဒ - ကာယဝတ္ထု။
**ရူပါယတန** ။ ။ စက္ခုဝိညာဏ်စိတ်ဖြစ်ခြင်း၏ အကြောင်း အဆင်း - ရူပါရုံ။
**သဒ္ဒါယတန** ။ ။ သောတဝိညာဏ်စိတ်ဖြစ်ခြင်း၏ အကြောင်း အသံ - သဒ္ဒါရုံ။
**ဂန္ဓာယတန** ။ ။ ဃာနဝိညာဏ်စိတ်ဖြစ်ခြင်း၏ အကြောင်း အနံ့ - ဂန္ဓာရုံ။
**ရသာယတန** ။ ။ ဇိဝှါဝိညာဏ်စိတ်ဖြစ်ခြင်း၏ အကြောင်း အရသာ - ရသာရုံ။
**ဖောဋ္ဌဗ္ဗာယတန** ။ ။ ကာယဝိညာဏ်စိတ်ဖြစ်ခြင်း၏ အကြောင်း အတွေ့ - ဖောဋ္ဌဗ္ဗာရုံ။

**စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ - စသည်၌**

- ✔ မျက်စိအကြည် စက္ခာယတနက အခံဓာတ်ဖြစ်သည်။
- ✔ အဆင်းရူပါရုံ ရူပါယတနက အတိုက်ဓာတ်ဖြစ်သည်။
- ✔ မြင်သိစိတ်ခေါ် စက္ခုဝိညာဏဓာတ်က အပွင့်ဓာတ်ဖြစ်သည်။

မျက်စိအကြည်မှန်ပေါ်မှာ ရူပါရုံအဆင်းလာတိုက်သည့်အခါ မြင်သိစိတ်ပေါ်လာ၏-စသည်ဖြင့် အဓိပ္ပါယ်ယူ။

**ဆောင်** ။ ။ **အာရုံ, ကြည်မှန်၊ တိုက်ခိုက်ပြန်၊ ဝိညာဏ်ဖြစ်ပေါ်သည်။**
တယော ကြိုး+တံ၊ ပွတ်တိုက်ပြန်၊ အသံဖြစ်ပေါ်သည်။
(တယော ဥပမာ နိဿယပစ္စည်းပြန်ကြည့်)

**အာရမ္မဏပုရေဇာတပစ္စည်း၏ အင်္ဂါ ၂-ပါးမှာ -**

၁။ ပစ္စယုပ္ပန်တရားတို့၏ အာရုံဖြစ်ခြင်း။
၂။ ပစ္စယုပ္ပန်တရားတို့၏ ရှေ့၌ ဖြစ်ခြင်း-တို့ဖြစ်သည်။

**အာရမ္မဏပုရေဇာတ၌ -**

၁။ ပစ္စုပ္ပန်နိပ္ဖန္နရုပ် အဋ္ဌာရသ-ဟူသော အာရုံ ၆-ပါးက ပစ္စည်း အကြောင်းတရား။
၂။ ကာမစိတ် ၅၄၊ အဘိညာဏ်ဒွေ၊ အပ္ပမညာကြဉ်သော စေတသိက် ၅၀-တို့က ပစ္စယုပ္ပန်အကျိုး တရားများဖြစ်ကြသည်။

http://www.dhammadownload.com



## အာရမ္မဏပုရေဇာတ၌ ရူပါရုံနှင့် စက္ခုဝိညာဏ်စိတ်တို့ ပစ္စည်း/ပစ္စယုပ္ပန်ဖြစ်ကြပုံ

စက္ခုဝိညာဏ်စိတ်သည် ရူပါရုံကို အာရုံပြု၍ ဖြစ်ပေါ်လာ၏။ ထိုရူပါရုံသည် စက္ခုဝိညာဏ်စိတ်၏ ရှေ့၌လည်း ဖြစ်၏။ အာရုံလည်း ဖြစ်၏။

ထို့ကြောင့် ရူပါရုံသည် စက္ခုဝိညာဏ်စိတ်အား အာရမ္မဏပုရေဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။

**အမှာ ။** ။ သဒ္ဒါရုံနှင့် သောတဝိညာဏ်စသည်တို့ ပစ္စည်း/ပစ္စယုပ္ပန်ဖြစ်ပုံ နည်းတူပင်။

### ဝတ္ထာရမ္မဏပုရေဇာတ၌ အင်္ဂါ ၃-ပါး

၁။ ပစ္စယုပ္ပန်တရားတို့၏ မှီရာဝတ္ထုဖြစ်ခြင်း၊

၂။ ပစ္စယုပ္ပန်တရားတို့၏ အာရုံဖြစ်ခြင်း၊

၃။ ပစ္စယုပ္ပန်တရားတို့၏ ရှေး၌ ဖြစ်ခြင်း-တို့တည်း။

**ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော၊**

**မနောဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ကိဉ္စိကာလေ ပုရေဇာတပစ္စယေန ပစ္စယော၊ ကိဉ္စိကာလေ န ပုရေဇာတပစ္စယေန ပစ္စယော-၌ -**

ဟဒယဝတ္ထုရုပ်ကို အမှီပြု၍ မနောဓာတ်နှင့် မနောဝိညာဏဓာတ်တို့ ဖြစ်ပေါ်လာကြသည်။ ထိုတွင် -

၁။ ရှေးကဖြစ်နှင့်ပြီးသော ဟဒယဝတ္ထုရုပ်သည် နောက်၌ ဖြစ်ပေါ်လာသော မနောဓာတ်နှင့် ယှဉ်ဘက်စေတသိက်တရားတို့အား ပုရေဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

၂။ ရှေးကဖြစ်နှင့်ပြီးသော ဟဒယဝတ္ထုရုပ်သည် နောက်၌ ဖြစ်ပေါ်လာကြသော မနောဝိညာဏဓာတ်နှင့် ယှဉ်ဘက်စေတသိက်တို့အား ဖြစ်နေဆဲပဝတ္တိကာလ၌ ဝတ္ထာရမ္မဏပုရေဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။ (ပဋိသန္ဓေဖြစ်တည်ခိုက်ကာလ၌ကား ဝတ္ထာရမ္မဏပုရေဇာတပစ္စယသတ္တိဖြင့် ကျေးဇူးမပြုကြပါ။)

### ၁၁။ ပစ္ဆာဇာတပစ္စယ

နောက်မှဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

(ပစ္စည်းတရားတို့သည် ပစ္စယုပ္ပန်တရား၏ နောက်မှဖြစ်၍ ကျေးဇူးပြုတတ်သော တရား။)

| | |
|---|---|
| ပစ္စည်း | ပဥ္စဝေါကာရဘုံ၌ဖြစ်ခိုက် အရူပဝိပါက် ၄-ခုကြဉ်သော စိတ် ၈၅-ပါး၊ စေတသိက် ၅၂-ပါး။ |
| ပစ္စယုပ္ပန် | ဝတ္ထုရုပ် ၆-ပါးနှင့် ဧကဇ, ဒွိဇ, တိဇ, စတုဇရုပ်များ |
| ပစ္စယသတ္တိ | လင်းတငယ်တို့၏ အာဟာရ၌ လိုလားတောင့်တသော ချဉ်ခြင်းစေတနာသည် နောက်မှ ဖြစ်၍ ထင်ရှားရှိသော ကိုယ်အား ကျေးဇူးပြုသကဲ့သို့၎င်း၊ နောက်၌ရွာသွန်းသော မိုးရေသည် ရှေ့ကာလကပင်တည်ရှိနေသော သစ်ပင်တို့အား စိမ်းစိုအားရှိအောင် ကျေးဇူးပြုသကဲ့သို့၎င်း နောက်မှဖြစ်၍ ပစ္စယုပ္ပန်တရားတို့အား ကျေးဇူးပြုမှုကို "ပစ္ဆာဇာတသတ္တိ"ဟု ခေါ်သည်။ |

http://www.dhammadownload.com



အရှင်ဗာကုလရဟန္တာလောင်းသည် ကလေးသူငယ်ဘဝ သမုဒ္ဒရာထဲသို့ ကျသွားရာ ရေနစ်၍ မသေ၊ ငါးကြီးမျို၍လည်း မသေ၊ ထိုသို့ မသေခြင်းမှာ နောင်အခါ ရဟန္တာဖြစ်မည့် သတ္တိက မသေရန် အကျိုးပြုသောကြောင့် ဖြစ်၏။ ထို့အတူ နောက်မှ ဖြစ်လာကြသော စိတ်, စေတသိက်တို့သည် ရှေးဦးစွာဖြစ်နှင့်၍ ဌီခဏတွင် တည်ရှိကြသော ဝတ္ထုရုပ်နှင့်တကွ ဒွိဇ, တိဇ, စတုဇရုပ်အပေါင်းကို "ပစ္ဆာဇာတသတ္တိ"ဖြင့် ကျေးဇူးပြုကြ၏။

### ❑ ပစ္ဆာဇာတပစ္စယောတိ -

| ပစ္စည်း = အကြောင်း | ပစ္စယုပ္ပန် = အကျိုး | ပစ္စယသတ္တိ |
|---|---|---|
| **ပစ္ဆာဇာတာ စိတ္တစေတသိကာ ဓမ္မာ** | **ပုရေဇာတဿ ဣမဿ ကာယဿ** | **ပစ္ဆာဇာတပစ္စယေန ပစ္စယော။** |

**နိဿယ =** ပစ္ဆာဇာတပစ္စယောတိ- ပစ္ဆာဇာတပစ္စည်းဟူသည်ကား။

✔ ပစ္ဆာဇာတာ-နောက်နောက်၌ ဖြစ်ကုန်သော။ စိတ္တစေတသိကာ-ကုန်သော။ ဓမ္မာ-ပဥ္စဝေါကာရဘုံ၌ အရူပဝိပါက် ၄-ခုကြဉ်သော စိတ် ၈၅-ခု၊ စေတသိက် ဒွေပညာသ ၅၂-ပါး နာမက္ခန္ဓာတို့သည်။ ပုရေ-ပစ္စည်း တရားဖြစ်သည်မှ ရှေး၌။ ဇာတဿ-ဖြစ်သော။ ဣမဿ-ဤသို့ သဘောရှိသော။ ကာယဿ-ဧကဇ, ဒွိဇ, တိဇ, စတုဇကာယအား။ ပစ္ဆာဇာတပစ္စယေန။ ။ပ။ ဟောတိ။

### ❑ အဓိပ္ပါယ်ရှင်းလင်းချက် -

ပစ္ဆာဇာတ ။ ။ ပစ္ဆာ = အကျိုးပစ္စယုပ္ပန်တရားဖြစ်ပြီးသည်မှ နောက်ကာလ၌။
ဇာတ = ရှေး၌ ဖြစ်သော။ ပစ္စယ = အကြောင်းတရား။

နောက်နောက်၌ဖြစ်သော စိတ်, စေတသိက်တို့သည် ရှေးရှေး၌ဖြစ်တည်ခဲ့၍ "ဌီ"အနေအားဖြင့် ထင်းရှားရှိနေသော စတုဇရုပ်တို့အား ဆက်လက်တည်တံ့ခိုင်မြဲစေရန် ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူးပြုကြသည်။

ဆောင် ။ ။ ရှေ့မှာရှိနေ၊ ဌီ-ရုပ်တွေအား၊ စိတ်, စေနှစ်ဖြာ၊ နောက်နောက်လာ၊ တည်ငှာ ပစ္ဆာဇာတ။

#### အရူပ ၄-ဘုံ, အသညသတ်ဘုံတို့၌ ပစ္ဆာဇာတ မရခြင်း

ဤပစ္ဆာဇာတပစ္စည်းသည် နာမ်တရားက ရုပ်တရားကို ကျေးဇူးပြုသောပစ္စည်းဖြစ်သောကြောင့် အရူပ ၄-ဘုံနှင့် အသညသတ်ဘုံတို့၌ မရအပ်။ ရုပ်, နာမ် ၂-ပါးစုံရသော ပဉ္စဝေါကာရ ၂၆-ဘုံ၌သာ ရနိုင်သည်။

#### ပဋိသန္ဓေစိတ် ပစ္ဆာဇာတပစ္စည်း မတပ်နိုင်ခြင်း

ပဋိသန္ဓေစိတ်သည် ဘဝတစ်ခု၌ ရှေးဦးစွာဖြစ်သောစိတ်ဖြစ်သည်။ ထိုပဋိသန္ဓေစိတ်၏ ရှေ့၌ ရုပ်မဖြစ်ခဲ့သေးရကား ပစ္ဆာဇာတ ပစ္စည်းမတပ်နိုင်။

(သတ္တဝါတို့သန္တာန်၌ ပဋိသန္ဓေနောင် ပထမဘဝင်စိတ်မှစ၍ စုတိစိတ်တိုင်အောင် အလုံးစုံသောစိတ်တို့သည် ပစ္ဆာဇာတပစ္စည်းတပ်ကြသည်။)

http://www.dhammadownload.com



## နာမ်, ရုပ်တို့ ပစ္ဆာဇာတပစ္စည်းတပ်ပုံ

၁။ ပဌမဘဝင်စိတ်သည် ပဋိသန္ဓေစိတ်အခိုက်အတန့်၌ဖြစ်ခဲ့သော ကမ္မဇရုပ်နှင့် ဥတုဇရုပ်တို့အား ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။

၂။ ဒုတိယဘဝင်စိတ်သည် ရှေ့၌ဖြစ်ခဲ့သော ကမ္မဇရုပ်, ဥတုဇရုပ်, စိတ္တဇရုပ်တို့အား ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။

၃။ ပဝတ္တိအခါ ဝီထိစိတ်ဖြစ်ပေါ်ရာ၌ အတီတဘဝင်စိတ်သည် ရှေ့၌ဖြစ်ခဲ့သော "ဌီ"အနေဖြင့် ထင်ရှားရှိခဲ့သော စတုဇရုပ်တို့အား ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။ (ဤကား အမြွက်မျှသာ။)

ဤနည်းကို အမှီပြု၍ နောက်နောက်စိတ်တို့က ရှေ့ရှေ့၌ဖြစ်ခဲ့သော ရုပ်တို့အား ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူးပြုပုံကို ခွဲခြားဝေဘန် သိမြင်နိုင်သည်။

## ပုရေဇာတပစ္စည်းနှင့် ပစ္ဆာဇာတပစ္စည်းတို့ ထူးခြားဟန်

✔ ပုရေဇာတပစ္စည်းသည် ရှေ့က ဖြစ်ပေါ်တည်ရှိနေသော ရုပ်တရားတို့က နောက်မှ ဖြစ်ပေါ်လာသော နာမ်တရားတို့အား (သူ့နောက်ပါလာအောင်) ကျေးဇူးပြုပေးသည်။ (**ရုပ်က အကြောင်းဖြစ်ပြီး နာမ်က အကျိုးဖြစ်သည်။**)

✔ ပစ္ဆာဇာတပစ္စည်းသည် ရှေ့က ဖြစ်ပေါ်တည်ရှိနေသော ရုပ်တရားတို့ကို ဆက်လက်တည်တံ့ခိုင်မြဲအောင် နောက်ကလိုက်ဖြစ်တဲ့ နာမ်တရားက ကျေးဇူးပြုပေးသည်။ (**နာမ်က အကြောင်းပစ္စည်းဖြစ်၍ ရုပ်က အကျိုးပစ္စယုပ္ပန်ဖြစ်သည်။**)

### ဗဟုသုတမှတ်ဖွယ်

**ရုပ်လေးမျိုး** ၁။ ကမ္မဇရုပ် = ကံကြောင့်ဖြစ်သော ရုပ်။
၂။ စိတ္တဇရုပ် = စိတ်ကြောင့်ဖြစ်သော ရုပ်။
၃။ ဥတုဇရုပ် = ဥတုကြောင့်ဖြစ်သော ရုပ်။
၄။ အာဟာရဇရုပ် = အာဟာကြောင့်ဖြစ်သောရုပ်။

ဤရုပ်လေးမျိုးကို နောက်နောက်ကဖြစ်နေသော စိတ်, စေတသိက်တို့က တည်တံ့အောင် ကျေးဇူးပြုပေးနေသည်။

### ပဋိသန္ဓေ ဝီထိ

| ပဋိ | ဘဝင် (ပ) ၁၅/၁၆ချက် | မနောဒွါရာဝဇ္ဇန်း | ဇော ၇ |
|---|---|---|---|
| . . . | . . . | . . . | |

**အထပ်ပါ ဝီထိစိတ်အစဉ်အရ သတ္တဝါတို့သန္တာန်၌ -**

၁။ ရှေးဦးစွာ ပဋိသန္ဓေစိတ်
၂။ ထို့နောင် ဘဝင် ၁၅/၁၆-ချက်
၃။ ထို့နောင် မနောဒွါရာဝဇ္ဇန်းစိတ်
၄။ ထို့နောင် ဘဝနိကန္တိကလောဘဇော ၇-ကြိမ် အစဉ်အတိုင်းဖြစ်ကြသည်။

http://www.dhammadownload.com



**စိတ်တစ်ခု၌ ဥပါဒ်, ဌီ, ဘင်ဟု စိတ္တက္ခဏ ၃-မျိုးစီပါရှိကြရာတွင်** -

၁။ ကမ္မဇရုပ်သည် ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏမှ စ၍ ဖြစ်သည်။

၂။ ဥတုဇရုပ်သည် ပဋိသန္ဓေစိတ်၏ ဌီခဏမှ စ၍ ဖြစ်သည်။

၃။ စိတ္တဇရုပ်သည် ပထမဘဝင်စိတ်၏ ဥပါဒ်ခဏမှ စ၍ဖြစ်သည်။

၄။ အာဟာရဇရုပ်သည် မိခင်မျိုချလိုက်သော ဩဇာအာဟာရ ပြန့်နှံ့ချိန်ကာလမှ စ၍ (၇)ရက်နှင့် (၁၄)ရက်ကြားမှာ ဖြစ်ပေါ်၏။

ဆောင် ။ ။ ၁။ ပဋိသန္ဓေ၊ ဥပါဒ်ပေ၊ ဖြစ်လေ ကမ္မဇ။
၂။ ပဋိသန္ဓေ၊ ဌီ၌ပေ၊ ဖြစ်လေ ဥတုဇ။
၃။ ပထမဘဝင်ေ၊ ဥပါဒ်ပေ၊ ဖြစ်လေ စိတ္တဇ။
၄။ ဩဇာရုပ်တွေ၊ ပြန့်နှံ့ပေ၊ ဖြစ်လေ အာဟာရဇ။

သာဓက ။ ။ ✔ ဥပ္ပဇ္ဇန္တံ ပဋိသန္ဓိ+မုပါဒါယ ကမ္မသမုဋ္ဌာနာ။
✔ ဌိတိကာလ+မုပါဒါယ ဥတုသမုဋ္ဌာနာ။
✔ ဒုတိယစိတ္တ+မုပါဒါယ စိတ္တသမုဋ္ဌာနာ။
✔ ဩဇာဖရဏ+မုပါဒါယ အာဟာရသမုဋ္ဌာနာ။ (သင်္ဂဟ)

## ၁၂။ အာသေဝနပစ္စယ

အဖန်တလဲလဲမှီဝဲထုံအပ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

| | |
|---|---|
| ပစ္စည်း | လောကီအဆုံးဇော, မဂ်ဇော, ဖိုလ်ဇောတို့သည် ကြဉ်အပ်သော ရှေးရှေးသော လောကီဇော ၄၇-ပါး၊ စေတသိက် ၅၂-ပါး။ |
| ပစ္စယုပ္ပန် | ပထမဇောနှင့် ဖိုလ်ဇောတို့ကြဉ်သော နောက်နောက်သော ဇော ၅၁-ပါး၊စေတသိက် ၅၂-ပါး |
| ပစ္စယသတ္တိ | ရှေးရှေး၌ ကျမ်းဂန်စာပေသင်ကြားခြင်းသည် နောက်နောက်ကျမ်းဂန် စာလေင်ကြားခြင်းကို လွယ်ကူထက်သန်အားရှိအောင် ကျေးဇူးပြုသကဲသို့ငှ်း၊ရှေးရှေး၌ ထုံအပ်သော နံ့သာသည် နောက်နောက်၌ ထုံအပ်သော နံ့သာအား အဆင်းအနံ့လွန်စွာတိုးပွားစေလျက် ခိုင်မြဲစွာဖြစ်စေခြင်းငှာ ကျေးဇူးပြုသကဲ့သို့ငှ်း ထို့အတူ နောက်နောက်ဇောတို့အား ထက်သန်အားရှိအောင် အထုံအဟုန်ပေးသည့်အနေဖြင့် ရှေးရှေးဇောတို့၏ ကျေးဇူးပြုမှုကို အာသေဝနပစ္စယသတ္တိ-ဟုခေါ်သည်။ |

❑ **အာသေဝနပစ္စယောတိ** -

| ပစ္စည်း = အကြောင်း | ပစ္စယုပ္ပန် = အကျိုး | ပစ္စယသတ္တိ |
|---|---|---|
| **ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ** | **ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ** | **အာသေဝန** |
| **ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ** | **ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ** | **ပစ္စယေန** |
| **ပုရိမာ ပုရိမာ ကြိယာဗျာကတာ ဓမ္မာ** | **ပစ္ဆိမာနံ ပစ္ဆိမာနံ ကြိယာဗျာကတာနံ ဓမ္မာနံ** | **ပစ္စယော။** |

**နိဿယ** = အာသေဝနပစ္စယောတိ- အာသေဝနပစ္စည်းဟူသည်ကား
(ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ, အကုသလာ ဓမ္မာ ဤနှစ်ပါးသည် အနန္တရနှင့်တူ၏။)

http://www.dhammadownload.com



✔ ပုရိမာ ပုရိမာ-ကုန်သော။ ကြိယာဗျာကတာ-ဖြစ်ကုန်သော။ ဓမ္မာ-အဆုံးဇောကြဉ်သော ကြိယာဇောအဌာရသ (၁၈) နာမက္ခန္ဓာတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ-ကုန်သော။ ကြိယာဗျာကတာနံ-ကုန်သော။ ဓမ္မာနံ-ပထမဇောကြဉ်သော ကြိယာဇောအဌာရသနာမက္ခန္ဓာတို့အား။ အာသေဝနပစ္စယေန ။ပ။ ဟောတိ။

- **အဓိပ္ပါယ်ရှင်းလင်းချက်** -

**အာသေဝန ။ ။ အာ-ပုနပ္ပုနံ + သေဝတိ ပဝတ္တတီတိ အာသေဝနံ။**

အဖန်တလဲလဲ ထပ်ခါထပ်ခါမှီဝဲထုံအပ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရား။

ဘုရား၊ ရဟန္တာမှ တပါး သတ္တဝါတိုင်း၏ စိတ်၊ သန္တာန်၌ ကုသိုလ်၊ အကုသိုလ်စိတ်တို့ အမြဲဖြစ်နေကြ၏။ ဒါနစသောကုသိုလ်ပြုလုပ်သည့်အခါ ကုသိုလ်ဇောတွေ ဆက်ကာ ဆက်ကာဖြစ်ပေါ်လာ၏။ ယင်းသို့ ဖြစ်ပေါ်လာရာ၌ ရှေ့မှာဖြစ်သော ကုသိုလ်ဇောစိတ်က နောက်မှ ဖြစ်လာသော ကုသိုလ်ဇောစိတ်အား အရှိန်အဟုန်တိုးပွားလာအောင် "အာသေဝန"သတ္တိဖြင့် ကျေးဇူးပြု၏။ ပါဏာတိပါတစသော အကုသိုလ်အမှုပြုလုပ်ရာ၌လည်း ဤနည်းအတိုင်းပင် "အာသေဝနသတ္တိ"ဖြင့် ကျေးဇူးပြု၏။

ဘုရား၊ ရဟန္တာပုဂ္ဂိုလ်တို့၌ကား ကုသိုလ်၊ အကုသိုလ် မဖြစ်တော့ပဲ အဗျာကတသာ ဖြစ်ခွင့်ရ၏၊ အကျိုးပေးခွင့်မရှိတော့ပြီ။

**အမှာ ။ ။** အာသေဝနပစ္စည်းသည် အနန္တရမျိုး၌ ပါဝင်၏။ ပုရိမာ ပုရိမာစသည်၌ ရှေ့ရှေ့+နောက်နောက် အစဉ်ကို အနန္တရပစ္စည်းတုန်းက ပြဆိုခဲ့သည့်အတိုင်း ဝီထိနည်းဖြင့် မှတ်သားရမည်။ ယင်းဝီထိ၌ ကုသိုလ်၊ အကုသိုလ်၊ အဗျာကတခွဲပုံနှင့် ကုသိုလ်၊ အကုသိုလ်၊ အဗျာကတတို့၏ သဘောလက္ခဏာကိုပါ အနန္တရပစ္စည်း၌ ပြခဲ့ပြီးဖြစ်သည်။

✔ အာသေဝနပစ္စည်းကို ဇာတ်တူသော ဇောစိတ်တို့၌သာ ရနိုင်၏။ ဇာတ်မတူက မရနိုင်။

✔ ရှေ့ဇောအစု၊ ဇာတ်တူမှုကြောင့်၊ ကု၊ အကုပါ၊ ကြိယာတစ်ဖန်၊ နန္တရံ၊ ပွားဟန်သေဝန-ဟူသည်နှင့်အညီ-

**ဤအာသေဝနပစ္စည်း၌** (က) လောကီအဆုံးဇော၊ မဂ်ဇော၊ ဖိုလ်ဇောကြဉ်သော ရှေးရှေးသောလောကီဇော ၄၇-ပါး၊ စေတသိက် ၅၂-ပါးတို့က ပစ္စည်းတရား။

(ခ) ပထမဇော၊ ဖိုလ်ဇောကြဉ်သော ဇော ၅၁-ပါး၊ စေတသိက် ၅၂-ပါးတို့က ပစ္စယုပ္ပန်တရားဖြစ်ကြသည်။

**အာသေဝနပစ္စည်း မတပ်သောတရားများ**

ဤ၌ လောကီအဆုံးဇော၊ မဂ်ဇော၊ ဖိုလ်ဇော။ ဤဇောစိတ်တို့သည် အာသဝေနပစ္စည်း မတပ်ကြပါ။ ဘာကြောင့် အာသေဝနပစ္စည်း မတပ်ကြသနည်းဟူမူ -

(၁) **အဆုံးဇောသည်** နောက်၌ ဆက်လက်၍ ဇောမဖြစ်ရကား ကျေးဇူးပြုရန် ပစ္စယုပ္ပန်တရားမရှိသောကြောင့် အာသေဝနပစ္စည်း မတပ်နိုင်။

(၂) **မဂ်ဇော**သည် နောက်၌ သဘောတူဇောဖြစ်မလာဘဲ ဖိုလ်ဇောသာ ဖြစ်လာရကား အာသေဝနပစ္စည်း တပ်နိုင်ရန် အခွင့်အလမ်းမရှိ။ ဇာတ်တူဇောအချင်းချင်းဖြစ်မှသာ အာသေဝနပစ္စည်း တပ်ခွင့်ရှိသည်။

(၃) **ဖိုလ်ဇော**သည် ဝိပါက်မျိုးဖြစ်နေသောကြောင့် အာသေဝနပစ္စည်းတပ်ခွင့်မရှိ။

ထိုကြောင့် အကုသိုလ်ဇော၊ ကုသိုလ်ဇော၊ ကြိယာဇောစိတ်တို့သာလျှင် အာသေဝနပစ္စည်းတပ်ကြသည်။

http://www.dhammadownload.com



မှတ်ချက် ။ ။ ယင်းဇောစိတ်တို့တွင်လည်း ပထမဇောသည် ပစ္စည်းသာဖြစ်၍ ပစ္စယုပ္ပန်မဖြစ်နိုင်။ အဆုံးဇော နှင့် မဂ်ဇောတို့သည် ပစ္စယုပ္ပန်သာဖြစ်၍ ပစ္စည်း မဖြစ်နိုင်။

**အဘိဓမ္မာနည်းနှင့် သုတ္တန်နည်း**

✔ အာသေဝနသည် **အဘိဓမ္မာဒေသနာနည်း**အရ ဝီထိအစဉ်အတိုင်း ပစ္စုပ္ပန်အခိုက်အတန့်မှာသာ ရ၏။ သုတ္တန်ဒေသနာနည်းအရ ဘဝါဘဝသံသရာက မိမိထုံခဲ့သော ကုသိုလ်, အကုသိုလ်အားလျော်စွာ လိုက်ပါလာပြီး ရှေးရှေးဘဝကပြုခဲ့သော ကုသိုလ်, အကုသိုလ်တရားတို့က နောက်နောက်ဘဝတွေမှာဖြစ်တဲ့ ကုသိုလ်, အကုသိုလ် တရားတို့ကို အာသေဝနသတ္တိဖြင့် ကျေးဇူးပြု၏။

✔ **သုတ္တန်နည်း**အရ အတိတ်ဘဝတွေက ဒါနကုသိုလ်အထုံပါခဲ့လို့ ပစ္စုပ္ပန်ဘဝတွေမှာ ဒါနပြုစရာကြုံ လာရင် လက်မနှေးကြဘူး။ သီလကုသိုလ်တွေ, သမထဘာဝနာကုသိုလ်တွေ, အခုပွားများနေကြတာတွေအားလုံး အတိတ်ဘဝကုသိုလ်တွေက အာသေဝနသတ္တိဖြင့် ကျေးဇူးပြုလိုက်ခြင်းပင်ဖြစ်သည်။

## ၁၃။ ကမ္မပစ္စယ

မျိုးစေ့ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

၁။ သဟဇာတကမ္မ  ၂။ နာနက္ခဏိကကမ္မ  ၂-မျိုးရှိသည်။

| | |
|---|---|
| ၁။ သဟဇာတကမ္မပစ္စည်း | စိတ် ၈၉-ပါး၌ ယှဉ်သော စေတနာ ၈၉-ပါး။ |
| ၎င်း၏ပစ္စယုပ္ပန် | စိတ် ၈၉-ပါး၊ စေတနာကြဉ်သော စေတသိက် ၅၁-ပါး၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်။ |
| ၂။ နာနက္ခဏိကကမ္မပစ္စည်း | အကုသိုလ်ကံ ၁၂-ပါး၊ မဟာကုသိုလ်ကံ ၈-ပါး၊ မဟဂ္ဂုတ်ကုသိုလ်ကံ၉-ပါး၊ မဂ်စေတနာကံ၄-ပါး |
| ၎င်း၏ပစ္စယုပ္ပန် | ဝိပါက်စိတ် ၃၆-ပါး၊ စေတသိက် ၃၈-ပါး၊ ပဋိသန္ဓေကမ္မဇရုပ်၊ပဝတ္တိကမ္မဇရုပ်၊ အသညသတ် ကမ္မဇရုပ်။ |
| ပစ္စယသတ္တိ | ကောင်းစွာသိုမှီးစီရင်အပ်သော မျိုးစေ့သည် အညွန့်အညှောက်နှင့်တကွ အပင်သစ်ကို ဖြစ်စေ သကဲ့သို့ ဝိပါက်နာမက္ခန္ဓာကဋတ္တာရုပ်တို့ဖြစ်ဖို့ရန် ကျေးဇူးပြုမှု"ကမ္မပစ္စယသတ္တိ"ဟု ခေါ်သည်။ |

(က) စိတ် ၈၉-ပါး၌ယှဉ်သော စေတနာ ၈၉-ပါးသည် မိမိနှင့်ယှဉ်ဘက်သမ္ပယုတ်တရားတို့အားငှင်း၊ မိမိကြောင့် ဖြစ်သော စိတ္တဇရုပ်တို့အားငှင်း၊ ပဋိသန္ဓေအခါ ကမ္မဇရုပ်တို့အားငှင်း သဟဇာတကမ္မသတ္တိဖြင့် ကျေးဇူးပြုသည်။

(ခ) နာနက္ခဏိကစေတနာသည် မိမိတို့ကြောင့်ဖြစ်သော ဝိပါက်နာမက္ခန္ဓာ, ကဋတ္တာရုပ်တို့အား နာနက္ခဏိက ကမ္မသတ္တိဖြင့် ကျေးဇူးပြုသည်။

❑ **ကမ္မပစ္စယောတိ** -

| ပစ္စည်း = အကြောင်း | ပစ္စယုပ္ပန် = အကျိုး | ပစ္စယသတ္တိ |
|---|---|---|
| **ကုသလာကုသလံ ကမ္မံ** | **ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ** | **ကမ္မပစ္စယေန** |
| **စေတနာ** | **သမ္ပယုတ္တကာနံ ဓမ္မာနံ, တံသမုဋ္ဌာနာနဉ္စ ရူပါနံ** | **ပစ္စယော။** |

http://www.dhammadownload.com



**နိဿယ** = ကမ္မပစ္စယောတိ- ကမ္မပစ္စည်းဟူသည်ကား

✔ ကုသလာကုသလံ-ကုသိုလ်အကုသိုလ်ဖြစ်သော။ ကမ္မံ-နာနက္ခဏိကစေတနာသည်။ ဝိပါကာနံ-အကျိုးဖြစ်ကုန်သော။ ခန္ဓာနဉ္စ-ဝိပါက်စိတ်ဆတ္တိုသ၊ စေတသိက် အဋ္ဌတ္တိုသ၊ နာမက္ခန္ဓာတို့အားငင်း၊ ကဋတ္တာရူပါနဉ္စ-ပဋိသန္ဓေကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ်, အသညတ်ကမ္မဇရုပ်တို့အားငင်း။ ကမ္မပစ္စယေန-နာနက္ခဏိကကမ္မသတ္တိဖြင့်။ ပစ္စယော။ ။ပ။ ဟောတိ။

✔ စေတနာ-(အတိတ်ဖြစ်သော ကုသိုလ်, အကုသိုလ်)စေတနာသည်။ သမ္ပယုတ္တကာနံ-သမ္ပယုတ်ဖြစ်ကုန်သော။ ဓမ္မာနဉ္စ-စိတ် ၈၉၊ စေတနာကြည်သော စေတသိက် ဧကပညာသ (၅၁)တို့အားငင်း။ တံ သမုဋ္ဌာနာနံ-ထိုစေတနာ, စေတနာနှင့်ယှဉ်သော စိတ်, စေတသိက်လျှင် ဖြစ်ကြောင်းရှိကုန်သော။ ရူပါနဉ္စ-စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အားငင်း။ ကမ္မပစ္စယေန-သဟဇာတကမ္မသတ္တိဖြင့်။ ပစ္စယော။ ပ။ ဟောတိ။

## ❑ အဓိပ္ပါယ်ရှင်းလင်းချက် -

**ကမ္မ** ။ ။ ကရောတိ အဘိသင်္ခရောတီတိ ကမ္မံ။ (ကရ+ရမ္မ)

ရုပ်, နာမ်တရားများ ဖြစ်ပေါ်လာအောင် စီရင်ပေးတတ်သော သဘောတရား။

**စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ**-စေတနာကိုပင် ကံဟူ၍ငင်း၊ ကံကိုပင် စေတနာဟူ၍ငင်း ခေါ်၏။

မိမိပြုလိုက်သော ကုသိုလ်ကံစေတနာနှင့် အကုသိုလ်ကံစေတနာတို့သည် ယခုဘဝ, နောက်ဘဝမှ စ၍ နိဗ္ဗာန်ရသည့်ဘဝတိုင်အောင် အကျိုးပေးကြသည်။

## (က) သဟဇာတကမ္မပစ္စည်းကျေးဇူးပြုပုံ

အကျိုးသိမြင် ဉာဏ်နှင့်ယှဉ်၍ စေခိုင်းတိုက်တွန်းမှုမပါဘဲ ဒါန, သီလစသော ကုသိုလ်ကောင်းမှု ပြုလုပ်ရာ၌ သောမနဿသဟဂုတ်, ဉာဏသမ္ပယုတ်, အသင်္ခါရိက (ပထမမဟာကုသိုလ်)စိတ်နှင့်အတူ စေတသိက် ၃၈-ပါးဖြစ်ပေါ်၏။ စိတ္တဇရုပ်လည်း ဖြစ်ပေါ်လာ၏။ ✔ ထိုအခါ ထိုတရားတို့၌ ပါရှိသော စေတနာစေတသိက်သည် ယှဉ်ဘက်နာမ်တရားတို့အား ဆိုင်ရာကိစ္စတို့၌ အသီးသီးဆောင်ရွက်ကြရန် ဆော်ဩသမှု ကျေးဇူးပြု၏။

✔ အတူဖြစ်ပေါ်လာသော စိတ္တဇရုပ်တို့ကိုလည်း အားရှိသန်းစွမ်းအောင် ဆော်ဩသမှု ကျေးဇူးပြု၏။

✔ ပဋိသန္ဓေ အခိုက်၌ပါရှိသော စေတနာသည် ယှဉ်ဘက်သမ္ပယုတ်တရားတို့အား ဆော်ဩသမှုကျေးဇူးပြု၏။

(ဤသဟဇာတကမ္မပစ္စည်း၏ ကျေးဇူးပြုပုံမှာ သဟဇာတပစ္စည်းနှင့်တူ၏။ ဤ၌ကား အမြွက်မျှပြဆိုခြင်းဖြစ်၏။)

## (ခ) နာနက္ခဏိကကမ္မပစ္စည်းကျေးဇူးပြုပုံ

ကမ္မပထ-ကံမြောက်ပြီး၍ ချုပ်ဆုံးလေပြီးသော ကုသိုလ်, အကုသိုလ်စေတနာကံတို့သည် နောက်နောက်ဘဝတို့၌ အကျိုးပေးချိန်တန်သောအခါ ဝိပါက်နာမက္ခန္ဓာနှင့် ကမ္မဇရုပ်များကို ဖြစ်ပေါ်လာအောင် ဆောင်ရွက်ပေးကြ၏။ ကျေးဇူးပြုကြ၏။

(ကံမြောက်သော စေတနာဆိုသည်မှာ လွန်စွာအာနုဘော်ကြီး၏။ စေတနာချုပ်သွားသော်လည်း အကျိုးကို ဖြစ်စေခြင်းဟူသော အမူအရာသတ္တိထူးကား အလုံးစုံချုပ်ငြိမ်းသွားသည်မဟုတ်၊ ကျန်ရှိနေသေး၏။ အနုသယသဘောမျိုးဖြင့် စိတ်အစဉ်၌ အမြဲလိုက်ပါနေ၏။ ထိုအမူအရာကြီယာ သတ္တိထူးကိုပင် နာနက္ခဏိကကမ္မသတ္တိ-ဟု ခေါ်ဆိုရ၏။ ထိုသတ္တိထူးသည်ပင် နောက်နောင်အကျိုးပေးချိန်တန်သောအခါ အကျိုးပေးလေ့ရှိ၏။

http://www.dhammadownload.com



(က) **သဟာဇာတကမ္မ** ။ ။ ယခုပြုလုပ်နေဆဲ အခိုက်အတန့်ကာလမှာပင် ယှဉ်ဘက် စိတ်, စေတသိက်, စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တွေဖြစ်ပေါ်အောင် ကျေးဇူးပြုသော ကုသိုလ်ကံ, အကုသိုလ်ကံ။

(ခ) **နာနက္ခဏိကကမ္မ** ။ ။ ထိုထိုဘုံဘဝ, ကာလတွေမှာ လိုက်ပြီးအကျိုးပေးသောကံ။
ကံပြုရာအချိန်ကာလက တစ်ခြား၊ အကျိုးပေးရာ အချိန်ကာလက တစ်ခြား။ ဤသို့ အချိန်ကာလ(ခဏ) အသီးသီးဖြစ်၍ ကွဲပြားနေခြင်းကြောင့် "**နာနာက္ခဏိကကမ္မ**"ဟု ခေါ်ဆိုရသည်။

## ကမ္မပထမြောက်သော ဇော ၇-ကြိမ်ဖြင့် ပိုင်းခြားမှု

**ကုသိုလ်, အကုသိုလ်ကံပြုကြရာ၌ ဇော ၇-ကြိမ်တွင် -**

၁။ ပထမဇောစေတနာတည်းဟူသော ကံက ယခုမျက်မှောက်ဘဝမှာ အကျိုးပေး၏။

၂။ သတ္တမဇောစေတနာတည်းဟူသော ကံက ဒုတိယဘဝမှာ အကျိုးပေး၏။

၃။ အလယ်ဇော (၅)ချက်စေတနာကံက တတိယဘဝမှစ၍ နိဗ္ဗာန်ရောက်သည့် ဘဝတိုင်အောင် အကျိုးပေး၏။

၄။ ပထမဇောစေတနာကံက ယခုမျက်မှောက်ဘဝမှာ အကျိုးပေးခွင့်မရလျှင် **အဟောသိကံ**ဖြစ်သွား၏။
သတ္တမဇောစေတနာကံကလည်း ဒုတိယဘဝမှာ အကျိုးပေးခွင့်မရလျှင် **အဟောသိကံ**ဖြစ်သွား၏။
အလယ်ဇော ၅-ချက် စေတနာကံကလည်း တစ်စုံတစ်ခုအကျိုးကို မဖြစ်စေလျှင်**အဟောသိကံ**ဖြစ်သွား၏။

ဆောင် ။ ။ ၁။ ပထမဇောစေတနာ၊ ခုဘဝါ၊ မှန်စွာ **အကျိုးပေး**။
၂။ **သတ္တမဇောစေတနာ**၊ ဒု-ဘဝါ၊ မှန်စွာ **အကျိုးပေး**။
၃။ **အလယ်ဇောစေတနာ**၊ ဖြစ်လေရာ၊ မှန်စွာ **အကျိုးပေး**။

**ကမ္မံ သတ္တေ ဝိဘဇတိ** ။ ။ ဘဝများစွာသံသရာ၌ အနိမ့်+အမြင့်၊ အကောင်း+အဆိုး ကွဲပြားနေတာမှန်သမျှ ကံတရားက ခွဲခြားဝေဘန်ပေးခြင်းဖြစ်၏။
သတ္တဝါများ ဂတိ ၅-ဖြာ ချာချာလည်နေကြရတာလည်း ကံကြောင့်ပင် ဖြစ်၏။

ဆောင် ။ ။ ✔ ဂတိ ၅-ဖြာ၊ လည်ရတာ၊ မှန်စွာ ကံကြောင့် ဖြစ်ပေ၏။
✔ ဘဝများစွာ၊ မြင့်+နိမ့်တာ၊ မှန်စွာ ကံကြောင့် ဖြစ်ပေ၏။

♦ ကမ္မနာနာကရဏံ ပဋိစ္စ သတ္တာနံ အတ္တဘာဝေ နာနာကရဏံ ပညာယတိ။

လာဘ-လာဘ စသည့်ရှစ်တန် လောကဓံတို့နှင့် ကြုံတွေ့ခံစားနေရတာအားလုံး ကံကြောင့်ပင်ဖြစ်၏။

ဆောင် ။ ။ လောကဓံရှစ်ဖြာ၊ တွေ့ကြုံတာ၊ မှန်စွာကံကြောင့် ဖြစ်ပေ၏။

♦ အဋ္ဌိမေ ဘိက္ခဝေ လောကဓမ္မာ လောကံ အနုပရိဝတ္တန္တိ။ လောကော စ လောကဓမ္မေ အနုပရိဝတ္တတိ။

http://www.dhammadownload.com



## ၁၄။ ဝိပါကပစ္စယ

အကျိုးဖြစ်၍ ကျေးဇူးပြုတတ်သော တရား။

| | |
|---|---|
| ပစ္စည်း | ဝိပါက်စိတ် ၃၆-ပါး၊ စေတသိက် ၃၈-ပါး |
| ပစ္စယုပ္ပန် | အချင်းချင်းမှထောက်သဖြင့် ဝိပါက်စိတ် ၃၆-ပါး၊ စေတသိက် ၃၈-ပါး၊ ဝိပါက်စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ် |
| ပစ္စယသတ္တိ | ချမ်အေးသောလေသည် ချမ်းအေးသည့်အရပ်၌နေသောသူအား ချမ်းငြိမ်းစေခြင်းဌာ ကျေးဇူးပြုသကဲ့သို့ ပြုလုပ်အားထုတ်ခြင်း ကြိယာဗျာပါရကင်းစေ၍ ငြိမ်သက်စွာ ဖြစ်စေသောအားဖြင့် ကျေးဇူးပြုမှုကို "ဝိပါကပစ္စယသတ္တိ"ဟု ခေါ်သည်။<br>ဝိပါက်စိတ္တုပ္ပါဒ် ၃၆-ပါးတို့သည် အချင်းချင်းအားဝင်း၊ မိမိတို့ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အားဝင်း ပဋိသန္ဓေအခါ ကမ္မဇရုပ်တို့အားဝင်း ဝိပါကပစ္စယသတ္တိဖြင့် ကျေးဇူးပြုကြကုန်၏။ |

### ❑ ဝိပါကပစ္စယောတိ -

| ပစ္စည်း = အကြောင်း | ပစ္စယုပ္ပန် = အကျိုး | ပစ္စယသတ္တိ |
|---|---|---|
| **ဝိပါကာ စတ္တာရော ခန္ဓာ အရူပိနော** | **အညမညံ** | **ဝိပါကပစ္စယေန ပစ္စယော။** |

**နိဿယ** = ဝိပါကပစ္စယောတိ- ဝိပါကပစ္စည်းဟူသည်ကား

✔ ဝိပါကာ-အကျိုးဝိပါက်ဖြစ်ကုန်သော။ စတ္တာရော-လေးပါးကုန်သော။ အရူပိနော-နာမ်ဖြစ်ကုန်သော။ ခန္ဓာ-တို့သည်။ အညမညံ(အညမညဿ)အား။ ဝိပါကပစ္စယေန။ ။ပ။ ဟောတိ။

### ❑ အဓိပ္ပါယ်ရှင်းလင်းချက် -

ဝိပါက ။ ။ အချင်းချင်းထူးကုန်သော ကုသိုလ်, အကုသိုလ်တို့၏ အကျိုးတရား။

ဝိပါကပစ္စယ ။ ။ ကုသိုလ်ကံ, အကုသိုလ်ကံတို့၏ အကျိုးဖြစ်၍ ကျေးဇူးပြုသော တရား။

♦ အညမညဝိသိဋ္ဌာနံ ကုသလာကုသလာနံ ပါကာတိ ဝိပါကာ။
ဝိပက္ကဘာဝ-မာပန္နာနံ **အရူပဓမ္မာနမေတံ အဓိဝစနံ။ (အဘိ၊ဋ္ဌ၊၁၊၈၄။)**

ဘဝသံသရာက မိမိတို့ပြုခဲ့ကြသော (ကုသိုလ်, အကုသိုလ်)ကံတရားကြောင့် ဖြစ်လာရသော အကျိုးတရားမှန်သမျှသည် ဝိပါကပစ္စည်းများဖြစ်ကြသည်။

ဝိပါက ။ ။ နာနာက္ခဏိကကံ၏ ရင့်ကျက်မှုအကျိုးသဘောဖြစ်သောကြောင့် "ဝိပါက"အမည်ရသည်။

ယင်းဝိပါကပစ္စည်း၌- (က) ဝိပါက်စိတ် ၃၆-ပါး၊ စေတသိက် ၃၈-ပါးတို့က ပစ္စည်းတရား။
(ခ) ဝိပါက်စိတ် ဆတ္တိံသ၊ စေတသိက် ၃၈-ပါး၊ ဝိညတ်ဒွေကြဉ်သော စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့က ပစ္စယုပ္ပန်တရားများ ဖြစ်ကြသည်။

http://www.dhammadownload.com



ဝိညတ်ဒွေကြဉ်ရခြင်း ။ ။ ဝိပါက်စိတ်ဟူသမျှသည် ဝိညတ်ကို မဖြစ်စေနိုင်သောကြောင့် ဝိပါကပစ္စည်း၏ ပစ္စယုပ္ပန်တရားစု၌ ဝိညတ်ဒွေကို ကြဉ်ရသည်။

**ကုသိုလ်အကျိုးဝိပါက်, အကုသိုလ်အကျိုးဝိပါက်ခွဲပုံ**

ဝိပါက်စိတ် ၃၆-ပါးရှိရာတွင် -

(က) အဟိတ်ကုသလဝိပါက်စိတ် ၈-ပါး၊ မဟာဝိပါက်စိတ် ၈-ပါး၊ ရူပါဝစရဝိပါက် ၅-ပါး၊ အရူပါဝစရ ဝိပါက် ၄-ပါး၊ စုစုပေါင်း ၂၉-ပါးသည် ကုသိုလ်ကံ၏ အကျိုးဝိပါက်များဖြစ်ကြသည်။

(ခ) အဟိတ်အကုသလဝိပါက်စိတ် ၇-ပါးမှာ အကုသိုလ်ကံ၏ အကျိုးဝိပါက်ဖြစ်သည်။

**စေတနာကံနှင့် အကျိုးဝိပါက် တွဲစပ်ယူပုံ**

၁။ အကုသိုလ်ကံစေတနာ ၁၂-ပါးကြောင့် အဟိတ်အကုသလဝိပါက် ၇-ပါးဖြစ်ပေါ်လာရသည်။

၂။ ကာမာဝစရမဟာကုသိုလ်ကံစေတနာ ၈-ပါးကြောင့် အဟိတ်ကုသလဝိပါက်စိတ် ၈-ခု၊ မဟာဝိပါက်စိတ် ၈-ခု၊ ပေါင်း ဝိပါက်စိတ် ၁၆-ပါး ဖြစ်ပေါ်လာရသည်။

၃။ ရူပါဝစရကုသိုလ်ကံစေတနာ (၅)ပါးကြောင့် ရူပါဝစရဝိပါက်စိတ် (၅)ပါးဖြစ်ပေါ်လာရသည်။

၄။ အရူပါဝစရကုသိုလ်ကံစေတနာ (၄)ပါးကြောင့် အရူပါဝစရဝိပါက်စိတ်(၄)ပါးဖြစ်ပေါ်လာရသည်။

၅။ လောကုတ္တရာကုသိုလ်(မဂ်ကုသိုလ်)ကံစေတနာ ၄-ပါးကြောင့် လောကုတ္တရာဝိပါက်(ဖိုလ်) ၄-ပါး ဖြစ်ပေါ် လာရသည်။

**မှတ်ချက်** ။ ။ စေတနာကံ ဖြစ်ပြီးသည့်၏ အခြားမဲ့၌ တစ်ဆက်တည်း-လက်ငင်း ဖြစ်ပေါ်လာရသော ဝိပါက်မှာ လောကုတ္တရာဝိပါက်ခေါ် ဖိုလ်စိတ် ၄-ပါးဖြစ်ပါသည်။ (ထိုဖိုလ်စိတ် ၄-ခုသည် မဂ်ကုသိုလ်ဇော ဖြစ်ပြီးနောက် အခြားမဲ့၌ တစ်ဆက်တည်းဖြစ်ပေါ်လာရသည်။ ထို့ကြောင့် ဖိုလ်စိတ် ၄-ပါးသည် မဂ် ၄-ခု၏ အနန္တရပစ္စယုပ္ပန်တရားများ ဖြစ်ကြသည်။ အောက်ပါဝီထိကို ကြည့်ပါ။)

ဝီထိ ။ ။ န - ဒ - မ - ပ - ဥ - နု - ဂေါ(ဒါန်) - မဂ် - ဖိုလ် - ဖိုလ်

**အထူးမှတ်သားဖွယ်**

**ဝိပါကပစ္စည်းဟူသည်** အကျိုးတရားက အကျိုးတရားဖြစ်ပေါ်အောင် ကျေးဇူးပြုခြင်းပင်တည်း။

များသောအားဖြင့် အကြောင်းတရားတို့က အကျိုးတရားဖြစ်ပေါ်အောင် ကျေးဇူးပြုတာက ထင်ရှားသည်။ အကျိုးတရားက အကျိုးတရားကို ကျေးဇူးပြုတာက မထင်ရှား၊ မြတ်ဗုဒ္ဓ၏ ဉာဏ်တော်ထဲ ထင်ရှားနေခြင်းကြောင့်သာ **"ဝိပါကာ စတ္တာရော ခန္ဓာ"**စသည်ဖြင့် ဟောတော်မူခြင်းဖြစ်သည်။

ဝိပါက်စိတ် ၃၆၊ စေတသိက် ၃၈-ပါးဟူသော ဝိပါက်နာမက္ခန္ဓာ ၄-ပါးက ဝိပါက်နာမက္ခန္ဓာ ၄-ပါးကို အချင်းချင်း အပြန်အလှန် ကျေးဇူးပြုသည်။

**အချင်းချင်းအပြန်အလှန်ကျေးဇူးပြုဟူသည်** -

**ဝိပါက်နာမက္ခန္ဓာ** ၄-ပါး၌ (၁) တစ်ပါးက ပစ္စည်းဖြစ်လျှင် ကျန် ၃-ပါးက ပစ္စယုပ္ပန်

(၂) ၂-ပါးက ပစ္စည်းဖြစ်လျှင် ကျန် ၂-ပါးက ပစ္စယုပ္ပန်

(၃) ၃-ပါးက ပစ္စည်းဖြစ်လျှင် ကျန် ၁-ပါးက ပစ္စယုပ္ပန်ဟု ဆိုလိုသည်။

http://www.dhammadownload.com



**မတားဆီးနိုင်သော အရာ ၄-မျိုး**

၁။ အိုခြင်းသဘော ၂။ နာခြင်းသဘော ၃။ သေခြင်းသဘော
၄။ မကောင်းမှုကံ၏ အကျိုးဝိပါက်။

ဤလေးမျိုးမှာ ဘုရား, ပစ္စေကဗုဒ္ဓါမှ စ၍ မည်သည့်ပုဂ္ဂိုလ်တစ်ဦးမျှ တားမရ, ဆီးမရသော တရားများဖြစ်ကြသည်။

ဆောင် ။ ။ အိုခြင်း, နာခြင်း၊ သေခြင်းတစ်ဝ၊ အကုသလကံ-ကျိုး၊ ဤ ၄-မျိုးကား၊ ဘုရား, ပစ္စေကဗုဒ္ဓါ၊ အရိယာတို့၊ ဆီးတားမရ ကျိုးဖလတည်း။ (နေ၁မတိ)

## ၁၅။ အာဟာရပစ္စယ

ထောက်ပံ့ခိုင်စေတတ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

၁။ ရုပ်အာဟာရ ၂။ နာမ်အာဟာရ-ဟု ၂-မျိုးရှိသည်။

| | |
|---|---|
| ၁၊ ရုပ်အာဟာရပစ္စည်း | အဇ္ဈတ္တစတုဇသြဇာနှင့် စားသောက်မျိုသွင်းအပ်သော အစာအဟာရ၌ ပါရှိသည့် ဗဟိဒ္ဓသြဇာ။ |
| ရုပ်အာဟာရပစ္စယုပ္ပန် | အာဟာရမှီဝဲသောသတ္တဝါ၏ အဇ္ဈတ္တစတုဇရုပ်။ |
| ၂၊ နာမ်အာဟာရပစ္စည်း | ဖဿ, စေတနာ, ဝိညာဏ် |
| နာမ်အာဟာရပစ္စယုပ္ပန် | စိတ် ၈၉-ပါး၊ စေတသိက် ၅၂-ပါး၊ စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ်။ |
| ပစ္စယသတ္တိ | အိမ်အိုကို ထောက်ကန်ထားသောကျားတိုင်တို့သည် အိမ်အိုအားမြဲခိုင်စေခြင်းငှာ ကျေးဇူးပြုသကဲ့သို့ ပစ္စယုပ္ပန်တရားတို့အား ဖြစ်စေခြင်း၊ ထက်သန်အားကောင်းအောင် စောင့်ရှောက်ထောက်ပံ့ထမ်းဆောင်ခြင်းကိစ္စတို့ဖြင့် ကျေးဇူးပြုမှုကို "**အာဟာရပစ္စယသတ္တိ**" ဟု ခေါ်သည်။ |

(က) အဇ္ဈတ္တသြဇာ, ဗဟိဒ္ဓသြဇာ-ဟူသော အာဟာရသည် အာဟာရဇရုပ်တို့အား ဖြစ်စေခြင်း၊ ထောက်ပံ့ခြင်း၊ ဌီအနေ၌ တည်ရှိကြကုန်သော ကွင်းသော တိဇရုပ်တို့အား ထောက်ပံ့ခြင်းဟူသော အာဟာရပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

(ခ) ဖဿ, စေတနာ, ဝိညာဏ်-ဟူသော နာမ်အာဟာရတို့သည် မိမိတို့နှင့် ယှဉ်ဘက် သမ္ပယုတ်တရားတို့အားငင်း၊ မိမိတို့ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အားငင်း၊ ပဋိသန္ဓေအခါ ကမ္မဇရုပ်တို့အားငင်း "အာဟာရပစ္စယသတ္တိ" ဖြင့် ကျေးဇူးပြုသည်။

❑ **အာဟာရပစ္စယောတိ -**

| ပစ္စည်း = အကြောင်း | ပစ္စယုပ္ပန် = အကျိုး | ပစ္စယသတ္တိ |
|---|---|---|
| **ကဗဠီကာရော အာဟာရော** | **ဣမဿ ကာယဿ** | **အာဟာရပစ္စယေန** |
| **အရူပိနော အာဟာရာ** | **သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ** | **ပစ္စယော။** |

http://www.dhammadownload.com



**နိဿယ** = အာဟာရပစ္စယောတိ- အာဟာရပစ္စည်းဟူသည်ကား

✔ ကဗဠီကာရော-အလုပ်အလွေးကို မပြုတတ်သော်လည်း ပြုတတ်သကဲ့သို့သော (ဝါ) အလုပ်အလွေးပြု၍ စားသောက်ရသော။ အာဟာရော-သည်။ ဣမဿ-ဤသို့ သဘောရှိသော။ ကာယဿ-ကလာပ်တူ ကလာပ် ပြားဖြစ်သော စတုသမုဋ္ဌာနိကကာယအား (ဝါ) ဤခန္ဓာကိုယ်ကြီးတစ်ခုလုံးအား။ အာဟာရပစ္စယေန-**ရုပ်အာဟာရသတ္တိ**ဖြင့်။ ပစ္စယော ။ပ။ ဟောတိ။

✔ အရူပိနော-နာမ်ဖြစ်ကုန်သော။ အာဟာရာ-ဖဿ, စေတနာ, ဝိညာဏ်-ဟုဆိုအပ်သော နာမ်အာဟာရတို့သည်။ သမ္ပယုတ္တကာနံ-သမ္ပယုတ်ဖြစ်ကုန်သော။ ဓမ္မာနဥ္စ-စိတ် ၈၉၊ စေတသိက် ဒွေပညာသတို့အားငင်း။ တံသမုဋ္ဌာနာနံ-ထိုအာဟာရ, အာဟာရနှင့်ယှဉ်သော စိတ်, စေတသိက်လျှင်ဖြစ်ကြောင်းရှိကုန်သော။ ရူပါနဥ္စ-စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အားငင်း။ အာဟာရပစ္စယေန**နာမ်အာဟာရသတ္တိ**ဖြင့်။ ပစ္စယော ။ ပ။ ဟောတိ။

## ❑ အဓိပ္ပါယ်ရှင်းလင်းချက် -

**အာဟာရ** ။ ။ ပစ္စယုပ္ပန်တရားတို့အား ခိုင်ခံ့တည်တံ့စေမှုသတ္တိဖြင့် ကျေးဇူးပြုသော ပစ္စည်းကို "**အဟာရပစ္စည်း**"ဟု ခေါ်သည်။

**ယင်းအာဟာရသည်** ၁။ ရုပ်အာဟာရပစ္စည်း
၂။ နာမ်အာဟာရပစ္စည်းဟူ၍ ၂-မျိုးရှိသည်။ ထိုတွင် -

၁။ **ရုပ်အာဟာရပစ္စည်း၌**

(က) အဇ္ဈတ္တသန္တာန်၌ရှိသော စတုဇဩဇာရုပ်နှင့် ဗဟိဒ္ဓသန္တာန်၌ရှိသော ဥတုဇဩဇာရုပ်တို့က ပစ္စည်းတရား။

(ခ) သတ္တဝါတို့၏ ကိုယ်တွင်းသန္တာန်၌ ကလာပ်တူ ဩဇာကြဉ်သော အလုံးစုံသော စတုဇရုပ်တို့က ပစ္စယုပ္ပန်တရားများ ဖြစ်ကြသည်။

၂။ **နာမ်အာဟာရပစ္စည်း၌**

(က) စိတ် ၈၉၊ စေတသိက် ၅၂-တို့က ပစ္စည်းတရား။

(ခ) စိတ် ၈၉၊ စေတသိက် ၅၂ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့က ပစ္စယုပ္ပန်တရားများ ဖြစ်ကြသည်။

### နာမ်အာဟာရ ၃-ပါး

| | | | |
|---|---|---|---|
| ၁။ | **ဖဿာဟာရ** | = | စိတ်အားလုံး၌ယှဉ်သော ဖဿ စေတသိက်။ |
| ၂။ | **မနောသဥ္စေတနာဟာရ** | = | စိတ်အားလုံး၌ယှဉ်သော စေတနာ (သင်္ခါရ)။ |
| ၃။ | **ဝိညာဏာဟာရ** | = | စိတ်အားလုံး။ |

### အာဟာရအမည်ရပုံ

ရုပ်, နာမ်ခန္ဓာတို့ကို ရှည်မြင့်စွာတည်တံ့အောင် ကြီးပွားတိုးတက်အောင် ဆောင်တတ်, ဖြစ်စေတတ်သောကြောင့် "**အာဟာရ**"ဟု ခေါ်သည်။

http://www.dhammadownload.com



### အာဟာရ ၄-ပါးတို့က ဆောင်ပုံ, ဖြစ်စေပုံမှာ

၁။ **ရုပ်အာဟာရ**(ကဗဠီကာရာဟာရ)သည် သတ္တဝါတို့၏ သန္တာန်၌ စတုဇရုပ်တရားတို့ကို စည်ပင်ကြီးပွား တိုးတက်အောင်, ကာလရှည်လျားတည်တံ့နေအောင် ဆောင်၏။ ဖြစ်စေ၏။

၂။ **ဖဿာဟာရ**သည် (ဖဿပစ္စယာ ဝေဒနာ-ဟူသည်နှင့်အညီ) အာရုံ ၆-ပါးတို့၌ (ဣဋ္ဌအရသာ, အနိဋ္ဌ အရသာပေါ်လာအောင် အာရုံ၏ အရသာကို)ခံစားတတ်သော ဝေဒနာကို ဖြစ်စေ၍ တဏှာကြီးပွား အောင် ဆောင်၏၊ ဖြစ်စေ၏။

၃။ **မနောသဉ္စေတနာဟာရ**သည် သင်္ခါရပစ္စယာ ဝိညာဏံ-ဟူသည်နှင့်အညီ (သတ္တဝါတို့သန္တာန်၌ ကာယကံ, ဝစီကံ, မနောကံဖြစ်အောင် တိုက်တွန်းနှိုးဆော်၍ သံသရာတစ်ခွင်၌ ဘဝအမျိုးမျိုးဖြစ်အောင်) ပဋိသန္ဓေ ဝိညာဏ်ဟူသော အကျိုးကို ဆောင်၏၊ ဖြစ်စေ၏။ (ထိုစေတနာဟာရသည် ကမ္မပစ္စည်းနှင့် သဘောတူ ပင်ဖြစ်၏။)

၄။ **ဝိညာဏာဟာရ**သည် ဝိညာဏပစ္စယာ နာမရူပံ-ဟူသည်နှင့်အညီ (အာရုံကို သိခြင်းကိစ္စ၌ နာမ်တရား တို့၏ရှေ့ဆောင်ဖြစ်ပြီးလျှင်) အတူတကွဖြစ်ဖက်စေတသိက်နာမ်နှင့် ရုပ်တရားကို ဆောင်၏ ဖြစ်စေ၏။

## ၁၆။ ဣန္ဒြိယပစ္စယ

အစိုးရသည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

၁။ သဟဇာတိန္ဒြိယ ၂။ ပုရေဇာတိန္ဒြိယ ၃။ ရူပဇီဝိတိန္ဒြိယ-ဟူ၍ ၃-မျိုးရှိသည်။

| | |
|---|---|
| ၁။ သဟဇာတိန္ဒြိယပစ္စည်း | နာမ်ဇီဝိတ, စိတ်, ဝေဒနာ, သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာ-ဟူသော နာမ်ဣန္ဒြေ ၈-ပါး |
| ၎င်း၏ပစ္စယုပ္ပန် | စိတ် ၈၉၊ စေတသိက် ၅၂၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ် |
| ၂။ ပုရေဇာ တိန္ဒြိယပစ္စည်း | မဇ္ဈိမာယုက ပသာဒ ၅-ပါး |
| ၎င်း၏ပစ္စယုပ္ပန် | ဒွေပဉ္စဝိညာဏ် ၁၀၊ သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇-ပါး |
| **၃။ ရူပဇီဝိတိန္ဒြိယပစ္စည်း** | ကမ္မဇရုပ်ကလာပ်၌ ပါသော ရုပ်ဇီဝိတ |
| ၎င်း၏ပစ္စယုပ္ပန် | ဇီဝိတကြဉ်သော ကလာပ်တူကမ္မဇရုပ်။ |
| ပစ္စယသတ္တိ | နိုင်ငံတစ်ခု၌ တိုင်းရေးပြည်ရေးကိစ္စများကို ခွဲဝေစီမံအုပ်ချုပ်ကြသော ဝန်ကြီးများသည် မိမိနှင့် ဆိုင်သောကိစ္စရပ်များ၌ အခြားဝန်ကြီးများနှင့် ပြည်သူတို့အား မိမိအလိုသို့လိုက်ပါစေ၍ အစိုးရသည်၏အဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ ပစ္စယုပ္ပန်တရားတို့အား မိမိအလိုသို့လိုက်စေ၍ အစိုးရသည်၏အဖြစ်ဖြင့် ကျေးဇူးပြုမှုကို "ဣန္ဒြိယပစ္စယသတ္တိ"ဟု ခေါ်သည်။ |

(က) နာမ်ဣန္ဒြေတို့သည် ယှဉ်ဘက်သမ္ပယုတ်တရားတို့အားငှါး၊ မိမိတို့ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အား ၎င်း၊ ပဋိသန္ဓေအခါ ကမ္မဇရုပ်တို့အားငှါး ဣန္ဒြိယပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

(ခ) ပသာဒရုပ် ၅-ပါးတို့သည် မိမိတို့ကိုမှီ၍ ဖြစ်ကြသော စိတ်, စေတသိက်တို့အား ဣန္ဒြိယပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

(ဂ) ရုပ်ဇီဝိတိန္ဒြေသည် မိမိနှင့် ကလာပ်တူကမ္မဇရုပ်တို့အား ဣန္ဒြိယပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

http://www.dhammadownload.com



## ❑ ဣန္ဒြိယပစ္စယောတိ -

| ပစ္စည်း = အကြောင်း | ပစ္စယုပ္ပန် = အကျိုး | ပစ္စယသတ္တိ |
|---|---|---|
| **စက္ခုန္ဒြိယံ** | **စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ** | **ဣန္ဒြိယပစ္စယေန ပစ္စယော။** |
| **သောတိန္ဒြိယံ** | **သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ** | |
| **ဃာနိန္ဒြိယံ** | **ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ** | |
| **ဇိဝှိန္ဒြိယံ** | **ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ** | |
| **ကာယိန္ဒြိယံ** | **ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ** | |
| **ရူပဇီဝိတိန္ဒြိယံ** | **ကဋတ္တာရူပါနံ** | |
| **အရူပိနော ဣန္ဒြိယာ** | **သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ** | |

**နိဿယ =** ဣန္ဒြိယပစ္စယောတိ- ဣန္ဒြိယပစ္စည်းဟူသည်ကား

✔ စက္ခုန္ဒြိယံ-မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော စက္ခုန္ဒြေသည်။ (ဝါ) မြင်မှုကိစ္စအစိုးရသော မျက်စိအကြည် စက္ခုပသာဒရုပ်။ စက္ခုဝိညာဏ ဓာတုယာ စ- (ပေးမြဲ)။

✔ ရူပဇီဝိတိန္ဒြိယံ-ရုပ်ဇီဝိတိန္ဒြေသည်။ ကဋတ္တာရူပါနံ-မိမိကြဉ်သော ကလာပ်တူကမ္မဇရုပ်ကိုးခုတို့အား။ ဣန္ဒြိယပစ္စယေန-ရူပဇီဝိတိန္ဒြိယသတ္တိဖြင့်။ ပစ္စယော ။ပ။ ဟောတိ။

✔ အရူပိနော-ကုန်သော။ ဣန္ဒြိယာ-ဣန္ဒြေတို့သည်။ (ဝါ) ဇီဝိတ, စိတ်, ဝေဒနာ, သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာ-ဟု ဆိုအပ်သော နာမ်ဣန္ဒြေတရားကိုယ် ၈-ပါးတို့သည်။ သမ္ပယုတ္တကာနံ-ကုန်သော။ ဓမ္မာနဉ္စ-စိတ် ၈၉၊ စေတသိက်ဒွေပညာသတို့အားရင်း။ တံသမုဋ္ဌာနာနံ-ထိုဣန္ဒြေ, ဣန္ဒြေနှင့်ယှဉ်သောစိတ်, စေတသိက်လျှင်ဖြစ်ကြောင်းရှိကုန်သော။ ရူပါနဉ္စ-စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အားရင်း။ ဣန္ဒြိယပစ္စယေန-သဟဇာတိန္ဒြိယသတ္တိဖြင့်။ ပစ္စယော ။ပ။ ဟောတိ။

## ❑ အဓိပ္ပါယ်ရှင်းလင်းချက် -

ဣန္ဒြိယ ။ ။ ဣန္ဒြိယသဒ္ဒါသည် အစိုးရခြင်းအနက်ကို ဟော၏။ မိမိဆိုင်ရာကိစ္စတို့၌ (ယှဉ်ဘက်တရားတို့ကို မိမိအလိုသို့ လိုက်စေခြင်း, မိမိသဘောအတိုင်း ဖြစ်စေခြင်းအားဖြင့်) အစိုးရခြင်းသဘော။

ဣန္ဒြိယပစ္စည်း ။ ။ ပစ္စယုပ္ပန်တရားတို့အား မိမိအလိုသို့လိုက်စေ၍ အစိုးရခြင်းသဘောအားဖြင့် ကျေးဇူးပြုသော ပစ္စည်းကို "ဣန္ဒြိယပစ္စည်း"ဟု ခေါ်သည်။

### အဓိပတိပစ္စည်းနှင့် ဣန္ဒြိယပစ္စည်းတို့ အစိုးရပုံအထူး

(က) **အဓိပတိပစ္စည်းသည်** စကြာမင်း၏ အစိုးရပုံမျိုးကဲ့သို့ ပြိုင်ဘက်မရှိတပါးတည်း အကြီးအကဲအဖြစ်ဖြင့် အကုန်လုံးအစိုးရ၏။

(ခ) **ဣန္ဒြိယပစ္စည်းသည်** ပဒေသရာဇ်မင်း၏ အစိုးရခြင်းမျိုးကဲ့သို့ သူ့ဆိုင်ရာဆိုင်ရာဌာနမှာသာ အစိုးရ၏။ (အဓိပတိပစ္စည်းလောက် တန်ခိုးစွမ်းအားမရှိ။)

ဆောင် ။ ။ ✔ ပြိုင်ဘက်မရှိ၊ စိုးရဘိ၊ **အဓိပတိသာ။**

✔ ကိုယ့်ဌာနတွင်၊ စိုးရလျှင်၊ ခေါ်တွင် **ဣန္ဒြိယာ။**

http://www.dhammadownload.com



ဣန္ဒြိယပစ္စည်း ၃-မျိုး- ၁။ သဟဇာတိန္ဒြိယ
၂။ ပုရေဇာတိန္ဒြိယ
၃။ ရူပဇီဝိတိန္ဒြိယ-ဟု ၃-မျိုးရှိသည်။ ထိုတွင် -

၁။ **သဟဇာတိန္ဒြိယ-၌**

(က) နာမ်ဇီဝိတ, စိတ်, ဝေဒနာ, သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာ-ဟူသော နာမ်ဣန္ဒြေတရားကိုယ် ၈-ပါးတို့က ပစ္စည်းတရား။

(ခ) စိတ် ၈၉၊ စေတသိက် ၅၂၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်တို့က ပစ္စယုပ္ပန်တရားများ ဖြစ်ကြသည်။

**နာမ်ဣန္ဒြေတရားကိုယ် ၈-ပါးတို့၏ မိမိတို့ ဆိုင်ရာဌာနတို့၌ အသီးသီးအစိုးရပုံ**

၁။ ဇီဝိတိန္ဒြေသည် နာမ်တရားတို့၏ အသက်ရှည်ခြင်းကိစ္စ၌ ယှဉ်ဘက်သမ္ပယုတ်တရားတို့ကို အစိုးရသည်။
၂။ စိတ်သည် အာရုံကို သိမှုကိစ္စ၌ သမ္ပယုတ်တရားတို့ကို အစိုးရသည်။
၃။ ဝေဒနာသည် အာရုံကို ခံစားမှုကိစ္စ၌ သမ္ပယုတ်တရားတို့ကို အစိုးရသည်။
၄။ သဒ္ဓါသည် ယုံကြည်မှု ကြည်ညိုမှုကိစ္စ၌ သမ္ပယုတ်တရားတို့ကို အစိုးရသည်။
၅။ ဝီရိယသည် ရဲရင့်စွာ အားထုတ်ခြင်းကိစ္စ၌ သမ္ပယုတ်တရားတို့ကို အစိုးရသည်။
၆။ သတိသည် မမေ့မလျော့အောက်မေ့မှုကိစ္စ၌ သမ္ပယုတ်တရားတို့ကို အစိုးရသည်။
၇။ သမာဓိ(ဧကဂ္ဂတာ)သည် တစ်ခုတည်းသော အာရုံဝယ် မပျံ့မလွင့်တည်ကြည်ခြင်းကိစ္စ၌ သမ္ပယုတ်တရားတို့ကို အစိုးရသည်။
၈။ ပညာသည် အထူးသိမြင်ခြင်းကိစ္စ၌ သမ္ပယုတ်တရားတို့ကို အစိုးရသည်။

အထက်ပါ နာမ်ဣန္ဒြေတရားကိုယ် ၈-ပါးတို့၏ မိမိတို့ဆိုင်ရာကိစ္စဌာနတို့၌ အစိုးရပုံကို "**အရူပိနော ဣန္ဒြိယာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော**"ဟု ဟောတော်မူသည်။

**ဣန္ဒြိယပစ္စည်းအရာ၌ ပညာကို အရကောက်ရသော ဣန္ဒြေ ၄-မျိုး -**

၁။ ပညိန္ဒြေ ၂။ အနညာတညဿာမီတိန္ဒြေ ၃။ အညိန္ဒြေ ၄။ အညတာဝိန္ဒြေ-တို့ဖြစ်ကြသည်။ ထိုတွင် -

(၁) လောကီတိဟိတ်စိတ် ၃၉-ခု၌ ယှဉ်သော ပညာကို "**ပညိန္ဒြေ**"ဟု ခေါ်သည်။
(၂) သောတာပတ္တိမဂ်၌ ယှဉ်သော ပညာကို "**အနညာတညဿာမီတိန္ဒြေ**"ဟု ခေါ်သည်။
(၃) အထက်မဂ်စိတ် ၃-ခု၊ အောက်ဖိုလ်စိတ် ၃-ခု၌ ယှဉ်သော ပညာကို "**အညိန္ဒြေ**"ဟု ခေါ်သည်။
(၄) အရဟတ္တဖိုလ်စိတ်၌ ယှဉ်သော ပညာကို "**အညတာဝိန္ဒြေ**"ဟု ခေါ်သည်။

**ဣန္ဒြိယဘေဒအားဖြင့် ဝေဒနာစေတသိက်ကို အရကောက်ရသော ဣန္ဒြေ ၅-မျိုး -**

၁။ သုခိန္ဒြေ ၂။ ဒုက္ခိန္ဒြေ ၃။ သောမနဿိန္ဒြေ
၄။ ဒေါမနဿိန္ဒြေ ၅။ ဥပေက္ခိန္ဒြေ-တို့ဖြစ်သည်။ ထိုတွင် -

(၁) သုခသဟဂုတ်ကာယဝိညာဏ်စိတ်၌ယှဉ်သော ဝေဒနာကို "**သုခိန္ဒြေ**"ဟု ခေါ်သည်။
(၂) ဒုက္ခသဟဂုတ်ကာယဝိညာဏ်စိတ်၌ယှဉ်သော ဝေဒနာကို "**ဒုက္ခိန္ဒြေ**"ဟု ခေါ်သည်။
(၃) သောမနဿသဟဂုတ်စိတ် ၆၂-ပါး၌ယှဉ်သော ဝေဒနာကို "**သောမနဿိန္ဒြေ**"ဟု ခေါ်သည်။

http://www.dhammadownload.com



(၄) ဒေါသမူစိတ် ၂-ခု၌ယှဉ်သော ဝေဒနာကို **"ဒေါမနဿိန္ဒြေ"**ဟု ခေါ်သည်။
(၅) ဥပေက္ခာသဟဂုတ်စိတ် ၅၅-ခု၌ ယှဉ်သော ဝေဒနာကို **"ဥပေက္ခိန္ဒြေ"**ဟု ခေါ်သည်။

(၂) ပုရေဇာတိန္ဒြိယပစ္စည်း၌ -
(က) မဇ္ဈိမာယုကပသာဒ ၅-ပါးသည် (ဝါ) ပဉ္စဝိညာဏ်စိတ်တို့၏ မှီရာဖြစ်သော စက္ခုဝတ္ထု, သောတဝတ္ထု, ဃာနဝတ္ထု, ဇိဝှါဝတ္ထု, ကာယဝတ္ထု-ဟူသောဝတ္ထုရုပ် ၅-ပါးသည် ပုရေဇာတိန္ဒြိယပစ္စည်းတရား
(ခ) ဒွေပဉ္စဝိညာဏ် ၁၀-ပါး၊ သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇-ပါးတို့ကပ္ပုရေဇာတိန္ဒြိယပစ္စယုပ္ပန်တရား ဖြစ်ကြသည်။

**ပုရေဇာတိန္ဒြိယပစ္စည်း၌ လက္ခဏာ ၂-ပါး**

၁။ ပစ္စယုပ္ပန်တရားတို့၏ ရှေ့၌ဖြစ်ခြင်း။
၂။ ပစ္စယုပ္ပန်တရားတို့ကို အစိုးရခြင်း။

**ပုရေဇာတိန္ဒြိယပစ္စည်း၏ အစိုးရပုံ**

၁။ စက္ခုဝတ္ထု(စက္ခုပသာဒရုပ်)သည် စက္ခုဝိညာဏ်ကို အစိုးရ၏။
၂။ သောတဝတ္ထု(သောတပသာဒရုပ်)သည် သောတဝိညာဏ်ကို အစိုးရ၏။
၃။ ဃာနဝတ္ထု(ဃာနပသာဒရုပ်)သည် ဃာနဝိညာဏ်ကို အစိုးရ၏။
၄။ ဇိဝှါဝတ္ထု(ဇိဝှါပသာဒရုပ်)သည် ဇိဝှါဝိညာဏ်ကို အစိုးရ၏။
၅။ ကာယဝတ္ထု(ကာယပသာဒရုပ်)သည် ကာယဝိညာဏ်ကို အစိုးရ၏။

ဤပုရေဇာတိန္ဒြိယပစ္စည်းသည် ရုပ်တရားက နာမ်တရားကိုအစိုးရသော ပစ္စည်းမျိုးဖြစ်သည်။ ဤသဘောတရားအားလုံးကို သိမ်းကျုံး, ရည်ရွယ်၍ **"စက္ခုန္ဒြိယံ စက္ခုဝိညာဏဓာတုယာ"**သည်ဖြင့် ဟောတော်မူသည်။

**ဟဒယဝတ္ထုရုပ် ဣန္ဒြိယပစ္စည်း မတပ်ခြင်း**

ဟဒယဝတ္ထုရုပ်သည် မနောဓာတ်, မနောဝိညာဏဓာတ်တို့၏ မှီရာမျှသာဖြစ်သည်။ ထိုမနောဓာတ်, မနောဝိညာဏဓာတ်တို့ကို အစိုးရခြင်းသဘောမရှိ။ ထို့ကြောင့် ဣန္ဒြိယပစ္စည်းအရာတွင် မပါဝင်နိုင်ရကား ဣန္ဒြိယပစ္စည်း မတတ်ပါ။

**စက္ခုဝတ္ထုရုပ်-စသည် ၅-ပါးတို့ ဣန္ဒြိယပစ္စည်း တပ်ရခြင်း**

စက္ခုဝတ္ထု (ပ) ကာယဝတ္ထု ငါးပါးတို့သည်ကား ပဉ္စဝိညာဏ်စိတ်တို့၏ မှီရာလည်းဖြစ်ကြသည်။ ပဉ္စဝိညာဏ်စိတ်တို့ကိုလည်း အစိုးရကြသည်။ ထို့ကြောင့် ဣန္ဒြိယပစ္စည်းတပ်ကြသည်။

http://www.dhammadownload.com

( ၁၁ )

## ကတ္တိဘာဝ, ပုမ္ဘာဝရုပ် ၂-ပါးသည် ကတ္တိန္ဒြေ, ပုရိသန္ဒြေ-ဟူ၍ ဣန္ဒြေအမည်ရရှိပါလျက် ဣန္ဒြိယပစ္စည်းမတပ်ခြင်း

ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေတို့သည် မိန်းမအသွင်, မိန်းမအမူအရာ၊ ယောကျ်ားအသွင်၊ ယောကျ်ားအမူအရာ စသည်တို့ကိုသာ အစိုးရ၍ "ဣန္ဒြိယ"ဟူသော အမည်ကိုသာ ရရှိကြသည်။ သို့ရာတွင် ထိုအမူအရာစသည်တို့မှာ ပရမတ်မဟုတ်ကြ၊ ပညတ်မျှသာဖြစ်ကြသည်။ **ပညတ်တရားတို့မည်သည်** ဖြစ်ပေါ်ဥပါဒ်ခြင်းမရှိသောကြောင့် ပစ္စယုပ္ပန်တရားအစုတွင် မပါဝင်နိုင်။ ထို့ကြောင့် ဣတ္ထိန္ဒြေ, ပုရိသန္ဒြေ ၂-ပါးအတွက် ကျေးဇူးပြုရန် ပစ္စယုပ္ပန် မရှိသောကြောင့် ဣန္ဒြိယပစ္စည်း၌ မပါဝင်နိုင်။ ဣန္ဒြိယပစ္စည်း မတပ်ကြပါ။

(၃) **ရူပဇီဝိတိန္ဒြိယပစ္စည်း၌** -

(က) ကမ္မဇရုပ်ကလာပ်၌ပါသော ရုပ်ဇီဝိတက ပစ္စည်းတရား။

(ခ) ရုပ်ဇီဝိတကြဉ်သော ကလာပ်တူ ကမ္မဇရုပ်အားလုံးက ပစ္စယုပ္ပန်တရားဖြစ်ကြသည်။

ယင်းဇီဝိတသည် ကမ္မဇရုပ်တို့အပေါ်၌ အစိုးရသည်။

### ရုပ်ဇီဝိတိန္ဒြေ၏ အစိုးရပုံ

စက္ခုဒသကကလာပ်၌ ကမ္မဇရုပ်ပေါင်း ၁၀-ခုရှိရာတွင် ဇီဝိတရုပ်သည် မိမိနှင့်အတူတကွဖြစ်သော ကမ္မဇရုပ် ၉-ခုတို့အပေါ်၌ အသက်ရှင်ခြင်းသတ္တိဖြင့် အုပ်စိုး၍ နေ၏။ ပစ္စည်းဖြစ်သော ရုပ်ဇီဝိတ၏ အရှိန်ကို ခိုလှုံ၍ ပစ္စယုပ္ပန်ဖြစ်သော ကမ္မဇရုပ် ၉-ခုတို့သည် အသက်ရှင်သော အမူအရာဖြင့် တည်နေကြသည်။ ရုပ်ဇီဝိတသည် ကမ္မဇရုပ်အချင်းချင်းတို့အပေါ်၌ အစိုးရသောတရားဖြစ်သည်။ အသညသတ်ပြဟ္မာကြီးတို့သည်လည်း ဤရုပ်ဇီဝိတဖြင့်ပင် အသက်ရှင်သကဲ့သို့ တည်ရှိနေကြသည်။

ဤသည်ကို ရည်ရွယ်၍ "**ရူပဇီဝိတိန္ဒြိယံ ကဋတ္တာရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော**"ဟု ဘုရားရှင် ဟောတော်မူသည်။

## ၁၇။ ဈာနပစ္စယ

ကပ်၍ ရှုတတ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

| | |
|---|---|
| ပစ္စည်း | ဝိတက်, ဝိစာရ, ပီတိ, ဝေဒနာ, ဧကဂ္ဂတာ (ဈာနင်တရားကိုယ် ၅-ပါး) |
| ပစ္စယုပ္ပန် | ဒွေပဉ္စဝိညာဏ် ၁၀-ကြဉ် စိတ် ၇၉-ပါး၊ စေတသိက် ၅၂-ပါး၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်။ |
| ပစ္စယသတ္တိ | တောင်ထိပ်ပေါ်သို့ တက်ပြီးကြည့်သောသူသည် အဝေး+အနီး အရပ်တို့ကို မြင်ခြင်းဟူသော အကျိုးကျေးဇူးကို ရသကဲ့သို့ ပစ္စယုပ္ပန်တရားတို့အား အာရုံသို့ ရှေးရှုကပ်၍ စူးစူးစိုက်စိုက်ရှုစေသည်၏ အဖြစ်ဖြင့် ကျေးဇူးပြုမှုကို "**ဈာနပစ္စယသတ္တိ**"ဟု ခေါ်သည်။ |

ဈာနင်တရားတို့သည် ယှဉ်ဘက်သမ္ပယုတ်တရားတို့အားငှင်း၊ မိမိတို့ကြောင့်ဖြစ်သော စိတ္တဇရုပ် တို့အားငှင်း၊ ပဋိသန္ဓေအခါ ကမ္မဇရုပ်တို့အားငှင်း ဈာနပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

❑ **ဈာနပစ္စယောတိ** -

| ပစ္စည်း = အကြောင်း | ပစ္စယုပ္ပန် = အကျိုး | ပစ္စယသတ္တိ |
|---|---|---|
| **ဈာနင်္ဂါနိ** | **ဈာနသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ** | **ဈာနပစ္စယေန ပစ္စယော။** |

http://www.dhammadownload.com



**နိဿယ** = ဈာနပစ္စယောတိ- ဈာနပစ္စည်းဟူသည်ကား

✔ ဈာနင်္ဂါနိ-(ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ-ဟူသော)ဈာနင်တရားတို့သည်။ ဈာနသမ္ပယုတ္တကာနံ-ဈာန်နှင့်ယှဉ်ကုန်သော။ ဓမ္မာနဥ္စ-ဒွိပဉ္စဝိညာဏ် ၁၀-ကြဉ်သော စိတ် ၇၉-ခု၊ စေတသိက် ဒွေပညာသတို့အားလည်းကောင်း။ တံသမုဋ္ဌာနာနံ-ထိုဈာနင်, ဈာနင်နှင့်ယှဉ်သော စိတ်, စေတသိက်လျှင်ဖြစ်ကြောင်းရှိကုန်သော။ ရူပါနဥ္စ-စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အားလည်းကောင်း။ ဈာနပစ္စယေန ။ပ။ ဟောတိ။

- **အဓိပ္ပါယ်ရှင်းလင်းချက်** -

**ဈာန** ။ ။ အာရမ္မဏံ ဥပဂန္တွာ ဈာယတိ ဥပနိဇ္ဈာယတီတိ ဈာနံ။

ဆိုင်ရာအာရုံကို (ရိုးရိုးအာရုံပြုပုံထက် လွန်ကဲ၍) စူးစူးစိုက်စိုက် ကပ်၍ရှုတတ်သော ဝိတက်, ဝိစာရ-စသော တရားအပေါင်းကို **"ဈာန်"** ဟုခေါ်သည်။

ဆောင် ။ ။ **စူးစိုက်သမှု၊ ကပ်၍ရှု၊ ဈာန်ဟုခေါ်ရသည်။**

**ဈာနပစ္စည်း** ။ ။ ပစ္စယုပ္ပန်တရားတို့အား အာရုံသို့ ရှေးရှုပ်၍ စူးစူးစိုက်စိုက် ရှုတတ်သော သဘောဖြင့် ကျေးဇူးပြုသောပစ္စည်းကို **"ဈာနပစ္စည်း"** ဟုခေါ်သည်။

**ယင်းဈာနပစ္စည်း၌** -

(က) (ဒွိပဉ္စဝိညာဏ် ၁၀-ကြဉ်သော စိတ် ၇၉-ခု၌ရှိသော) ဝိတက်, ဝိစာရ, ပီတိ, ဝေဒနာ, ဧကဂ္ဂတာ-ဟူသော ဈာနင်တရားကိုယ် ၅-ပါးက ပစ္စည်းတရား။

(ခ) ဒွိပဉ္စဝိညာဏ် ၁၀-ကြဉ်သော စိတ် ၇၉-ပါး၊ စေတသိက် ၅၂၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်တို့က ပစ္စယုပ္ပန်တရားများ ဖြစ်ကြသည်။

### ဒွေပဉ္စဝိညာဏ် ၁၀-၌ယှဉ်သော ဝေဒနာနှင့် ဧကဂ္ဂတာတို့ ဈာနပစ္စည်း မတပ်ရခြင်း

ဒွိပဉ္စဝိညာဏ် ၁၀-သည် မိမိတို့မှီရာဝတ္ထုပေါ်တွင် ထင်လာသော ပဉ္စာရုံကိုသာ အာရုံပြုသောကြောင့် စူးစူးစိုက်စိုက်ကပ်၍ ရှုတတ်သော ဈာနသတ္တိမရှိ။ ထိုကြောင့် ဈာနပစ္စည်း မတပ်။ (ဒွိပဉ္စဝိညာဏ် ၁၀-၌ ဈာနင်တရားကိုယ် မရ။)

♦ ပဉ္စဝိညာဏေသု ဈာနင်္ဂါနိ နလဗ္ဘန္တိ။ (သင်္ဂဟ)

### ဈာန်နှင့် ဈာနင်

၁။ ဝိတက်, ဝိစာရ, ပီတိ, ဝေဒနာ, ဧကဂ္ဂတာ ၅-ပါးအပေါင်းကို **"ဈာန်"** ဟု ခေါ်သည်။

၂။ ထိုဈာန်မည်သော တရားအပေါင်း၏ အစိတ်အပိုင်းတစ်ခုစီ, တစ်ခုစီကို **"ဈာနင်"** ဟု ခေါ်သည်။

### ဈာန် ၂-မျိုး

ဈာန်သည် ၁။ **အာရမ္မဏူပနိဇ္ဈာန်** ၂။ **လက္ခဏူပနိဇ္ဈာန်**-ဟု ၂-မျိုးရှိသည်။

http://www.dhammadownload.com



ထိုတွင်-

(၁) ကသိုဏ်းစသော အာရုံ၌ စွဲစွဲမြဲ တည်တည်ငြိမ်ငြိမ် ကပ်၍ရှုနေကြသော ဈာန်ကို"**အာရမ္မဏူပနိဇ္ဈာန်**" ဟု ခေါ်သည်။

(၂) အနိစ္စ, ဒုက္ခ, အနတ္တ-ဟူသော လက္ခဏာရေး ၃-ပါးကို သိအောင် ရှုမှတ်နေသော ဈာန်ကို"**လက္ခဏူပနိဇ္ဈာန်**"ဟု ခေါ်သည်။

### သမထဈာန်နှင့် ဝိပဿနာဈာန်

အာရမ္မဏူပနိဇ္ဈာန်ကိုပင် "**သမထဈာန်**"ဟူ၍၎င်း,
လက္ခဏူပနိဇ္ဈာန်ကိုပင် "**ဝိပဿနာဈာန်**"ဟူ၍၎င်း ဆိုကြသည်။

ဆောင် ။ ။ ✔ စူးစိုက်သမှု၊ ကပ်၍ရှု၊ ဈာန်ဟုခေါ်ရသည်။
✔ အာရမ္မဏူ၊ လက္ခဏူ၊ နှစ်မူကွဲပြားသည်။
✔ သမထဈာန်၊ ဝိပဿိဈာန်၊ ၂-တန်သူ့အမည်။
✔ ကသိုဏ်းအာရုံ၊ တည်ငြိမ်ရုံမျှ၊ ရှုနေက၊ သမထဈာန်ဟုခေါ်။
✔ လက္ခဏာ ၃-ရပ်၊ ရှုသိမှတ်၊ ဝိပဿိဈာန်ဟုခေါ်။

### ဈာနင်တရားကိုယ် ၅-ပါး အဓိပ္ပါယ်

ဝိတက် ။ ။ သမ္ပယုတ်တရားတို့ကို အာရုံသို့ တင်ပေးခြင်းသဘော။
ဝိစာရ ။ ။ အာရုံသို့ အဖန်ဖန်သုံးသပ်ခြင်း၊ သမ္ပယုတ်တရားတို့ကိုပါ သုံးသပ်ဆင်ခြင်စေခြင်းသဘော။
ပီတိ ။ ။ ကိုယ်တိုင်နှစ်သက်အားရကျေနပ်မှု၊ သမ္ပယုတ်တရားတို့ကိုပါ နှစ်သက်အားရစေခြင်းသဘော။
**ဝေဒနာ** ။ ။ အာရုံ၏ အရသာကို ခံစားခြင်း၊ သမ္ပယုတ်တရားတို့ကိုပါ ခံစားစေခြင်းသဘော။
**ဧကဂ္ဂတာ** ။ ။ အာရုံတစ်ခုတည်း၌ တည်ငြိမ်နေခြင်းသဘော။
(အဋ္ဌကထာ, ဋီကာ-တို့၌ ဝိတက်စသော ဈာန်အင်္ဂါတို့ကို ဥပမာများစွာဖြင့် ဖွင့်ဆိုပြကြသည်။)

### ၁၈။ မဂ္ဂပစ္စယ

အကြောင်းဖြစ်၍ ကျေးဇူးပြုတတ်သော တရား။

| | |
|---|---|
| ပစ္စည်း | သဟိတ်စိတ် ၇၁-ပါး၌ရှိသော ပညာ, ဝိတက်, ဝိရတီ ၃-ပါး, ဝီရိယ, သတိ, ဧကဂ္ဂတာ, ဒိဋ္ဌိ။ |
| ပစ္စယုပ္ပန် | သဟိတ်စိတ် ၇၁-ပါး၊ စေတသိက် ၅၂-ပါး၊ သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်။ |
| ပစ္စယသတ္တိ | ဤမှာဘက်မှ ထိုမှာဘက်သို့ ကူးသူသည် ဤမှာဘက်မှ ထွက်မြောက်ကြောင်း ဖြစ်သကဲ့သို့ လက်ရှိဘုံဘဝမှ သုဂတိဘုံ, ဒုဂ္ဂတိဘုံ, နိဗ္ဗာန်သို့ ဆိုက်ရောက်ကြောင်း(မဂ်)ဖြစ်၍ ထွက်မြောက်ရန် ကျေးဇူးပြုမှုကို"မဂ္ဂပစ္စယသတ္တိ"ဟု ခေါ်သည်။ |

မဂ္ဂင်တရားတို့သည် ယှဉ်ဘက်သမ္ပယုတ်တရားတို့အားရင်း၊ မိမိကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အားရင်း၊ ပဋိသန္ဓေအခါကမ္မဇရုပ်တို့အားရင်းမဂ္ဂပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

http://www.dhammadownload.com



## ❑ မဂ္ဂပစ္စယောတိ -

| ပစ္စည်း = အကြောင်း | ပစ္စယုပ္ပန် = အကျိုး | ပစ္စယသတ္တိ |
|---|---|---|
| မဂ္ဂင်္ဂါနိ | မဂ္ဂသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ | မဂ္ဂပစ္စယေန ပစ္စယော။ |

**နိဿယ =** မဂ္ဂပစ္စယောတိ- မဂ္ဂပစ္စည်းဟူသည်ကား

✔ မဂ္ဂင်္ဂါနိ-(ပညာ, ဝိတက်, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, ဝီရိယ, သတိ, ဧကဂ္ဂတာ, ဒိဋ္ဌိ-ဟုဆိုအပ်သော)မဂ္ဂင်တရားတို့သည်။ မဂ္ဂသမ္ပယုတ္တကာနံ-မဂ်နှင့်ယှဉ်ကုန်သော။ ဓမ္မာနဉ္စ-သဟိတ်စိတ် ဧကသတ္တတိ, စေတသိက်ဒွေပညာသတို့အားဋ္ဌင်း။ တံသမုဋ္ဌာနာနံ-ထိုမဂ္ဂင်, မဂ္ဂင်နှင့်ယှဉ်သော စိတ်, စေတသိက် လျှင် ဖြစ်ကြောင်းရှိကုန်သော။ ဓမ္မာနဉ္စ-သဟိတ်စိတ္တဇရုပ်, သဟိတ်ပဋိသန္ဓေကမ္မဇရုပ်တို့အားဋ္ဌင်း။ မဂ္ဂပစ္စယေန ။ပ။ ဟောတိ။

## ❑ အဓိပ္ပါယ်ရှင်းလင်းချက် -

မဂ္ဂ = မဂ် ။ ။ မဂ္ဂသဒ္ဒါသည် ခရီးလမ်းကြောင်းဟူသော အနက်ကို ဟော၏။ သမ္မာဒိဋ္ဌိစသော တရားအပေါင်းသည် သုဂတိ, နိဗ္ဗာန်သို့ သွားရောက်ကြောင်း ခရီးလမ်းဖြစ်သောကြောင့် "မဂ္ဂ = မဂ်"မည်၏။ မိစ္ဆာဒိဋ္ဌိစသော တရားအပေါင်းကား ဒုဂ္ဂတိဘုံဘဝသို့ ရောက်ကြောင်းဖြစ်သောကြောင့် "မဂ္ဂ = မဂ်"မည်၏။

မဂ္ဂပစ္စည်း ။ ။ သုဂတိဘုံဘဝ, ဒုဂ္ဂတိဘုံဘဝနှင့် နိဗ္ဗာန်သို့ ရောက်စေတတ်သော ခရီးလမ်းကြောင်း သဘောဖြင့် ကျေးဇူးပြုသော တရားကို "မဂ္ဂပစ္စည်း"ဟု ခေါ်သည်။

**ဤမဂ္ဂပစ္စည်း၌ -**

၁။ သဟိတ်စိတ် ၇၁-ပါး၌ရှိသော ပညာ, ဝိတက်, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, ဝီရိယ, သတိ, ဧကဂ္ဂတာ, ဒိဋ္ဌိ-ဟုဆိုအပ်သော မဂ္ဂင်တရား ၉-ပါးတို့က ပစ္စည်းတရား။

၂။ သဟိတ်စိတ် ၇၁-ပါး၊ စေတသိက် ၅၂၊ သဟိတ်စိတ္တဇရုပ်, သဟိတ်ပဋိသန္ဓေကမ္မဇရုပ်တို့က ပစ္စယုပ္ပန် တရားဖြစ်ကြသည်။

### မဂ္ဂင် ၂-မျိုး

မဂ္ဂင် ၁၂-ပါးတွင် -

၁။ သမ္မာဒိဋ္ဌိအစ သမ္မာသမာဓိအဆုံးရှိသော ၈-ပါးသည် သုဂတိဘုံနှင့် နိဗ္ဗာန်သို့ ရောက်စေတတ်သော ကြောင့် သုဂတိမဂ္ဂင်များဖြစ်ကြသည်။ (သုဂတိမဂ္ဂင် ၈-ပါး)

၂။ မိစ္ဆာဒိဋ္ဌိစသော မဂ္ဂင်လေးပါးကားဒုဂ္ဂတိဘုံသို့ ရောက်စေတတ်သောကြောင့် ဒုဂ္ဂတိမဂ္ဂင်များဖြစ်ကြသည်။ (ဒုဂ္ဂတိမဂ္ဂင် ၄-ပါး)

### ဈာနပစ္စည်းသဘောနှင့် မဂ္ဂပစ္စည်းသဘော

၁။ ဈာနပစ္စည်းသည် အာရုံ၌ စိတ်ကို ဖြောင့်မတ်စွာ စူးစိုက်စေခြင်းကိစ္စ, ဈာန်အဘိညာဏ်သို့ ရောက်စေနိုင်ခြင်းကိစ္စ။ ဤ ၂-ပါးကို ဆောင်ရွက်၏။

၂။ မဂ္ဂပစ္စည်းသည် ဝဋ် ၃-ပါး၌ ကျင်လည်ရန် ကံအမျိုးမျိုးကို ဖြစ်စေခြင်းကိစ္စ, သံသရာဝဋ်မှ ထွက်မြောက် စေရန် ဘာဝနာမှုကို ထမြောက်စေခြင်းကိစ္စ။ ဤ ၂-ပါးကို ဆောင်ရွက်၏။

http://www.dhammadownload.com



အမှာ ॥ ॥ **ဈာနပစ္စည်း, မဂ္ဂပစ္စည်းတို့၌** -

၁။ ကုသိုလ်တရားတို့နှင့်ယှဉ်သော ကုသိုလ်ဈာန်, မဂ်။

၂။ အကုသိုလ်တရားတို့နှင့်ယှဉ်သော အကုသိုလ်ဈာန်, မဂ်။

၃။ ဝိပါက်, ကြိယာတို့နှင့်ယှဉ်သော အဗျာကတဈာန်, အဗျာကမဂ်ဟူ၍လည်း အစိတ်အစိတ် ခွဲခြားနိုင်သည်။

### မဂ္ဂင်များ ကျေးဇူးပြုပုံ

၁။ **သမ္မာဒိဋ္ဌိစသော** မဂ္ဂင် ၈-ပါးတို့သည် ယှဉ်ဘက်ဖြစ်ကြသော စိတ်, စေတသိက်တို့နှင့် စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့ကို ကောင်းမွန်သန့်စင်သော ကုသိုလ်စိတ်, စေတသိက်, ကုသိုလ်စိတ္တဇရုပ်, ကုသိုလ်ပဋိသန္ဓေကမ္မဇရုပ်ဖြစ်လာအောင် ကျေးဇူးပြု၏။ ၎င်းအပြင် သုဂတိဘုံဘဝနှင့် နိဗ္ဗာန်ရောက်အောင် ကျေးဇူးပြု၏။

၂။ မိစ္ဆာဒိဋ္ဌိစသော မဂ္ဂင် ၄-ပါးတို့သည် ယှဉ်ဘက်ဖြစ်ကြသော စိတ်, စေတသိက်နှင့် စိတ္တရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့ကို မကောင်းသော, မသန့်ရှင်းသော အကုသိုလ်စိတ်, စေတသိက်, အကုသိုလ်စိတ္တဇရုပ်, အကုသိုလ်ပဋိသန္ဓေကမ္မဇရုပ်ဖြစ်လာအောင် ကျေးဇူးပြု၏။ ၎င်းအပြင် ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ် အပါယ်ဘုမိ ဒုဂ္ဂတိဘုံဘဝသို့ ရောက်အောင်လည်း ကျေးဇူးပြု၏။

### မဂ္ဂင် ၈-ပါး မြန်မာဆောင်ပုဒ်ကဗျာ

မှန်စွာ မြင်သိ၊ ကြံမိ မှန်ကန်၊
မှန်စွာ ပြော, ပြု၊ ရှာမှု လမ်းမှန်။
မှန်စွာ ကြောင့်ကြ၊ မှတ်ရ မှန်ကန်၊
စူးစိုက်ကပ်၊ ရှစ်ရပ် မဂ်လမ်းမှန်။

### မိစ္ဆာဒိဋ္ဌိ, မိစ္ဆာဝါစာ, မိစ္ဆာကမ္မန္တ, မိစ္ဆာအာဇီဝ–ဆောင်ပုဒ်လင်္ကာများ

ဆောင် ॥ ॥ ၁။ ကံ, ကျိုးမရှိ၊ စွဲယူမိ၊ မိစ္ဆာဒိဋ္ဌိခေါ်။

၂။ မုသာ, ပိသု၊ ဖရု, သမ္ဖ၊ ဤလေးဖြာ၊ မိစ္ဆာဝါစာခေါ်။

၃။ သတ်, ခိုး, ကာမေ၊ ကံသုံးထွေ၊ ပြုလေ မိစ္ဆာကမ္မန္တခေါ်။

၄။ ကာယ, ဝစီ၊ ၂-လီဒုစ္စရိတ၊ သက်မွေးက၊ မိစ္ဆာဇီဝခေါ်။

### သီလ, သမာဓိ, ပညာမဂ္ဂင် ၃-မျိုး

၁။ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ ၂-ပါးက ပညာမဂ္ဂင်။

၂။ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ ၃-ပါးက သီလမဂ္ဂင်။

၃။ သမ္မာဝါယမ, သမ္မာသတိ, သမ္မာသမာဓိ ၃-ပါးတို့က သမာဓိမဂ္ဂင်-များဖြစ်ကြသည်။

http://www.dhammadownload.com



### အကုသိုလ် ၃-မျိုးကို မဂ္ဂင်ဖြင့် ပယ်သတ်ပုံ

၁။ ကိုယ်, နှုတ်မှာ ဖြစ်ပေါ်လာသော အကုသိုလ် (ဝီတိက္ကမအကုသိုလ်)မျိုးကို **သီလမဂ္ဂင်**ဖြင့် ပယ်ရမည်။

၂။ ကိုယ်, နှုတ်သို့ ရောက်မလာဘဲ စိတ်ထဲမှာ ထကြွ, သောင်းကျန်းဖြစ်ပေါ်လာသော အကုသိုလ် (ပရိယုဋ္ဌာန အကုသိုလ်)မျိုးကို **သမာဓိမဂ္ဂင်**ဖြင့် ပယ်ရမည်။ (သမထဖြင့် ပယ်ရမည်ဟူလို)

၃။ ဘဝသံသရာအဆက်ဆက်မှ အစဉ်ကိန်းလျက်ပါရှိလာသော အကုသိုလ်(အနုသယအကုသိုလ်)မျိုးကို ပညာမဂ္ဂင်ဖြင့် ပယ်ရမည်။ ဝိပဿနာပညာ, မဂ်ပညာဖြင့် ပယ်ရမည်။

ဆောင် ။ ။ ၁။ **ကိုယ်နှင့် နှုတ်မှာ၊ ဖြစ်ပေါ်လာငြား၊ အကုများ၊ ပယ်ရှား မြတ်သီလာ။**
၂။ **စိတ်အစဉ်မှာ၊ ဖြစ်ပေါ်လာငြား၊ အကုများ၊ ပယ်ရှား မြတ်သမာ။ (သမာဓိ)**
၃။ **ဘဝစဉ်ဆက်၊ ကိန်းလျက်ပါငြား၊ အကုများ၊ ပယ်ရှား မြတ်ပညာ။**

## ၁၉။ သမ္ပယုတ္တပစ္စယ

ယှဉ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

| | |
|---|---|
| ပစ္စည်း | စိတ် ၈၉၊ စေတသိက် ၅၂-ပါးဟူသော နာမက္ခန္ဓာ ၄-ပါး |
| ပစ္စယုပ္ပန် | စိတ် ၈၉၊ စေတသိက် ၅၂-ပါးတို့ပင်တည်း။ |
| ပစ္စယသတ္တိ | နှမ်းဆီ, ထောပတ်, ပျား, သကာ-ဟူသော စတုမဓု ၄-ပါးသည် အချင်းချင်းရောနှောသမ နေသကဲ့သို့, အချင်းချင်းနှီးနှော ရောပြွမ်း နေသကဲ့သို့ ဧကုပ္ပါဒစသော သမ္ပယောဂလက္ခဏာ အားဖြင့် (အတူတကွယှဉ်ခြင်းဖြင့်)ကျေးဇူးပြုမှုကို"သမ္ပယုတ္တပစ္စယသတ္တိ"ဟုခေါ်သည်။ |
| နာမက္ခန္ဓာ ၄-ပါးတို့သည် မိမိနှင့်ယှဉ်ဘက်အချင်းချင်းအား သမ္ပယုတ္တပစ္စယသတ္တိဖြင့် ကျေးဇူးပြုကြကုန်၏။ | |

❑ **သမ္ပယုတ္တပစ္စယောတိ -**

| ပစ္စည်း = အကြောင်း | ပစ္စယုပ္ပန် = အကျိုး | ပစ္စယသတ္တိ |
|---|---|---|
| **စတ္တာရော ခန္ဓာ အရူပိနော** | **အညမည်** | **သမ္ပယုတ္တပစ္စယေန ပစ္စယော။** |

**နိဿယ** = သမ္ပယုတ္တပစ္စယောတိ- သမ္ပယုတ္တပစ္စည်းဟူသည်ကား (ပေးမြဲ)။

❑ **အဓိပ္ပါယ်ရှင်းလင်းချက် -**

သမ္ပယုတ္တ ။ ။ အတူဖြစ်ခြင်း, အတူချုပ်ခြင်းစသော သမ္ပယောဂလက္ခဏာ (သမ္ပယုတ္တလက္ခဏာ) ၄-ပါးတို့ဖြင့် ယှဉ်ခြင်း။

♦ သမံ ဧကုပ္ပါဒါဒီဟိ ပကာရေဟိ + ယုတ္တာတိ သမ္ပယုတ္တာ။

သမ္ပယုတ္တပစ္စည်း ။ ။ နာမက္ခန္ဓာ ၄-ပါးတို့၏ အချင်းချင်းအပြန်အလှန် ယှဉ်ဖော်ယှဉ်ဘက်သဘော လက္ခဏာတို့ဖြင့် ကျေးဇူးပြုမှုကို "သမ္ပယုတ္တပစ္စည်း"ဟု ခေါ်သည်။

http://www.dhammadownload.com



သမ္ပယုတ္တပစ္စည်း၌- ပစ္စည်းနှင့် ပစ္စယုပ္ပန်တရားတို့ အတူတူပင်ဖြစ်၏။ စိတ် ၈၉၊ စေတသိက် ၅၂-ပါးဟူသော နာမက္ခန္ဓာ ၄-ပါးပင်ဖြစ်၏။

**သမ္ပယုတ္တ၏ သမ္ပယောဂလက္ခဏာ ၄-ပါး**

| | | | |
|---|---|---|---|
| ၁။ | ဧကုပ္ပါဒ | = | အတူဖြစ်ခြင်း။ |
| ၂။ | ဧကနိရောဓ | = | အတူချုပ်ခြင်း။ |
| ၃။ | ဧကာလမ္ဗဏ | = | အာရုံတူခြင်း။ |
| ၄။ | ဧကဝတ္ထုက | = | မှီရာဝတ္ထုတူခြင်း။ |

ဤလေးပါးတူညီမှသာ သမ္ပယုတ္တပစ္စည်းဖြစ်နိုင်သည်။

**ဆောင် ။ ။ ဖြစ်, ချုပ်, မှီ, အာ၊ တူ ၄-ဖြာ၊ မှတ်ပါ သမ္ပယုတ်။**

**နာမ်တရားတို့ အချင်းချင်း သမ္ပယုတ်ဖြစ်ပုံ**

စက္ခုဝိညာဏ်စိတ်ဖြစ်သောအခါ စေတသိက် ၇-ပါးယှဉ်၏။ စက္ခုဝိညာဏ်စိတ်နှင့်တကွ နာမ်တရား ၈-ပါးဖြစ်၏။

၁။ ထိုနာမ်တရား ၈-ပါးသည် ပဉ္စဒွါရာဝဇ္ဇန်း၏ အခြားမဲ့၌ အတူတကွဖြစ်ပေါ်လာကြ၏။

၂။ ဘင်အားဖြင့် ချုပ်သောအခါ အတူတကွချုပ်ဆုံးကြ၏။

၃။ ပစ္စုပ္ပန်ရူပါရုံတစ်ခုတည်းကိုသာ အာရုံပြုကြ၏။

၄။ စက္ခုဝတ္ထုကို အတူတကွ မှီကြ၏။

ဤတရား ၈-ပါးဖြစ်ကြသောအခါ အသီးသီးခွဲခြားမရဘဲ တစ်သားတည်းပင် ဖြစ်နေကြ၏။ ဤသည်ပင်လျှင် နာမက္ခန္ဓာ ၄-ပါးတို့၏ သမ္ပယုတ်သဘောဖြစ်၏။

**မှတ်ချက် ။ ။** ဤသမ္ပယုတ္တပစ္စည်းသည် နာမ်အချင်းချင်းနှင့်သာ ဆိုင်သောပစ္စည်းဖြစ်သည်။ အသညသတ်ဘုံမှတပါး အလုံးစုံသောဘုံတို့၌ သမ္ပယုတ္တပစ္စည်းကို ရနိုင်၏။ အတူတကွဖြစ်ရုံမျှဖြင့် သဟဇာတကား ဖြစ်၏။ သမ္ပယုတ္တမဖြစ်နိုင်သေး။ **"ဖြစ်, ချုပ်, မှီ, အာ၊ တူမှသာ၊ မှတ်ပါ သမ္ပယုတ်"** ဟူသည် နှင့်အညီ အင်္ဂါ ၄-ချက်လုံးပြည့်စုံမှသာ သမ္ပယုတ္တပစ္စည်းဖြစ်၏။ ဤသည်ကို ရည်ရွယ်၍ **"သမ္ပယုတ္တပစ္စယောတိ စတ္တာရော ခန္ဓာ အရူပိနော အညမညံ"**စသည်ဖြင့် ဗုဒ္ဓဟောတော်မူသည်။

http://www.dhammadownload.com



# ၂၀။ ဝိပ္ပယုတ္တပစ္စယ

မယှဉ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရား။

၁။ သဟဇာတဝိပ္ပယုတ္တ ၂။ ပုရေဇာတဝိပ္ပယုတ္တ
၃။ ပစ္ဆာဇာတဝိပ္ပယုတ္တ-ဟူ၍ ဝိပ္ပယုတ္တပစ္စည်း ၃-မျိုးရှိသည်။

| | |
|---|---|
| ၁၊ သဟဇာတဝိပ္ပယုတ္တပစ္စည်း | ဒွေပဉ္စဝိညာဏ် ၁၀၊ အရူပဝိပါက် ၄-ပါး၊ ရဟန္တာတို့၏ စုတိကြဉ်သော စိတ် ၇၅-ပါး၊ စေတသိက် ၅၂-ပါး၊ အချင်းချင်းအားတတ်သော ပဉ္စဝေါကာရပဋိသန္ဓေ ၁၅-ပါး၊ ဟဒယဝတ္ထု။ |
| ၎င်း၏ပစ္စယုပ္ပန် | စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်, ဟဒယဝတ္ထုမှ ထောက်အပ်သောပဉ္စဝေါကာရပဋိသန္ဓေ ၁၅-ပါး |
| ၂။ | ပုရေဇာတဝိပ္ပယုတ္တပစ္စည်းသည် ဝတ္ထုပုရေဇာတပစ္စည်းနှင့်တူ၏။ |
| ၃။ | ပစ္ဆာဇာတဝိပ္ပယုတ္တပစ္စည်းသည် ပစ္ဆာဇာတပစ္စည်းနှင့်တူ၏။ |
| ပစ္စယသတ္တိ | (ချို, ချဉ်, စပ်, ငန်,ဖန်, ခါး) ၆-ပါးသော အရသာတို့သည် အချင်းချင်း မနီးနှော မရောပြွမ်းသောအားဖြင့် ကျေးဇူးပြုသကဲ့သို့၎င်း၊ ရွှေမကိုင်း၌ စီခြယ်ထားသော ရတနာကျောက်မျက်တို့သည် ရွှေနှင့် အချင်းချင်း မရောယှက်ကြသကဲ့သို့၎င်း၊ ထို့အတူ နာမ်ရုပ်တရားတို့သည် အချင်းချင်း မှီတွယ်ဖက်စပ်၍ဖြစ်ကြသော်လည်း ဧကုပ္ပါဒစသော သမ္ပယောဂလက္ခဏာအားဖြင့် တစ်ပေါင်းတည်း, တလုံးတည်း မရောယှက်သည် ၏ အဖြစ်ဖြင့် ကျေးဇူးပြုမှုကို"ဝိပ္ပယုတ္တပစ္စယသတ္တိ"ဟုခေါ်သည်။ |

(က) စိတ်, စေတသိက်တရားတို့သည် မိမိတို့ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အား၎င်း၊ ပဋိသန္ဓေအခါ ကမ္မဇရုပ်တို့အား၎င်း၊ရှေးဦးစွာဖြစ်နှင့်၍ ၄င်းအနေ၌တည်ရှိကြသော စတုဇရုပ်တို့အား၎င်း ဝိပ္ပယုတ္တပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

(ခ) ပဋိသန္ဓေအခါ ဟဒယဝတ္ထုသည် ပဉ္စဝေါကာရပဋိသန္ဓေအား ဝိပ္ပယုတ္တ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

(ဂ) ပဝတ္တိအခါ ဝတ္ထုရုပ် ၆-ပါးတို့သည် မိမိတို့ကို မှီ၍ဖြစ်လာကြသော ဝိညာဏဓာတ် ၇-ပါးတို့အား ဝိပ္ပယုတ္တပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

- **ဝိပ္ပယုတ္တပစ္စယောတိ -**

| ပစ္စည်း = အကြောင်း | ပစ္စယုပ္ပန် = အကျိုး | ပစ္စယသတ္တိ |
|---|---|---|
| **ရူပိနော ဓမ္မာ** | **အရူပီနံ ဓမ္မာနံ** | **ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။** |
| **အရူပိနော ဓမ္မာ** | **ရူပီနံ ဓမ္မာနံ** | |

**နိဿယ** = ဝိပ္ပယုတ္တပစ္စယောတိ- ဝိပ္ပယုတ္တပစ္စည်းဟူသည်ကား

✔ ရူပိနော-ရုပ်ဖြစ်ကုန်သော။ ဓမ္မာ-ဝတ္ထုရုပ် ၆-ပါးတရားတို့သည်။ အရူပီနံ-နာမ်ဖြစ်ကုန်သော။ ဓမ္မာနံ-အရူပဝိပါက် ၄-ခုကြဉ်သော သတ္တဝိညာဏဓာတ်တို့အား။ ဝိပ္ပယုတ္တပစ္စယေန-သဟဇာတဝိပ္ပယုတ္တ, ပုရေဇာတဝိပ္ပယုတ္တသတ္တိဖြင့်။ ပစ္စယော ။ပ။ ဟောတိ။

http://www.dhammadownload.com



✔ အရူပိနော-နာမ်ဖြစ်ကုန်သော။ ဓမ္မာ-အရူပဝိပါက် ၄-ခုကြဉ်သော စိတ် ၈၅-ခု၊ စေတသိက် ဒွေပညာသနာမက္ခန္ဓာတို့သည်။ ရူပီနံ-ရုပ်ဖြစ်ကုန်သော။ ဓမ္မာနံ-စတုသမုဋ္ဌာနိကရုပ်တို့အား။ ဝိပ္ပယုတ္တပစ္စယေန-သဟဇာတဝိပ္ပယုတ္တ, ပစ္ဆာဇာတဝိပ္ပယုတ္တသတ္တိဖြင့်။ ပစ္စယော ။ပ။ ဟောတိ။

❑ **အဓိပ္ပါယ်ရှင်းလင်းချက်** -

ဝိပ္ပယုတ္တ ။ ။ မယှဉ်သည်ဖြစ်၍ ကျေးဇူးပြုသောတရား။
ယှဉ်ဖော်ယှဉ်ဘက် သမ္ပယောဂ(သမ္ပယုတ္တ)လက္ခဏာ မဟုတ်သော (မပါရှိသော) သဘောဖြင့် ကျေးဇူးပြုသော ပစ္စည်းကို "**ဝိပ္ပယုတ္တပစ္စည်း**"ဟု ခေါ်သည်။

**ယင်းဝိပ္ပယုတ္တပစ္စည်းသည်** - ၁။ သဟဇာတဝိပ္ပယုတ္တ ၂။ ပုရေဇာတဝိပ္ပယုတ္တ ၃။ ပစ္ဆာဇာတဝိပ္ပယုတ္တ-ဟူ၍ ၃-မျိုးရှိသည်။ ထိုတွင် -

၂။ ပုရေဇာတဝိပ္ပယုတ္တပစ္စည်းသည် ဝတ္ထုပုရေဇာတပစ္စည်းနှင့် တူ၏။

၃။ ပစ္ဆာဇာတဝိပ္ပယုတ္တပစ္စည်းသည် ပစ္ဆာဇာတပစ္စည်းနှင့်တူ၏။

**သဟဇာတဝိပ္ပယုတ္တပစ္စည်း၌** -

(က) ပဉ္စဝေါကာရဘုံ၌ အရူပဝိပါက် ၄-ခု၊ ဒွိပဉ္စဝိညာဏ် ၁၀၊ ရဟန္တာတို့စုတိစိတ်ကြဉ်သော စိတ် ၇၅-ခု၊ စေတသိက် ၅၂-ခု၊ ပဉ္စဝေါကာရပဋိသန္ဓေ ၁၅၊ ဟဒယဝတ္ထုဟူသော တရားစုတို့က ပစ္စည်းတရား။

(ခ) စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်, ပဉ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာတရားစုတို့က ပစ္စယုပ္ပန်တရားများဖြစ်ကြသည်။

**ဝိပ္ပယုတ္တပစ္စည်း၌** - ၁။ နာမ်က ရုပ်ကို ကျေးဇူးပြုပုံ၊ ၂။ ရုပ်က နာမ်ကို ကျေးဇူးပြုပုံ-ဟု ၂-မျိုးပါရှိရာတွင် နမူနာ သာဓကအဖြစ် အောက်ပါအတိုင်း မှတ်သားထားပါ။

## (၁) နာမ်က ရုပ်အား ကျေးဇူးပြုပုံ

မဟာကုသိုလ်ပထမစိတ္တုပ္ပါဒ်ဖြစ်ရာ၌ စိတ္တဇရုပ်တို့လည်း အတူတကွဖြစ်ကြသည်။ ယင်းသို့ ဖြစ်ရာ၌-

(က) မဟာကုသိုလ် ပထမစိတ္တုပ္ပါဒ်က ဝိပ္ပယုတ္တပစ္စည်းဖြစ်၍၊

(ခ) စိတ္တဇရုပ်တို့က ဝိပ္ပယုတ္တပစ္စယုပ္ပန်ဖြစ်ကြသည်။

## (၂) ရုပ်က နာမ်အား ကျေးဇူးပြုပုံ

ပဉ္စဝေါကာရဘုံ၌ ပဋိသန္ဓေတည်နေသော အခိုက်အတန့်၌ ပဋိသန္ဓေစိတ်နှင့်အတူ ဟဒယဝတ္ထုရုပ်လည်း အတူတကွဖြစ်ပေါ်လာကြသည်။ ယင်းသို့ ဖြစ်ရာတွင် -

(က) ဟဒယဝတ္ထုရုပ်က ဝိပ္ပယုတ္တပစ္စည်းဖြစ်၍

(ခ) ပဋိသန္ဓေစိတ်က ဝိပ္ပယုတ္တပစ္စယုပ္ပန်ဖြစ်ကြသည်။ (ဤကား အမြွက်မျှသာတည်း။)

ပဉ္စဝေါကာရပဋိသန္ဓေစိတ်နှင့် ဟဒယဝတ္ထုရုပ်တို့မှာ အချင်းချင်း အပြန်အလှန် ဝိပ္ပယုတ္တသတ္တိဖြင့် ကျေးဇူးပြုနိုင်သော သဘောလည်းရှိသည်။

http://www.dhammadownload.com



## ဝိပ္ပယုတ္တပစ္စည်း၌ အရူပဝိပါက်စိတ် ၄-ခုနှင့် ဒွိပဉ္စဝိညာဏ် ၁၀-ကြဉ်ရခြင်း

အရူပဝိပါက်စိတ် ၄-ခုနှင့် ဒွိပဉ္စဝိညာဏ် ၁၀-တို့သည် စိတ္တဇရုပ်ကို မဖြစ်စေနိုင်သောကြောင့် နာမ်က ရုပ်အား ဝိပ္ပယုတ္တသတ္တိဖြင့် ကျေးဇူးမပြုနိုင်။ ထို့ကြောင့် ကြဉ်ရသည်။

## သမ္ပယုတ္တပစ္စည်းနှင့် ဝိပ္ပယုတ္တပစ္စည်းသဘော

၁။ **သမ္ပယုတ္တ** = ယှဉ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရား။

၂။ ဝိပ္ပယုတ္တ = မယှဉ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရား။ ထိုတွင် -

၁။ **သမ္ပယုတ္တပစ္စည်း**၌ နာမက္ခန္ဓာ ၄-ပါးတို့သည်

၁။ အတူတကွ ဖြစ်ကြ၏။ ၂။ အတူတကွ ချုပ်ကြ၏။

၃။ အာရုံတစ်ခုတည်းကိုပဲ အတူတကွ ယူကြ၏။ ၄။ မှီရာဝတ္ထုလည်း တူကြ၏။

ဤသို့ နာမ် အချင်းချင်း သမ္ပယုတ္တလက္ခဏာသဘောဖြင့် ခွဲမရအောင် စပ်ယှဉ်ကြ၏။ ကျေးဇူးပြုကြ၏။

၂။ ဝိပ္ပယုတ္တပစ္စည်း၌ ရုပ်နှင့်နာမ်တို့သည် ဆိုခဲ့ပြီး သမ္ပယုတ္တလက္ခဏာတို့နှင့် မစပ်ယှဉ်ကြ၊ ကျေးဇူးသာ ပြုကြ၏။

## ပရမတ္ထတရား ၄-ပါး သမ္ပယုတ် + ဝိပ္ပယုတ်ခွဲပုံ

ဆောင် ။ ။ ၁။ နာမက္ခန္ဓာ၊ ချင်းချင်းရ၊ မှတ်ကြ သမ္ပယုတ်။

၂။ နိဗ္ဗာန်နှင့် နာမ်၊ ရုပ်နှင့် နာမ်၊ ဇကန်ဝိပ္ပယုတ်။

၃။ နိဗ္ဗာန်နှင့် ရုပ်၊ ရုပ်ချင်း ရုပ်၊ သမ္ပယုတ်, ဝိပ္ပယုတ် မဆိုရ။

## ဝိပ္ပယုတ္တပစ္စည်းကို သီးခြားဟောရခြင်း

ဝိပ္ပယုတ္တပစ္စည်း၌ ပစ္စည်းနှင့် ပစ္စယုပ္ပန်တို့မှာ သဟဇာတပစ္စည်း, နိဿယပစ္စည်း, ပုရေဇာတပစ္စည်းတို့နှင့် ထူးခြားမှုမရှိသော်လည်း စိတ်နှင့် စိတ္တဇရုပ်၊ ပဋိသန္ဓေနာမ်နှင့် ကမ္မဇရုပ်၊ ပဉ္စဝေါကာရပဋိသန္ဓေနှင့် ဟဒယဝတ္ထုရုပ်။ ဤရုပ်, နာမ်တရား တို့သည် တပေါင်းတည်း, တပြိုင်နက်ဖြစ်ပေါ်ကြသည်။ ထိုသို့ဖြစ်ရာ၌ သမ္ပယုတ္တလက္ခဏာဖြင့် ယှဉ်ကြလေ သလော-ဟူ သော ယုံမှားသင်္ကာကို ပယ်ဖျောက်၍ သမ္ပယုတ္တလက္ခဏာဖြင့် မယှဉ်ကြောင်း, ရုပ်, နာမ် ၂-ပါး အသီးသီးဖြစ်ကြောင်းကို သိစေခြင်းအကျိုးငှာ ဤဝိပ္ပယုတ္တပစ္စည်းကို သီးခြားထုတ်ပြ၍ ဘုရားရှင်ဟောတော် မူသည်။

## သမ္ပယုတ္တပစ္စည်းကို သီးခြားဟောရခြင်း

သမ္ပယုတ္တပစ္စည်းသည် သဟဇာတပစ္စည်းကြီးမှ နာမ်တရားသက်သက်ကို သီးခြားထုတ်နုတ်၍ ဟောကြား အပ်သော ပစ္စည်းဖြစ်သည်။ ဤသမ္ပယုတ္တပစ္စည်းကို ဟောကြားရခြင်းမှာ နာမ်ကလာပ်တို့၌ စိတ်နှင့် စေတသိက်တို့ တပေါင်းတည်းဖြစ်ပေါ်ကြရာ ထိုနာမ်တရားတို့သည် သမ္ပယုတ္တလက္ခဏာဖြင့် အချင်းချင်းမယှဉ်ကြပဲ မတူထူးခြား ကွဲပြားလေသလော-ဟူသော ယုံမှားသင်္ကာကို ပယ်ဖျောက်တော်မူလိုသောကြောင့် သမ္ပယုတ္တပစ္စည်းကို သီးခြား ထပ်မံ၍ ဘုရားရှင် ဟောတော်မူ၏။

http://www.dhammadownload.com



## ၂၁။ အတ္ထိပစ္စယ

ရှိသည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရား။

**အတ္ထိပစ္စည်း ၅-မျိုး။** ။ ၁။ သဟဇာတတ္ထိ ၂။ ပုရေဇာတတ္ထိ ၃။ ပစ္ဆာဇာတတ္ထိ
၄။ အာဟာရတ္ထိ ၅။ ဣန္ဒြိယတ္ထိ-ဟူ၍ ၅-မျိုးရှိသည်။

| | | |
|---|---|---|
| ၁။ | သဟဇာတတ္ထိသည် | သဟဇာတပစ္စည်းနှင့်တူ၏။ |
| ၂။ | ပုရေဇာတတ္ထိသည် | ပုရေဇာတပစ္စည်းနှင့်တူ၏။ |
| ၃။ | ပစ္ဆာဇာတတ္ထိသည် | ပစ္ဆာဇာတပစ္စည်းနှင့်တူ၏။ |
| ၄။ | အာဟာရတ္ထိသည် | ရုပ်အာဟာရပစ္စည်းနှင့်တူ၏။ |
| ၅။ | ဣန္ဒြိယတ္ထိသည် | ရူပဇီဝိတိန္ဒြိယပစ္စည်းနှင့်တူ၏။ |
| ပစ္စယသတ္တိ | ဟိမဝန္တာတောင်မင်းသည် သစ်ပင်ပန်းပင်စသည်တို့အား မိမိထင်ရှားရှိနေခြင်းအားဖြင့် ကျေးဇူးပြုသကဲ့သို့ ပစ္စယုပ္ပန်တရားတို့အား ထက်သန်အားရှိအောင် ထင်ရှားစွာ တည်ရှိနေသည်၏ အဖြစ်ဖြင့် ကျေးဇူးပြုမှုကို "အတ္ထိပစ္စယသတ္တိ"ဟု ခေါ်သည်။ | |

(က) စိတ်, စေတသိက်တို့သည် အချင်းချင်းအားရင်း၊ မိမိကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အားရင်း၊ ပဋိသန္ဓေအခါ ကမ္မဇရုပ်တို့အားရင်း အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

(ခ) အဇ္ဈတ္တ, ဗဟိဒ္ဓစတုဇမဟာဘုတ်တို့သည် အချင်းချင်းအားရင်း၊ မိမိတို့ကိုမှီကုန်သော ဥပါဒါရုပ်တို့အားရင်း အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

(ဂ) ဟဒယဝတ္ထုသည် ပဉ္စဝေါကာရပဋိသန္ဓေ ၁၅-ပါးတို့အား အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

(ဃ) ဝတ္ထုရုပ် ၆-ပါးနှင့် သတ္တရသာယုကရကောင်းသော အာရုံ ၆-ပါးတို့သည် ရှေးဦးစွာဖြစ်နှင့်၍ နောက်မှ ဖြစ်ကြသော ၆-ဒွါရဝီထိစိတ်များနှင့်စေတသိက်များအား အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

(င) နောက်နောက်ဖြစ်လာကြသော စိတ်, စေတသိက်တို့သည် ရှေးဦးစွာဖြစ်နှင့်၍ ဌီအနေဖြင့် တည်ရှိကြကုန်သော ရူပကာယစတုဇရုပ်တို့အား အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

(စ) အဇ္ဈတ္တသြဇာနှင့်တကွ စားသောက်မျိုသွင်းအပ်သော ကဗဠီကာရအာဟာရသည် ဌီအနေဖြင့် တည်ရှိကြကုန်သော ရူပကာယ စတုဇရုပ်တို့အား အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်

(ဆ) ရုပ်ဇီဝိတိန္ဒြေသည် ကလာပ်တူကမ္မဇရုပ်တို့အား အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

http://www.dhammadownload.com



## ❑ အတ္ထိပစ္စယောတိ/ အဝိဂတပစ္စယောတိ -

| | ပစ္စည်း = အကြောင်း | ပစ္စယုပ္ပန် = အကျိုး | ပစ္စယသတ္တိ |
|---|---|---|---|
| သဟဇာတတ္ထိ | စတ္တာရော ခန္ဓာ အရူပိနော | အညမညံ | အတ္ထိပစ္စယေန ပစ္စယော။ / အဝိဂတပစ္စယေန ပစ္စယော။ |
| | စတ္တာရော မဟာဘူတာ | အညမညံ | |
| | ဩက္ကန္တိက္ခဏေ နာမရူပံ | အညမညံ | |
| | စိတ္တစေတသိကာ ဓမ္မာ | စိတ္တသမုဋ္ဌာနာနံ ရူပါနံ | |
| | မဟာဘူတာ | ဥပါဒါရူပါနံ | |
| ပုရေဇာတတ္ထိ | စက္ခာယတနံ | စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ | |
| | သောတာယတနံ | သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ | |
| | ဃာနာယတနံ | ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ | |
| | ဇိဝှါယတနံ | ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ | |
| | ကာယာယတနံ | ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ | |
| အာရမ္မဏပုရေဇာတတ္ထိ | ရူပါယတနံ | စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ | |
| | သဒ္ဒါယတနံ | သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ | |
| | ဂန္ဓာယတနံ | ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ | |
| | ရသာယတနံ | ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ | |
| | ဖောဋ္ဌဗ္ဗာယတနံ | ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ | |
| | ရူပါယတနံ(ပ) ဖောဋ္ဌဗ္ဗာယတနံ | မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ | |
| ဝတ္ထာရမ္မဏပုရေဇာတတ္ထိ | ယံ ရူပံ နိဿာယ တံ ရူပံ | မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ မနောဓာတုယာ စ မနောဝိညာဏဓာတုယာ စ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ | |

**အမှာ။** ။ အတ္ထိပစ္စည်း၌ သဟဇာတတ္ထိမှာ သဟဇာတအတိုင်း။ ပုရေဇာတတ္ထိမှာ ပုရေဇာတအတိုင်းဖြစ်သည်။ ပစ္ဆာဇာတတ္ထိ၊ အာဟာရတ္ထိ၊ ဣန္ဒြိယတ္ထိ-ဟူသော ၃-ပါးကို သာဝသေသအကြွင်းထား၍ ဟောတော်မူသည်။ (ဋ္ဌ။ ၃၈၃။) (ပဋ္ဌာန်းအရကောက်။ ၅၅။)

## ❑ အဓိပ္ပါယ်ရှင်းလင်းချက် -

**အတ္ထိပစ္စည်း ။** ။ ချုပ်ဆုံးခြင်းသို့ မရောက်သေးဘဲ ထင်ရှားရှိနေခြင်းသဘောသတ္တိဖြင့် ကျေးဇူးပြုသော ပစ္စည်းကို "အတ္ထိပစ္စည်း"ဟု ခေါ်သည်။

(အကြောင်းပစ္စည်းကလည်း ထင်ရှားရှိနေဆဲ၊ အကျိုးပစ္စယုပ္ပန်တရာကလည်း ထင်ရှားရှိနေဆဲ သဘော။)

http://www.dhammadownload.com



**အတ္ထိပစ္စည်းနှင့် အဝိဂတပစ္စည်းတူပုံ**

(က) အတ္ထိပစ္စည်းက မိမိပစ္စည်းတရား ထင်ရှားရှိနေဆဲ အခိုက်အတန့်၌ ပစ္စယုပ္ပန်တရားတို့ ဖြစ်ပေါ်အောင် ကျေးဇူးပြု၏။

(ခ) အဝိဂတပစ္စည်းက ပစ္စယုပ္ပန်တရားတို့နှင့် မကင်းသေးတဲ့ အခိုက်အတန့်၌ ပစ္စယုပ္ပန်အကျိုးတရားတို့ ဖြစ်ပေါ်အောင် ကျေးဇူးပြုသည်။

**"ရှိနေတာနှင့် မကင်းတာ"** ဤဝေါဟာရစကားလုံး ၂-ခု အဓိပ္ပါယ်တူဖြစ်သည်။ ရှိနေလို့ မကင်း၊ မကင်းလို့ ရှိနေ။ အဓိပ္ပါယ်ချင်းက အတူတူ။

✔ ဝေနေယျဇ္ဈာသယ, ပုဂ္ဂလဇ္ဈာသယအားဖြင့် ၂-ပစ္စည်းခွဲ၍ ဟောတော်မူခြင်းဖြစ်သည်။

**အတ္ထိပစ္စည်း နိဒ္ဒေသပါဠိတော် ဖွဲ့ကွက်၌ အတ္ထိ ၄-မိုင်းခွဲခြားထားရာ**

၁။ **သဟဇာတတ္ထိက** အတူတကွလည်းဖြစ်, ရှိလည်း ရှိနေဆဲ အခိုက်အတန့်အားဖြင့် ကျေးဇူးပြုသည်။

၂။ **ဝတ္ထုပုရေဇာတတ္ထိက** ဝတ္ထုလည်းဖြစ်, ပုရေဇာတလည်းဖြစ်, ရှိလည်း ရှိနေဆဲ အခိုက်အတန့်အားဖြင့် ကျေးဇူးပြုသည်။

၃။ **အာရမ္မဏပုရေဇာတတ္ထိက** အာရုံလည်းဖြစ်, ပုရေဇာတလည်းဖြစ်, ရှိလည်း ရှိနေဆဲ အခိုက်အတန့်အားဖြင့် ကျေးဇူးပြုသည်။

၄။ **ဝတ္ထာရမ္မဏပုရေဇာတတ္ထိက** ဝတ္ထုလည်းဖြစ်, အာရုံလည်းဖြစ်, ပုရေဇာတလည်းဖြစ်, ရှိလည်း ရှိနေဆဲ အခိုက်အတန့်အားဖြင့် ကျေးဇူးပြုသည်။

## ၂၂။ နတ္ထိပစ္စယ

မရှိသည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

| | |
|---|---|
| ပစ္စည်းနှင့် | ပစ္စယုပ္ပန်မှာ အနန္တရပစ္စည်းနှင့်တူ၏။ |
| ပစ္စယသတ္တိ | ညဉ့်၏ ကင်းခြင်းသည် နေ့ဖြစ်ခြင်းငှာ ကျေးဇူးပြုသကဲ့သို့၎င်း၊ ဆီမီးငြိမ်းခြင်းသည် အမိုက်မှောင်ဖြစ်ခြင်းငှာ ကျေးဇူးပြုသကဲ့သို့၎င်း၊ ဘုရင်မင်းမြတ်၏ နတ်ရွာစံခြင်းသည် မိမိသားကြီးအား ဘုရင်ဖြစ်ခွင့်ကို အပ်နှင်းသကဲ့သို့၎င်း၊ မိမိချုပ်ငြိမ်း၍ မရှိခြင်းဖြင့် ကျေးဇူးပြုမှုကို**"နတ္ထိပစ္စယသတ္တိ"**ဟု ခေါ်သည်။ |
| ရှေးရှေးစိတ္တုပ္ပါဒ်တို့သည် မိမိတို့၏ အခြားမဲ့၌ဖြစ်ကြသော နောက်နောက်စိတ္တုပ္ပါဒ်တို့အား နတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြုကြသည်။ | |

❑ **နတ္ထိပစ္စယောတိ** -

| ပစ္စည်း = အကြောင်း | ပစ္စယုပ္ပန် = အကျိုး | ပစ္စယသတ္တိ |
|---|---|---|
| **သမနန္တရနိရုဒ္ဓါ စိတ္တစေတသိကာ ဓမ္မာ** | **ပစ္စုပ္ပန္နာနံ စိတ္တစေတသိကာနံ ဓမ္မာနံ** | **နတ္ထိပစ္စယေန ပစ္စယော**။ |

http://www.dhammadownload.com



**နိဿယ =** နတ္ထိပစ္စယောတိ- နတ္ထိပစ္စည်းဟူသည်ကား

✔ သမနန္တရနိရုဒ္ဓါ-မိမိ၏ အခြားမဲ့၌ ကောင်းစွာချုပ်ပြီးကုန်သော။ စိတ္တစေတသိကာ-စိတ်, စေတသိက်ဖြစ်ကုန်သော။ ဓမ္မာ-ရဟန္တာတို့၏ စုတိကြဉ်သော စိတ် ၈၉၊ စေတသိက် ၅၂ပညာသ နာမက္ခန္ဓာတို့သည်။ ပဋုပ္ပန္နာနံ-မိမိနှင့်အတူဖြစ်ကုန်သော။ စိတ္တစေတသိကာနံ-ကုန်သော။ ဓမ္မာနံ-ရဟန္တာတို့၏ စုတိနှင့်တကွ စိတ် ၈၉၊ စေတသိက် ၅၂ပညာသ နာမက္ခန္ဓာတို့အား။ နတ္ထိပစ္စယေန ။ပ။ ဟောတိ။

## ❑ အဓိပ္ပါယ်ရှင်းလင်းချက် -

**နတ္ထိပစ္စည်း ။ ။** မိမိချုပ်ငြိမ်းပြီးနောက် ထင်ရှားမရှိသော သဘောသတ္တိဖြင့် ကျေးဇူးပြုသော ပစ္စည်းကို နတ္ထိပစ္စည်းဟု ခေါ်သည်။

(ဆီမီးငြိမ်းသွားခြင်းသည် အမှောင်ထုဖြစ်ခြင်းငှာ ကျေးဇူးပြုသကဲ့သို့၎င်း၊ ဘုရင်မင်းမြတ်၏ နတ်ရွာစံခြင်းသည် သားကြီးဥပရာဇာအား ဘုရင်ဖြစ်ခွင့်ပေးလိုက်သကဲ့သို့၎င်း၊ ရှေ့က စိတ်, စေတသိက် နာမ်တရားတို့၏ ချုပ်ငြိမ်းသွားခြင်းသည် နောက်က စိတ်, စေတသိက်နာမ်တရားတို့၏ ဖြစ်ပေါ်လာခွင့်ရအောင် မိမိတို့ချုပ်ငြိမ်း၍ ထင်ရှားမရှိခြင်းသဘောဖြင့် ကျေးဇူးပြုခြင်းကိုပင် **"နတ္ထိပစ္စယသတ္တိ"**ဟု ခေါ်သည်။

**အမှာ ။ ။** ဤနတ္ထိပစ္စည်းသည် အနန္တရပစ္စည်းနှင့် အလုံးစုံတူ၏။

### အတ္ထိပစ္စည်းနှင့် နတ္ထိပစ္စည်း သဘောလက္ခဏာ

(က) ထင်ရှားရှိနေဆဲမှာ ကျေးဇူးပြုတာက **"အတ္ထိပစ္စည်း"**သဘော။
(ခ) ထင်ရှားမရှိ ချုပ်ဆုံးပြီးမှ ကျေးဇူးပြုတာက **"နတ္ထိပစ္စည်း"**သဘော။
(က) အတ္ထိပစ္စည်းသဘောကို ပိုင်နိုင်စွာ သဘောပေါက်သိရှိနားလည်လျှင် "ပြတ်သည်"ဟု အယူရှိသော "ဥစ္ဆေဒဒိဋ္ဌိ"ကို ပယ်ရှားနိုင်သည်။
(ခ) နတ္ထိပစ္စည်းသဘောသဘာဝကို ပိုင်နိုင်စွာ သဘောပေါက် သိရှိနားလည်လျှင် "မြဲသည်"ဟု အယူရှိသော **"သဿတဒိဋ္ဌိ"**ကို ပယ်ရှားနိုင်၏။

## ၂၃။ ဝိဂတပစ္စယ

ကင်းသည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

| | |
|---|---|
| ဝိဂတပစ္စည်းနှင့် ပစ္စယုပ္ပန်မှာ နတ္ထိပစ္စည်းနှင့် ပစ္စယုပ္ပန်အတိုင်းဖြစ်သည်။ "ဝိဂတ = ကင်းခြင်းနှင့် နတ္ထိ = မရှိခြင်း"တို့သည် အနက်သဘောတူကြ၏။ | |
| ပစ္စယသတ္တိ | နေ၏ဝင်ခြင်းသည် လရောင်ကို လင်းစေခြင်းငှာ ကျေးဇူးပြုသကဲ့သို့ ကင်းချုပ်သည်၏အဖြစ်ဖြင့် ကျေးဇူးပြုမှုကို "ဝိဂတပစ္စယသတ္တိ"ဟု ခေါ်သည်။ |
| ရှေးရှေးစိတ္တုပ္ပါဒ်တို့သည် မိမိတို့၏ အခြားမဲ့၌ဖြစ်ကြသော နောက်နောက်သောစိတ္တုပ္ပါဒ်တို့အား ဝိဂတပစ္စယသတ္တိဖြင့် ကျေးဇူးပြုကြသည်။ | |

http://www.dhammadownload.com



❑ ဝိဂတပစ္စယောတိ -

| ပစ္စည်း = အကြောင်း | ပစ္စယုပ္ပန် = အကျိုး | ပစ္စယသတ္တိ |
|---|---|---|
| **သမနန္တရဝိဂတာ စိတ္တစေတသိကာ ဓမ္မာ** | **ပစ္စုပ္ပန္နာနံ စိတ္တစေတသိကာနံ ဓမ္မာနံ** | **ဝိဂတပစ္စယေန ပစ္စယော။** |

**နိဿယ** = ဝိဂတပစ္စယောတိ- ဝိဂတပစ္စည်းဟူသည်ကား

✔ သမနန္တရဝိဂတာ-ကောင်းစွာမိမိအခြားမဲ့၌ ကင်းကုန်ပြီးသော။ (နည်းတူ)

❑ **အဓိပ္ပါယ်ရှင်းလင်းချက်** -

ဝိဂတပစ္စည်း ။ ။ ကင်းလေပြီး, ချုပ်လေပြီးသော သဘောသတ္တိဖြင့် ကျေးဇူးပြုသော ပစ္စည်းကို "ဝိဂတပစ္စည်း"ဟု ခေါ်သည်။ (ဝိဂတပစ္စည်းမှာ နတ္ထိပစ္စည်းနှင့် အလုံးစုံတူ၏။)

## ၂၄။ အဝိဂတပစ္စယ

မကင်းသည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

| | |
|---|---|
| ပစ္စည်းနှင့် ပစ္စယုပ္ပန်မှာ အတ္ထိပစ္စည်း၏ ပစ္စည်း, ပစ္စယုပ္ပန်အတိုင်းဖြစ်၏။ | |
| "အဝိဂတ = မကင်းခြင်း"သည် "အတ္ထိ= ရှိခြင်း"နှင့် သဘောတူ၏။ | |
| ပစ္စယသတ္တိ | မဟာသမုဒ္ဒရာသည် မိမိအတွင်း၌ရှိကြကုန်သော ငါးလိပ်-စသည်တို့အား ပီတိ, သောမနဿ ဖြစ်ပွားစေခြင်းငှာ မိမိ၏ မကင်းသည်၏ အဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ မကင်းသည်၏ အဖြစ်ဖြင့် ကျေးဇူးပြုမှုကို "အဝိဂတပစ္စယသတ္တိ"ဟု ခေါ်သည်။ |

**နိဿယ** = အဝိဂတပစ္စယောတိ- အဝိဂတပစ္စည်းဟူသည်ကား။ (အတ္ထိနှင့် တူပြီ။)

❑ **အဓိပ္ပါယ်ရှင်းလင်းချက်** -

**အဝိဂတ** ။ ။ မချုပ်သေး, မကင်းသေးသော သဘောသတ္တိဖြင့် ကျေးဇူးပြုသောပစ္စည်းကို"**အဝိဂတပစ္စည်း**" ဟု ခေါ်သည်။

ဤအဝိဂတပစ္စည်းသည် အတ္ထိပစ္စည်းနှင့် အလုံးစုံတူ၏။

**ဝိဂတပစ္စည်းနှင့် အဝိဂတပစ္စည်းတို့သဘော**

(က) ကင်းလေပြီး ချုပ်လေပြီးသော သဘောသတ္တိဖြင့် ကျေးဇူးပြုတာက ဝိဂတပစ္စည်း။
(ခ) မချုပ်သေး, မကင်းသေးသော သဘောသတ္တိဖြင့် ကျေးဇူးပြုတာက အဝိဂတပစ္စည်း။
(က) ဝိဂတပစ္စည်းသဘောကို ပိုင်နိုင်စွာသဘောပေါက် သိရှိနားလည်လျှင်"**သဿတဒိဋ္ဌိ**"ကို ပယ်နိုင်သည်။
(ခ) အဝိဂတပစ္စည်းသဘောကို ပိုင်နိုင်စွာသဘောပေါက် သိရှိနားလည်လျှင်"**ဥစ္ဆေဒဒိဋ္ဌိ**"ကို ပယ်နိုင်သည်။

**ပစ္စယနိဒ္ဒေသော နိဋ္ဌိတော။**

==========================

http://www.dhammadownload.com



## ဆုတောင်းပတ္ထနာ

**ဣမိနာ ပုညကမ္မေန၊ သီယံ ပပ္ပေါမိ နိဗ္ဗုတိံ။**
**အန္တရာ ဇာတိဇာတီသု၊ ဘဝေ အဓိကပညဝါ။**

**ဣမိနာ ပုညကမ္မေန** = ဓမ္မခင်မင်၊ သူတော်စင်တို့၊ များစွာကောင်းကျိုး၊ ပွားတိုးစေရန်၊ ဆန္ဒမွန်ဖြင့်၊ လွန်စွာကြိုးကုတ်အားထုတ်ပါရ၊ ဤကောင်းမှုကံ စေတနာကြောင့်။

**နိဗ္ဗုတိံ** = ရာဂ, ဒေါသ၊ မောဟထိန်ညီး၊ ဆယ်တစ်သီးသောမီးတို့၏၊ ငြိမ်းအေးရာမှန်၊ ပြည်နိဗ္ဗာန်ကို။

**သီယံ** = အလျင်အမြန်၊ မနှေးကန်ဘဲ။

**ပပ္ပေါမိ** = မချွတ်မသွေ၊ ရောက်ရပါလို၏။


**အန္တရာ** = နိဗ္ဗာန်မရမှီ၊ အလီလီများ၊ သံသရာခရီးအကြား၌။

**ဇာတိဇာတီသု** = ဖြစ်တိုင်းဖြစ်တိုင်းသောဘဝတို့၌

**အဓိကပညဝါ** = များလူကောင်းကျိုး၊ သယ်ပိုးနိုင်ရန်၊ ထေမွန်ဉက္ကဋ္ဌ၊ ပုဂ္ဂိုလ်မြတ်သည်။

**ဘဝေ-ဘဝါမိ** = မုချမသွေ ဖြစ်ရပါလို၏။

**“အဘိဓမ္မာစာတ် တရားမြတ် လွှမ်းပတ်ကမ္ဘာ တည်စေသော်ဝ်”**



12.12.2014

**ဘဒ္ဒန္တသုစိတ္တာဘိဝံသ**
(နာယကချုပ်ဆရာတော်)
အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ်၊ ရန်ကုန်။
၆၁-ရပ်ကွက်၊ စစ်တောင်းလမ်း၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်။
ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၉. ၅၀၅၁၁၉၄

http://www.dhammadownload.com

# အဘိဓမ္မာ သာသနာ မှန်စွာပြုကြစို့

==========================

၁။ အဘိဓမ္မာဆိုတာ - သံသရာလမ်းညွှန်မို့ -
လူတိုင်းလူတိုင်း တတ်သင့်သည်။

၂။ လောကလူ့ရွာ - အများစုက -
ကာမဂုဏ်တို့ဖြင့် ပျော်ကြသည်။

၃။ အဘိဓမ္မာ - ဓမ္မဝတ်ဖြင့် -
ထိန်းကွပ်ပေးမှ တော်လိမ့်မည်။

၄။ အဘိဓမ္မာ - နားလည်သိမှ -
တကယ့်အစစ် ပျော်တတ်မည်။

၅။ လောက လူ့ရွာ - ကမ္ဘာကြီးမှာ -
အဝိဇ္ဇာအမှောင်ထု လွှမ်းနေသည်။

၆။ အဘိဓမ္မာဉာဏ်ရောင် - ထွန်းပြောင်တောက်မှ -
ဝိဇ္ဇာအလင်းခေတ် ရောက်ရှိမည်။

၇။ အဘိဓမ္မာဉာဏ် - အခံရှိမှ -
လုပ်ဆောင်သမျှ ပြစ်ကင်းမည်။

၈။ အဘိဓမ္မာ - အခြေခံရှိမှ - အယူဝါဒသန့်ရှင်းမည်။

၉။ သာသနာအရှည် - မျှော်ကာတွေးလို့ -
ဓမ္မဒေါင်းလုပ်က ကြိုးပမ်းသည်။

၁၀။ သုစိတ္တဆရာ - လမ်းညွှန်ပြလို့ -
အဘိဓမ္မာသင်တန်း ဖွင့်ကြသည်။

၁၁။ အဘိဓမ္မာတန်ခိုး - လွှမ်းကာမိုး -
အဖိုးတန်လှသည်။

၁၂။ အဲဒါကြောင့် - ငါတို့ကြိုးပမ်း ဝန်ကိုထမ်း -
လက်ကမ်းဆက်ပါမည်။